**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

မချွတ်မယွင်းတရားနှင့်အညီ သူတစ်ပါးတို့ကို အနိုင်အရှုံးဆုံးဖြတ်ပေးသော ပညာရှိကို တရားစောင့်သော၊ တရား၌တည်သော တရားသူကြီးဟု ဆိုအပ်၏။ ဓမ္မပဒ

# မြဝတီ နေ့စဉ်

မှန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၁၀)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်
၂၀၂၆ ခုနှစ်၊ မေ ၂၈ ရက်၊ အင်္ဂါနေ့


# ၂၀၂၆ ခုနှစ်၊ နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား၊ ကျောင်းသူ လူငယ်များအတွက် ရေကြောင်းနှင့်လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများ စတင်ဖွင့်လှစ်

နေပြည်တော် မေ ၂၇

ကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများတိုးပွားစေရန်၊ အားလပ်ရက်များကို အကျိုးရှိစွာ အသုံးချနိုင်စေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန် ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးတွင် ရေကြောင်းပို့ဆောင်ရေးကဏ္ဍအရေးပါကြောင်း လူငယ်များ သိရှိနားလည်စေရန်၊ လှေလှော်အားကစားနည်း၊ ရွက်တိုက်အားကစားနည်းများအတွက် ထူးချွန်သည့် အားကစားသမားများမွေးထုတ်ပေးရန် စသည့်ရည်ရွယ်ချက်များဖြင့် စာမျက်နှာ ၁၆ ကော်လံ ၁ ➤



ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၆)သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် သင်ထောက်ကူပစ္စည်းများအား သင်တန်းသားများက လှည့်လည်ကြည့်ရှုစဉ်။



## ကမ္ဘာ့ရှားပါးမျိုးစိတ် မြန်မာ့မျိုးရင်း ကြယ်လိပ်နှင့် တိုက်လိပ်များကို မျိုးရင်းဇီဝရတနာများအဖြစ် ထိန်းသိမ်းကာကွယ်ထား

ရန်ကုန် မေ ၂၇

မြန်မာနိုင်ငံ၌သာတွေ့ရသော ကမ္ဘာ့ရှားပါးမျိုးစိတ်ဖြစ်သည့် ကြယ်လိပ်နှင့် တိုက်လိပ်ကို မြန်မာ့မျိုးရင်းဇီဝရတနာများအဖြစ် ထိန်းသိမ်းကာကွယ်ထားကြောင်း သိရသည်။

ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝသောမြန်မာနိုင်ငံသည် မြစ်၊ ချောင်း၊ အင်း၊ အိုင် ပေါများမှုကြောင့် ကုန်းနေရေနေသတ္တဝါများကျက်စားလျက်ရှိရာ ရှားပါးမျိုးစိတ်ဖြစ်သည့် ကြယ်လိပ်ကို မန္တလေး၊ စစ်ကိုင်းနှင့်မကွေးတိုင်းဒေသကြီးတို့တွင် အများဆုံး ထိန်းသိမ်းကာကွယ်ထားသည်။ ကြယ်လိပ်သည် မေလမှ စက်တင်ဘာလအတွင်း ဥဥလေ့ရှိပြီး တစ်နှစ်လျှင် လေးကြိမ်၊ စာမျက်နှာ ၃ ကော်လံ ၃ ➲


**ဆောင်းပါး**

ရေကြောင်းလူငယ်မှစချီ အနာဂတ် ကြယ်ပွင့်များဆီသို့ စာ - ၁၂ သို့

နိုင်ငံတော်တည်ငြိမ်ရေးနှင့်နယ်မြေအေးချမ်းသာယာရေးတို့အတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့သည့်ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆို စာ - ၆ သို့





## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဧပြီ ၂၈ ရက်)

# လူငယ်မောင်မယ်များအတွက် ရေကြောင်းနှင့်လေကြောင်းပညာ

ပညာဆိုသည်မှာ သင်ယူ၍မကုန်နိုင်သောအရာများဖြစ်သည်။ ပြီးဆုံးသွားသည်မရှိဘဲ အမြဲတမ်း လေ့လာမှတ်သားနေရသည်။ လူငယ်ဆိုသည်မှာ အနာဂတ်မြန်မာနိုင်ငံတော်တွင် ကျရာတာဝန်များကို ထမ်းဆောင်ကြရမည့်သူများဖြစ်သည်။ ထိုသို့ထမ်းဆောင်ရာတွင် တာဝန်ကိုကျေပွန်စွာ၊ ပညာရပ်ကို တတ်မြောက်စွာထမ်းဆောင်နိုင်ရန် အရေးကြီးလှသည်။ လူငယ်တို့သည် အချိန်ကိုအလဟဿမဖြစ်စေဘဲ မိမိအတွက်ကောင်းကျိုးတိုးပွားစေမည့်ပညာရပ်များ လေ့လာမှတ်သားသင်ယူနေရမည်ဖြစ်သည်။

ယခုအခါ နွေရာသီကျောင်းပိတ်ရက်များအတွင်း လူငယ်မောင်မယ်များအတွက် တပ်မတော်မှနှစ်စဉ် ဖွင့်လှစ်ပေးလျက်ရှိသည့် ရေကြောင်းလူငယ်သင်တန်းများ၊ လေကြောင်းလူငယ်သင်တန်းများကို စိတ်ဝင်စားစွာတက်ရောက်ကြရတော့မည်ဖြစ်သည်။ လူငယ်တို့၏ တက်ကြွသောအားမာန်များ၊ စည်းလုံးညီညွတ်သောဆောင်ရွက်မှုများကို မြင်တွေ့ရတော့မည်ဖြစ်သည်။ စည်းကမ်းစနစ်ကျနစွာနေထိုင်သွားလာမှုဖြင့် ဘဝအတွက်တန်ဖိုးရှိသောပညာရပ်များကို တပ်မတော်သားများက သင်ကြားပို့ချပေးတော့မည်ဖြစ်သည်။ မတတ်သေးသည့်ပညာရပ်ကိုတတ်မြောက်ခြင်း၊ မသိသေးသည့်အကြောင်းအရာကို သိရှိရခြင်းတို့မှာ လူငယ်မောင်မယ်တို့အတွက် ဗဟုသုတတိုးပွားဖွယ်ရလဒ်ကောင်းများဖြစ်ပေသည်။

၂၀၂၆ ခုနှစ် နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း ကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို အသိပညာများဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များကိုအကျိုးရှိစွာအသုံးချနိုင်စေရန်၊ မိမိဝါသနာပါသည့်ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက်ရေကြောင်းပညာနှင့် လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များပေါ်ထွန်းလာစေရန် ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၂၆)နှင့် ရေကြောင်းလူငယ်တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၆)ကိုလည်းကောင်း၊ တပ်မတော်(လေ)က လေကြောင်းလူငယ်အခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၂၆)နှင့် လေကြောင်းလူငယ်တန်းမြင့်သင်တန်းအမှတ်စဉ်(၁/ ၂၀၂၆)တို့ကိုလည်းကောင်း ဧပြီလ ၂၇ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးနေပြီဖြစ်သည်။

ပင်လယ်ရေကြောင်းပညာများကို စိတ်ပါဝင်စားပြီး နိုင်ငံတော်အတွက် စိတ်ဓာတ်စည်းကမ်းကောင်းမွန်၍ ကျန်းမာကြံ့ခိုင်သည့် ထူးချွန်ထက်မြက်သောလူငယ်လူရွယ်များပေါ်ထွန်းလာစေရန်၊ ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးတွင် ရေကြောင်းပို့ဆောင်ရေးကဏ္ဍအရေးပါကြောင်း လူငယ်များ သိရှိနားလည်စေရန်၊ လှေလှော်အားကစားနည်း၊ ရွက်တိုက်အားကစားနည်းများအတွက် ထူးချွန်သည့် အားကစားသမားများမွေးထုတ်ပေးရန် စသည့်ရည်ရွယ်ချက်များဖြင့် တပ်မတော်(ရေ)က ကျောင်းသား၊ ကျောင်းသူလူငယ်မောင်မယ်များအတွက် ရေကြောင်းလူငယ်သင်တန်းများကို ဖွင့်လှစ်ခြင်းဖြစ်သည်။

အလားတူ လေကြောင်းပညာသမိုင်းကိုလေ့လာခြင်းဖြင့် လေကြောင်းနှင့်အာကာသပညာရပ်များတွင် စိတ်ဝင်စားမှုတိုးပွားလာစေရန်၊ လေယာဉ်ပျံသန်းမှုနှင့်သက်ဆိုင်သောပညာရပ်များကို တတ်သိနားလည်ခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းစဉ်များတွင် အထောက်အကူဖြစ်လာစေရန်၊ စိတ်ဓာတ်၊ စည်းကမ်းနှင့် ကိုယ်လက်ကြံ့ခိုင်မှုကောင်းမွန်မြင့်မားပြီး စည်းလုံးညီညွတ်စွာပူးပေါင်းဆောင်ရွက်မှု အလေ့အကျင့်ရရှိစေရန်၊ လူငယ်များ၏ဝါသနာအား ပြုစုပျိုးထောင်မြှင့်တင်ပေးရန်၊ မျိုးဆက်သစ်လူငယ်များယုံကြည်ချက်၊ ခံယူချက်မြင့်မားပြီး အနာဂတ်တပ်မတော်နှင့် နိုင်ငံတော်တည်ဆောက်ရေးအတွက် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်ရည်ရွယ်၍ တပ်မတော်(လေ)က လေကြောင်းလူငယ်သင်တန်းများကို ဖွင့်လှစ်ပေးခြင်းဖြစ်သည်။

နိုင်ငံတော်နှင့်တပ်မတော်အနေဖြင့် လူငယ်များအသိအမြင်ပွင့်လန်းကာ အခွင့်အလမ်းများကို လက်လှမ်းမီနိုင်ရန်အတွက် လူငယ်များ၏အရည်အသွေးစွမ်းဆောင်ရည်နှင့်စိတ်ဓာတ်များကို မြှင့်တင်ပေးလျက်ရှိသည်။ တပ်မတော်သည် ပြည်သူလူထုနှင့်တစ်ဆက်တည်းရှိနေပြီး တပ်မတော်၏ဆောင်ရွက်ချက်မှန်သမျှမှာ မိမိနိုင်ငံ၊ မိမိလူမျိုး ကောင်းကျိုးအတွက်သာဖြစ်သည်။ ထို့ကြောင့် တပ်မတော်ကို လူငယ်မျိုးဆက်သစ်အဆက်ဆက်က ဆက်လက်တာဝန်ယူကာ နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။ လူငယ်မောင်မယ်များအား ရေကြောင်းလူငယ်သင်တန်းများ၊ လေကြောင်းလူငယ်သင်တန်းများ ဖွင့်လှစ်ပို့ချပေးနေသည်မှာ မျိုးဆက်သစ်တို့ဆက်လက်ထမ်းဆောင်ရမည့် လက်ဆင့်ကမ်းအမွေကို ပေးဝေလို၍ဖြစ်သည်။

တပ်မတော်သားတို့၏ နေ့စဉ်လှုပ်ရှားဆောင်ရွက်နေမှုများ၊ ပညာရပ်အလိုက် တာဝန်ထမ်းဆောင်နေမှုများကို သင်တန်းသားလူငယ်မောင်မယ်တို့သိရှိကြရမည်ဖြစ်သည်။ တပ်မတော်သားတို့၏ဘဝကို နားလည်စာနာခြင်းနှင့်အတူ ငါတို့သည်လည်း နိုင်ငံတော်ကိုကာကွယ်သူများ၊ စောင့်ရှောက်သူများဖြစ်အောင် ကြိုးစားမည်ဟူသော အသိစိတ်ဓာတ်ရရှိမည်ဖြစ်သည်။ လူငယ်တိုင်းမှာ မိမိတို့အနာဂတ်ကို မိမိတို့ကိုယ်တိုင် ဖန်တီးတည်ဆောက်ရမည်ဖြစ်သည်။ ထိုသို့ဖန်တီးတည်ဆောက်ရာတွင် ပညာပြည့်ဝနှလုံးလှနေရန်လိုအပ်သည်။ ထို့ကြောင့် နိုင်ငံတော်နှင့်တပ်မတော်က မျိုးဆက်သစ်လူငယ်မောင်မယ်များအတွက် ရေကြောင်းဆိုင်ရာပညာရပ်များ၊ လေကြောင်းဆိုင်ရာပညာရပ်များကို သဘောတရားနှင့်လက်တွေ့ပေါင်းစပ်ကာ သင်ကြားပေးနေခြင်းဖြစ်ပေရာ လူငယ်မောင်မယ်များကလည်း ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးစားသင်ယူကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ကန့်ဘလူမြို့နယ်၌ နေကြာရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

ကန့်ဘလူ ဧပြီ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သောနေကြာ ရာနှုန်းပြည့်ဧက ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စာရင်းများအရ သိရသည်။

ကန့်ဘလူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာသီးနှံ ၂၉၃၈ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါစိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင်၍ ရိတ်သိမ်းခဲ့ကြရာ ယနေ့ထိ ရာနှုန်းပြည့်ဧကရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၂၁ ဒသမ ၃၆ တင်းထွက်ရှိသည်။

"ကန့်ဘလူမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နေကြာသီးနှံ ၂၉၃၈ ဧကအထိပဲ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့နေကြာခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကိုလျှော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးရေးဆောင်ရွက်ပေးတယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များတယ်။ နေကြာကို မိုးမှာထက် ဆောင်းမှာအဓိကထားပြီး စိုက်ကြတာပါ"ဟု ကန့်ဘလူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်ကပြောသည်။

ကန့်ဘလူမြို့နယ်၌ နေကြာသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ပေးကာ ဝန်ထမ်းနှင့်နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အသိပညာပေးဆောင်ရွက်သည်။

ကန့်ဘလူမြို့နယ်၌ နေကြာသီးနှံစိုက်ပျိုးမည့် တောင်သူများကိုမျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ ယူရီးယား ဓာတ်မြေဩဇာများ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေးစီမံထားပြီး ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှတောင်သူ ဖလှယ်သည့်နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

(၄၀၉)

# သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်

ကလော ဧပြီ ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ဟဲဟိုးမြို့ တိုက်နယ်ကျန်းမာရေးဌာနခန်းမဆောင်၌ ဧပြီလ ၂၆ ရက်နံနက်ပိုင်းတွင် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(မန္တလေး)မှ ပါမောက္ခဆရာဝန်ကြီးနှင့်အဖွဲ့က ကလောမြို့နယ်အတွင်းရှိမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများသို့ကွင်းဆင်းကာ ဒေသခံ တိုင်းရင်းသားပြည်သူများအား သွားနှင့်ခံတွင်းဆိုင်ရာ ရောဂါဝေဒနာရှင်များအား အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(မန္တလေး)မှ သွားဘက်ဆိုင်ရာ ပါမောက္ခ ဒေါက်တာမောင်မောင်မြင့် ဦးဆောင်သော ဘွဲ့လွန်သင်တန်းသားဆရာဝန် ၄၈ ဦးတို့က ဒေသခံ တိုင်းရင်းသားပြည်သူများအား သွားနှင့်ခံတွင်းဆိုင်ရာများ၊ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးဝါးများကုသပေးခြင်းများ ပြုလုပ်ဆောင်ရွက်ပေးရာ အမျိုးသား ၇၇ ဦး၊ အမျိုးသမီး ၁၁၃ ဦး စုစုပေါင်း ၁၉၀ ဦး လာရောက်ဆေးဝါးကုသမှုခံယူကြရာ မြို့အုပ်ချုပ်ရေးမှူး ဦးဇော်မိုးနှင့်တာဝန်ရှိသူများက လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ကလောမြို့နယ်အတွင်းရှိ အောင်ပန်းမြို့၊ ဟဲဟိုးမြို့၊ အင်းခေါင်းကျေးရွာ၊ ပင်မှီကျေးရွာနှင့် ပိန္နဲပင်ကျေးရွာတို့တွင်လည်း သွားနှင့်ခံတွင်းဆိုင်ရာ ဝေဒနာရှင်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၆၀၃)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၈-၄-၂၀၂၆(အင်္ဂါနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၅ | တရားတော် | ၁၀။ | ၁၃:၁၅ | တစ်ပတ်အတွင်း ထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက် |
| ၂။ | ၀၆:၅၀ | ဓမ္မပူဇာတေး | | | |
| ၃။ | ၀၇:၀၅ | နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ | ၁၁။ | ၁၄:၃၀ | အဟောင်းထဲမှ အကောင်းဆုံးတေးသီချင်းကဏ္ဍ |
| ၄။ | ၀၇:၁၅ | ကိုယ်လက်လှုပ်ရှားအားကစား | ၁၂။ | ၁၆:၄၀ | ကျန်းမာခြင်းအတွက် တွေးခေါ်ခြင်း |
| ၅။ | ၀၈:၂၀ | မျိုးချစ်တပ်မတော် | | | |
| ၆။ | ၀၈:၃၀ | မောင်မယ်လေးများသိစေချင် | ၁၃။ | ၁၇:၁၅ | နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ |
| ၇။ | ၀၈:၅၀ | ၁၂ လရာသီမှတ်တမ်း | | | |
| ၈။ | ၁၀:၃၀ | သစ်တောသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် | ၁၄။ | ၁၈:၃၀ | ယဉ်ကျေးမှုအမွေ မြန်မာစာပေ |
| | | | ၁၅။ | ၁၉:၀၀ | **CGTN NATURE (12)** |
| ၉။ | ၁၀:၄၅ | စိုက်ပျိုးသုတ | ၁၆။ | ၂၀:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |

မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

# ကမ္မဖလ

**တင့်တယ်**

**ယမန်နေ့မှအဆက်**

ကျွန်ုပ်၏ လက်ရှိအခြေကို အနည်းငယ်ရှင်းပြဖို့ လိုပေလိမ့်ဦးမည်ထင်၏။ ကျွန်ုပ်ကား ငွေဆယ်သိန်းခန့် ချမ်းသာလျက် သံလွင်မြစ်ဝှမ်းတစ်လျှောက်၌သာမက မြန်မာတစ်နိုင်ငံလုံး၌ပင် သူဌေးကြီး 'ဦးကံကောင်း' ဟူသောအမည်ဖြင့် ထင်ရှားကျော်စောသောပုဂ္ဂိုလ်ဖြစ်ပေသည်။ သို့နေရာက ကျွန်ုပ်မှာ ဆန်စက်ပိုင်ရှင် ဦးစိန်မောင်ဆိုသူ သေဆုံးရသည့်အမှု၌ အခြောက်တိုက်တရားခံဘဝသို့ရောက်ရပြီးလျှင် ယခုအခါ ကြိုးဒဏ်ကြီးချမှတ်ထားခြင်းကို ခံနေရပေပြီ။ စင်စစ်တွင် ကျွန်ုပ်သည် ဆန်စက်ပိုင်ရှင် ဦးစိန်မောင်ကို သတ်ခဲ့သူမဟုတ်ပေ။ ဤစကားသည် အမှန်ပင်ဖြစ်၏။ ဦးစိန်မောင်ကို ကျွန်ုပ် အကယ်တန္တိပင်မသတ်ဖြတ်ခဲ့ပါ။ သို့သော် . . . ဦးစိန်မောင်သေဆုံးရသောအမှုတွင် ပတ်ဝန်းကျင်သက်သေအထောက်အထားအားလုံးတို့သည် ဦးစိန်မောင်အား ကျွန်ုပ်သတ်ပါသည်ဟူ၍ အခိုင်အလုံ သက်သေခံ၍နေကြ၏။ ပတ်ဝန်းကျင်အထောက်အထားသက်သေခံချက် အားလုံးတို့အတိုင်းသာဆိုလျှင် ဦးစိန်မောင်အား ကျွန်ုပ်မသတ်လျှင် သိကြားဆင်း၍သတ်သည်ဟုသာ ဆိုစရာဖြစ်နေ၏။ ထို့ကြောင့် စက်ရှင်တရားသူကြီးသည် အမှုခိုင်လုံလှသောကြောင့် ကျွန်ုပ်အား လူသတ်မှုဖြင့် ကြိုးမိန့်ပေးရ၏။ အခြားလမ်းမရှိပေ၊ သက်သေအထောက်အထားများ၏ ထွက်ချက်၊ ပတ်ဝန်းကျင်အခြေအနေများအရဆိုလျှင် ဦးစိန်မောင်ကို ကျွန်ုပ်သတ်သည်မှာ လယ်ပြင်၌ဆင်သွားသကဲ့သို့ ထင်ရှားနေ၏။ သို့သော် ... ဦးစိန်မောင်ကို ကျွန်ုပ်သတ်ရန်လည်း စိတ်မကူး ... သတ်လည်း မသတ်ခဲ့ပေ။



မည်သို့ပင်ဖြစ်စေကာမူ ကြိုးဒဏ်ခံနေရသော ကျွန်ုပ်မှာ ကြိုးဒဏ်ခံနေရသည်အမှန်သာဖြစ်၏။ ကြိုးဒဏ်ကြီးကို ခံ၍နေရသောကြောင့် ခါတိုင်း၌ ထောင်ကြီးချုပ် ရိုးရိုးအကျဉ်းသမားတန်းလျား၌ နေရရာက ယခုမူကား . . . သေမင်းခံတွင်းသို့ ခြေတစ်ဖက်နင်းနေသူ တရားခံတို့ကိုထားရာ ကြိုးတိုက်အတွင်းသို့ပင်ရောက်နေပေပြီ။ သို့သော် ကျွန်ုပ်ကား ငွေဆယ်သိန်းခန့် ချမ်းသာကြွယ်ဝသော သူဌေးကြီးတစ်ဦးဖြစ်သဖြင့် အခြားလူသတ်မှုတရားခံတို့နှင့်ကား ကွာသည့်နေရာများ၌ အလွန်ကွာခြားနေပေ၏။ ကျွန်ုပ်၌ ငွေရှိ၏။ ထို့ပြင် ကျွန်ုပ်၌ အာဏာကြီးများကို လက်ကိုင်ရရှိထားသော မိတ်ဆွေကောင်းများလည်းရှိ၏။ ထိုငွေနှင့်အာဏာတို့၏ အထောက်အကူကြောင့် ကျွန်ုပ်မှာ လူသတ်မှုတရားခံဖြစ်ခဲ့ရလင့်ကစား ခေါင်းတုံးမရိတ်ခဲ့ရ၊ ထောင်ထမင်း၊ ထောင်ဟင်းမစားခဲ့ရ၊ စီးကရက်နှင့်အရက်များပင် ရနိုင်ခဲ့လေသေးသည်။ သာမန်အကျဉ်းထောင်ကြီးချုပ်မှ ကြိုးတိုက်သို့ ရွှေ့လာခဲ့ရသည့်တွင်လည်း ကျွန်ုပ်၏အခြေအနေမှာ ပို၍ဆင်းရဲမသွားပေ။ ထောင်ချုပ်ရိုးရိုး၌ နေရသလိုပင် ချောင်လည်ပေသည်။ ကြိုးတိုက်တွင်း၌ပင် စာရေးစားပွဲ၊ စက္ကူ၊ ဖောင်တိန်အသင့်ရောက်နေသေး၏။

ဤကဲ့သို့ ငွေနှင့်အာဏာ၏ တန်ခိုးရှိန်စော်အာနုဘော်ကြောင့် ကျွန်ုပ် ဤမျှသက်သာချောင်ချိစွာ ကြိုးတိုက်ထဲ၌နေရသော်လည်း ကျွန်ုပ်မှာ စင်စစ်တွင် သေမင်းခံတွင်းသို့ ခြေတစ်ဖက်နင်းနေသူ လူသတ်တရားခံကြိုးကျပြီးသူသာ ဖြစ်ချေသည်။ ဤကြိုးဒဏ်ကြီးမကျရောက်စေရန် အမှုစစ်စဉ်က ကျွန်ုပ်သည် ငွေကိုရေလိုသုံး၍ အကောင်းဆုံးဝတ်လုံကြီးများဖြင့် ခုခံခဲ့၏။ ခပ်ရှင်းရှင်းရေးရလျှင် စက်ရှင်တရားသူကြီးကိုပင် သိန်းဂဏန်းထိ ငွေလုံးပေါက်၍ သေဒဏ်အစား တစ်နည်းတစ်ဖုံ အခြားအပြစ်ဒဏ်ကို ချမှတ်စေရန် ကြိုးစားသွေးဆောင်ခဲ့သေး၏။ သို့ရာတွင် ပြစ်မှုမှာ သက်သေခံအထောက်အထား ပတ်ဝန်းကျင်အခြေအနေများအရဆိုလျှင် ဆန်စက်ပိုင်ရှင် ဦးစိန်မောင်ကို ကျွန်ုပ်သတ်ကြောင်း ထင်ရှားလွန်းမက ထင်ရှားနေသောကြောင့်တစ်ကြောင်း၊ တရားဌာန၏ ရိုးဖြောင့်မှန်ကန်မှုကို ကျွန်ုပ်၏ငွေနှင့်အာဏာပိုင်မိတ်ဆွေများကပင် မထိုးဖောက်နိုင်ကြသောကြောင့်တစ်ကြောင်း ကျွန်ုပ်၏အသက်ကို ငွေနှင့်စက်၍ဝယ်ရန် ကြိုးစားခဲ့စေကာမူ အချည်းနှီးသာဖြစ်ရလေသည်။ အမှုသွားမှာ ဤမျှခိုင်လုံနေ၏။ သို့သော် ဦးစိန်မောင်ကိုကား ကျွန်ုပ်မသတ်ရိုးအမှန်ပင်ဖြစ်၏။

ကျွန်ုပ်တွင် ယခု အယူခံရက်လေးဆယ်ရှိ၏။ အယူခံနေစဉ်၌လည်း ရက်ပိုတွေ ထွက်လာဦးမည်ဖြစ်၏။ သို့သော် ကျွန်ုပ် ယခုကြိုးဒဏ်ခံရသောအမှုမှာ မည်သို့အယူခံဝင်သော်လည်း အယူခံအပယ်ခံရမည်မှာ သေချာ၏။ ကျွန်ုပ်၏ဝတ်လုံများက အယူခံရန် အားတက်သရောပြောကြ၏။ အယူခံဝင်သော်လည်း အပယ်ခံရမည်ကို ကျွန်ုပ်သိသည့်နည်းတူ ကျွန်ုပ်၏ဝတ်လုံများလည်း သိကြသည်။ သို့သော် ကျွန်ုပ် အားရှိစေရန်သာလျှင် ဝတ်လုံတို့က အယူခံဖို့ စိုင်းပြင်းစီစဉ်နေကြ၏။ အကြောင်းကား ထူးဖို့မရှိပေ။ အဘယ်ကြောင့်ဆိုသော် . . . သက်သေခံအထောက်အထားတို့ ခိုင်လုံလှပေသည်။

အယူခံကိုပယ်၍ အချခံရလျှင် သမ္မတထံ အသနားခံစာ တင်နိုင်သေး၏။ အသနားခံစာတင်သည့်ကိစ္စကား လွယ်သည့်ကိစ္စမဟုတ်ပေ။ စက်ရှင်တရားသူကြီး၏စီရင်ချက်ကို တရားလွှတ်တော်ချုပ်ကပင် မပြင်မဆင်ဘဲ အယူခံပယ်ချထားသည့်အခြေကို ရောက်မှ အသနားခံစာဖြင့် အသက်ဘေးလွတ်ရသူတို့ကား တစ်ရာမှာ တစ်ယောက်ခန့်သာရှိပေမည်။ ကျွန်ုပ်ကား ဘယ်နည်းနှင့်မျှ ထိုတစ်ယောက်မဖြစ်နိုင်။ အဘယ်ကြောင့်ဆိုသော် အမှုသွားမှာ ဘယ်ဘက်ကပင်လှည့်၍စဉ်းစားစေကာမူ သက်သေအထောက်အထား ပတ်ဝန်းကျင်အခြေအနေတို့အရဆိုလျှင် ကျွန်ုပ်သည် ဆန်စက်ပိုင်ရှင် ဦးစိန်မောင်အား ကြိုတင်ကြံစည်၍ သွေးအေးအေးဖြင့် မသေသေအောင် သတ်ဖြတ်သည်ဟူသောအချက်မှာ အထင်းသားပေါ်နေ၏။ စင်စစ်၌ ကျွန်ုပ်သည် ဆန်စက်ပိုင်ရှင် ဦးစိန်မောင်ကို မသတ်ရိုးမှန်၏။ အမှုသွားအရဆိုလျှင်ကား ကျွန်ုပ်သတ်ကြောင်းမှာ မြေကြီးလက်ခတ်မလွဲဖြစ်နေ၏။ ထို့ကြောင့် အသနားခံစာတင်သော်လည်း တစ်လ လေးသီတင်းခန့်ပို၍ အသက်ရှည်ရမည်ကလွဲလျှင် ဘာမျှအကျိုးထူးမည်မဟုတ်သည်ကို ကျွန်ုပ်ကောင်းစွာရိပ်မိထားပေသည်။

အခြားတစ်ချက်ကား ကျွန်ုပ်အား ကြိုးတိုက်တွင်း၌ပင် စားပွဲ၊ ကုလားထိုင်၊ ခုတင်တို့နှင့် ကြိုးစင်မတက်ရမီရက်များအတွင်း၌ ချောင်ချိစွာ အကျအနနေနိုင်စေသော ငွေနှင့်အာဏာတို့၏ တန်ပြန်ဟပ်မှုပင်ဖြစ်၏။

ကျွန်ုပ် တရားခံဖြစ်ရသော ဆန်စက်ပိုင်ရှင် ဦးစိန်မောင်သတ်မှုမှာ နိုင်ငံရှိ သတင်းစာတိုင်းကပင် အကြီးအကျယ်ရေးသားနေကြပေရာ အမှုစစ်ဆေးသမျှကိုလည်း လုံးစေ့ပတ်စေ့ နေ့စဉ်ဖော်ပြနေကြ၏။ ထို့ကြောင့် သက်သေထွက်ချက် ပတ်ဝန်းကျင်အထောက်အထားအားလုံးတို့အရ ဦးစိန်မောင်ကို ကျွန်ုပ်သတ်သည်ဟူသောအချက်မှာ တစ်နိုင်ငံလုံးသိ၍နေကြပေရာ အကယ်၍ ကျွန်ုပ်အား ကြိုးဒဏ်မပေးဘဲ အခြားအပြစ်ဒဏ်ကိုပေးလိုက်ပါက တရားဌာန၌ အဂတိလိုက်စားမှုရှိသည်ဟု တစ်နိုင်ငံလုံးက ယူဆပေတော့မည်။ မယူဆစရာလည်း အကြောင်းမရှိ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်မှာ ငွေဆယ်သိန်းခန့် ချမ်းသာသူလည်းဖြစ်နေပြန်၏။ အာဏာပိုင်မိတ်ဆွေများလည်း ရှိနေပြန်၏။ ဤမျှထင်ရှားသောအမှုတွင်မှ ကျွန်ုပ်အား သေဒဏ်မပေးလျှင် တရားဌာနဖောက်ပြန်သည်ဟု တစ်နိုင်ငံလုံးက မထင်ဘဲ နေနိုင်ပါမည်လော။ ထို့ကြောင့်ပင် ကျွန်ုပ်အား စစ်ဆေးအပြစ်ပေးရသော စက်ရှင်တရားသူကြီးမှာ အလွန်သတိကြီးစွာထားလျက် စစ်ဆေးခဲ့၏။

**ဆက်လက်ဖော်ပြပါမည်။**

---

## မြေသားမိုးရေလှောင်ကန်ပြုပြင်တူးဖော် ဆောင်ရွက်နိုင်ရေး ကြည့်ရှုစစ်ဆေး

ရမည်းသင်း ဧပြီ ၂၇

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရမည်းသင်းမြို့နယ် သစ်ဆုံလေးကျေးရွာ၌ မြေသားမိုးရေလှောင်ကန်ပြုပြင်တူးဖော်ဆောင်ရွက်နိုင်ရေးအတွက် ဧပြီလ ၂၇ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ရမည်းသင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်အောင်နှင့်ဝန်ထမ်းများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြေသားမိုးရေလှောင်ကန်ပြုပြင်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရေး လက်ရှိမြေပြင်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ မှာကြားသည်။

အဆိုပါသစ်ဆုံလေးကျေးရွာ၌ မြေသားမိုးရေလှောင်ကန် အလျားပေ ၃၀၀၊ အနံပေ ၁၅၀၊ အနက် ၅ ပေ တိုးချဲ့ပြုပြင်ခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး လက်ရှိတွင် အဆိုပါလုပ်ငန်းအတွက် တင်ဒါခေါ်ယူလျက်ရှိကြောင်း၊ လုပ်ငန်းဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၁၆၁ အိမ် လူဦးရေ ၈၅၀ ဦးတို့အတွက် ရာသီမရွေး သောက်သုံးရေများ အဆင်ပြေစွာရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

## Fire Hotspot ဖြစ်ပွားမှုလျော့နည်းပပျောက်ရေးနှင့် တောမီးလောင်မှု မရှိစေရေး ထိန်းသိမ်းကာကွယ်ခြင်း အသိပညာပေးဟောပြော



ကျိုက်ထို ဧပြီ ၂၇

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ Fire Hotspot ဖြစ်ပွားမှုလျော့နည်းပပျောက်ရေးနှင့် တောမီးလောင်မှုမရှိစေရေး ထိန်းသိမ်းကာကွယ်ခြင်း အသိပညာပေးဟောပြောပွဲကို ဧပြီလ ၂၆ ရက်က ကျိုက်ထိုမြို့နယ် ကော့ဘိန်းကျေးရွာရှိ အောင်ဦးအထပ်သားစက်ရုံ၌ ပြုလုပ်သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ကျိုက်ထိုမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းအောင်နိုင်က သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေး၊ Fire Hotspot ဖြစ်ပွားမှုလျှော့ချရေးတို့ကို ဟောပြောဆွေးနွေးပြီး တက်ရောက်လာသည့် စက်ရုံဝန်ထမ်းများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ၏ သိရှိလိုသည်များကို ပြန်လည်ဖြေကြားပေးသည်။ ထို့နောက် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများက အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြသည်။

ဟောပြောပွဲသို့ ကျိုက်ထိုမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ အောင်ဦးအထပ်သားစက်ရုံမှ တာဝန်ခံနှင့်ဝန်ထမ်းများ၊ ကော့ဘိန်းကျေးရွာနှင့် ပျဉ်းမစခန်းကျေးရွာတို့မှ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြကြောင်း သိရသည်။ **ချမ်းမြေ့**

# စိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ထုတ်ချေးရေးနှင့် လယ်ယာသုံးစက်ကိရိယာ ချေးငွေများ ထုတ်ချေးရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော်  ဧပြီ  ၂၇

ပြည်ထောင်စုအစိုးရအဖွဲ့၏ ရက်ပေါင်း ၁၀၀ အတွင်း ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက ဆောင်ရွက်မည့် စိုက်ပျိုးစရိတ်ချေးငွေတိုးမြှင့်ထုတ်ချေးရေးနှင့် လယ်ယာသုံးစက်ကိရိယာချေးငွေများထုတ်ချေးရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ် (၂၆)ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းနှင့် ဦးဟန်ဝင်းအောင်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ တိုင်းဒေသကြီး/ ပြည်နယ်ဘဏ်ခွဲများမှ ခရိုင်ဘဏ်ခွဲမန်နေဂျာများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတ၏လမ်းညွှန်ချက်ဖြစ်သည့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးကို အလေးထား၍ ဦးစားပေးဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ပြည်သူများဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ တောင်သူလယ်သမားများ၏ ဘဝမြှင့်တင်ရေးသည် အဓိကကျသည့် ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် နိုင်ငံဖြစ်၍ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် စက်မှုလုပ်ငန်း (Agro-based Industry) ကို တည်ဆောက်ရန်၊ ကုန်ထုတ်လုပ်မှုတိုးတက်ရန်တို့မှာ နိုင်ငံ့စီးပွားအတွက်လည်း အဓိကကျသည့် ကဏ္ဍဖြစ်၍ ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ထည့်သွင်းမှာကြားလမ်းညွှန်ခဲ့ကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့၏ ရက်ပေါင်း ၁၀၀ အတွင်း လျင်မြန်သောအကျိုးသက်ရောက်မှု (Quick Win) ရရှိစေမည့် အစီအစဉ်များတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေများ တိုးမြှင့်ထုတ်ချေးခြင်းနှင့် လယ်ယာသုံးစက်ကိရိယာချေးငွေများ စတင်ထုတ်ချေးသွားမည့် အစီအစဉ်များပါဝင်ကြောင်း။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က နှစ်စဉ် မိုး၊ ဆောင်း၊ မိုးကြိုရာသီအလိုက် စိုက်ပျိုးစရိတ်ချေးငွေများကို စပါးသီးနှံ အပါအဝင် သီးနှံ ၂၄ မျိုးကို ထုတ်ချေးပေးလျက်ရှိရာ တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်ကို ထိုက်သင့်သလို တိုးမြှင့်ပံ့ပိုးပေးနိုင်ရေးအတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် လက်ရှိချေးငွေနှုန်းထား၏ ပျမ်းမျှနှစ်ဆထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း လယ်ယာကိုအခြေခံသော စီးပွားရေးကဏ္ဍများတွင် ကုန်ထုတ်စွမ်းအားတိုးမြှင့်ထုတ်လုပ်နိုင်စေရေးတို့အတွက် တောင်သူလယ်သမားများနှင့် လယ်ယာကုန်ထုတ်လုပ်ငန်းရှင်များသို့ လယ်ယာသုံးစက်ကိရိယာချေးငွေများကိုလည်း ငွေကျပ်သိန်း ၃၀၀၀ အထိ တစ်ကဏ္ဍနှင့် ငွေကျပ် သိန်း ၃၀၀၀ အထက်ဖြစ်ပါက တစ်ကဏ္ဍထုတ်ချေးမည်ဖြစ်ကြောင်း၊ လယ်ယာသုံးစက်ကိရိယာချေးငွေထုတ်ချေးရေး အစီအစဉ်သစ်အား ပြည်ထောင်စုအစိုးရအဖွဲ့၏ ရက်ပေါင်း ၁၀၀ အတွင်း မေလဆန်းမှစတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူများအနေဖြင့် ထုတ်ချေးမည့် ချေးငွေများကို သတ်မှတ်ထားသည့် ချေးငွေဆိုင်ရာစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျစိစစ်ထုတ်ချေးဆောင်ရွက်ရေး၊ ငွေကြေးအလွဲသုံးစားမှုများ မဖြစ်ပေါ်စေရေး၊ ဘဏ်ခွဲအလိုက် ကြွေးကျန်များမဖြစ်ပေါ်စေရေးအတွက် စဉ်ဆက်မပြတ်ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ နိုင်ငံတော်က စီစဉ်ပေးသည့် အထူးချေးငွေဖြစ်၍ တောင်သူများ၏ လူမှုစီးပွားဘဝမြှင့်မားလာစေရေးအတွက် မိသားစုစိတ်ဓာတ်ဖြင့် ထိရောက်စွာ ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပွားလျက်ရှိသော ပဋိပက္ခများကြောင့် အာဆီယံဒေသတွင်း စွမ်းအင်ဖူလုံမှုအပေါ် အကျိုးသက်ရောက်မည့် နောက်ဆုံးအခြေအနေများနှင့်စပ်လျဉ်း၍ အာဆီယံစွမ်းအင်ဝန်ကြီးများ အထူးအစည်းအဝေးကျင်းပ



နေပြည်တော်  ဧပြီ  ၂၇

အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပွားလျက်ရှိသောပဋိပက္ခများကြောင့် အာဆီယံဒေသတွင်း စွမ်းအင်ဖူလုံမှုအပေါ် အကျိုးသက်ရောက်မည့် နောက်ဆုံးအခြေအနေများနှင့်စပ်လျဉ်း၍ အာဆီယံစွမ်းအင်ဝန်ကြီးများ အထူးအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် အာဆီယံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များ၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သူ ဖိလစ်ပိုင်နိုင်ငံ စွမ်းအင်ဝန်ကြီးက ကြီးမှူး၍ Video Conferencing စနစ်ဖြင့်ကျင်းပရာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က အလှည့်ကျပါဝင်ဆွေးနွေးရာ အရှေ့အလယ်ပိုင်းပဋိပက္ခများကြောင့် မြန်မာနိုင်ငံ၏ပြည်တွင်းစက်သုံးဆီဖြန့်ဖြူးမှုအပေါ် အကျိုးသက်ရောက်မှုရှိနေပါကြောင်း၊ စက်သုံးဆီတင်သွင်းမှုကို အဓိကအားပြုရသည့် မိမိတို့နိုင်ငံအနေဖြင့် အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရသော်လည်း အရေးပေါ်တုံ့ပြန်မှုအစီအမံများကို စနစ်တကျစီမံဆောင်ရွက်လျက်ရှိပြီး နိုင်ငံ၏စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး ကာလတို၊ ကာလရှည်အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအတွေ့အကြုံများမှ သင်ခန်းစာရယူ၍ အနာဂတ်ကာလများတွင် မိမိတို့နိုင်ငံ၏စွမ်းအင်ဖူလုံရေးလုပ်ငန်းစဉ်များတွင် အာဆီယံနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများအပါအဝင် နိုင်ငံတကာနှင့် ပူးပေါင်းသွားမည်ဖြစ်ကြောင်း၊ ပြန်ပြည့်မြဲစွမ်းအင်နှင့် အခြားအစားထိုးစွမ်းအင်များ ပြောင်းလဲသုံးစွဲနိုင်ရေး သုတေသနဖွံ့ဖြိုးမှုနှင့် တီထွင်ဆန်းသစ်မှုလုပ်ငန်းများကိုလည်း ရည်မှန်းချက်များထားရှိဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အဆိုပါ အစည်းအဝေး၌ အရှေ့အလယ်ပိုင်းတွင် ဖြစ်ပွားလျက်ရှိသောပဋိပက္ခများကြောင့် ဒေသတွင်းနိုင်ငံများအပေါ် အကျိုးသက်ရောက်မှုများ၊ စွမ်းအင်ဖူလုံမှုရှိစေရေးမဟာဗျူဟာကိစ္စရပ်များ၊ လက်ရှိကမ္ဘာ့စွမ်းအင်ဈေးကွက်များနှင့် ထောက်ပံ့မှုကွင်းဆက်များ၊ အထူးသဖြင့် အာဆီယံဒေသတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့ဖူလုံမှုရှိစေရေးအတွက် ဆွေးနွေးဖက်နိုင်ငံများနှင့် အာဆီယံဦးဆောင်သော ဆွေးနွေးမှုပုံစံများမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ချိတ်ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ အပါအဝင်ခိုင်မာသောပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ဒေသတွင်းစွမ်းအင်ဖူလုံရေးကို ကာကွယ်သွားရန် အာဆီယံစွမ်းအင်ဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံစွမ်းအင်ဗဟိုဌာနတို့က ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

## “တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့ အသိပေးခြင်း”

၁။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်ဥပဒေပါအခွင့်အရေးများ၊ နိုင်ငံတော်က လက်ခံထားသည့် လူ့အခွင့်အရေးနှင့် သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ သဘောတူစာချုပ်များတွင် ပါရှိသည့်လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ ပုဒ်မ ၃၀** အရ ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက် သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း ကော်မရှင်သို့တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇)၊ (၆) မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့** သို့လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် (ရုံးခွဲ) နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့တို့သို့ လည်းကောင်း လိပ်မူ၍စာတိုက်မှဖြစ်စေ၊ သက်ဆိုင်ရာ ကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖက်စ် ၀၁၈-၆၅၄၆၇၈၊ ကော်မရှင် e-mail လိပ်စာဖြစ်သော info@mnhrc.org.mm တို့မှတစ်ဆင့်ဖြစ်စေပြုလုပ်နိုင်ပါသည်။

၃။ တိုင်ကြားရာတွင် အောက်ပါအချက်များ ပြည့်စုံစွာဖော်ပြရမည်ဖြစ်ပါသည်-

(က) တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ(ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင်ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေး ဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ မဖြစ်မနေ ပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါ အကြောင်းအရာများ မှန်ကန်ကြောင်း တိုင်ကြားသူမှ လက်မှတ်ရေးထိုးပေးပို့ရန်။

၄။ ကော်မရှင်သည် ယင်းတိုင်ကြားချက်များကိုစိစစ်၍ ကော်မရှင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေးပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ဆက်သွယ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

# ၂၀၂၆ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်



၂၀၂၆ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲ ကျင်းပစဉ်။

**တောင်ငူ ဧပြီ ၂၇**

၂၀၂၆ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် တောင်ငူမြို့ရှိ တောင်ငူလေတပ်စခန်းဌာနချုပ်၊ မီတာ-၃၀၀ စက်ပစ်ကွင်း၌ ကျင်းပပြုလုပ်ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်၊ တောင်ငူလေတပ်စခန်းဌာနချုပ်၊ လေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးကြီးရန်နိုင်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ အရာရှိ/စစ်သည်များ၊ မိသားစုဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား တောင်ငူလေတပ်စခန်းဌာနချုပ်၊ လေတပ်စခန်း ဌာနချုပ်မှူး ဗိုလ်မှူးကြီး ရန်နိုင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် လေတပ်စခန်း ဌာနချုပ်မှူးက မိုးပျံပူဖောင်းအား သေနတ်ဖြင့်ပစ်ဖောက်၍ အခမ်းအနားကိုဖွင့်လှစ်ပေးခဲ့ပြီး တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲ ပထမနေ့ပွဲစဉ်များဖြစ်သည့် အမျိုးသား ပစ္စတိုပွဲစဉ် (အမြန်နှင့်လျှပ်တစ်ပြက်)၊ အမျိုးသမီးပစ္စတိုပွဲစဉ်(အမြန်နှင့် လျှပ်တစ်ပြက်)၊ အမျိုးသမီးကာဘိုင်ပွဲစဉ်များကို ကြည့်ရှုအားပေးသည်။

အဆိုပါ ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကွပ်ကဲမှုအောက်ရှိ ဌာနချုပ်၊ လေတပ်စခန်းဌာနချုပ်များနှင့် လေတပ်စခန်း အသီးသီးမှ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၃ သင်း၊ အမျိုးသမီးအသင်း ၁၁ သင်းတို့ဖြင့် ဧပြီလ ၂၇ ရက်မှ မေလ ၁ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့အတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့သည့်ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆို

**နေပြည်တော် ဧပြီ ၂၇**

နိုင်ငံတော်တည်ငြိမ်ရေးနှင့်နယ်မြေအေးချမ်းသာယာရေးတို့အတွက် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မူဆယ်ဒေသတစ်ဝိုက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ ညနေပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတွန်းမြို့ ရှိနယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်တက်ရောက် ဂုဏ်ပြုကြိုဆိုကြသည်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမြတ်ထွဋ်၊ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့အတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုစဉ်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမအားစွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုကြသည်။ ထို့နောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်းသတင်းရရှိသည်။ (၁၀၀)

# တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအားကြည့်ရှုအားပေး

**နေပြည်တော် ဧပြီ ၂၇**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များအား အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဇောနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လူနာတစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါး ကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ ချီးမြှင့်ငွေများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများသည် ဆေးရုံအတွက်အလှူငွေများ ပေးအပ်ပြီး ဆေးရုံဝင်းအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဇော ဆေးကုသမှုခံယူနေသူတစ်ဦးအား ချီးမြှင့်ငွေများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်စဉ်။

# နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန တည်ဆောက်နေမှု ဒုတိယဝန်ကြီး ဦးအေးထွန်း ကြည့်ရှုစစ်ဆေး



**ရန်ကုန် ဧပြီ ၂၇**

ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအေးထွန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ အနုပညာဗဟိုဌာန (ရန်ကုန်) (Myanmar Art Center – Yangon) တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးကုမ္ပဏီ Project Director က နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန (ရန်ကုန်) တည်ဆောက်ရေးစီမံကိန်းတွင် အဆောက်အအုံဘေးနံရံများ ကာရံနေမှု၊ ဆောင်ရွက်ရန်ကျန်ရှိသော Steel Column များ၊ အမိုးအသစ်မိုးခြင်းနှင့် အမိုးအဟောင်းပြုပြင်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန(ရန်ကုန်) အဆောက်အအုံအတွင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **မြဝတီ**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဧပြီ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာအနှံ့အပြားနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာပြီး ကချင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

(မိုး/ဇလ)

# နေပြည်တော်၌ ၂၀၂၆ ခုနှစ် နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား၊ ကျောင်းသူလူငယ်မောင်မယ်များအတွက် ရေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများဖွင့်ပွဲတွင် တာဝန်ရှိသူနှင့် တက်ရောက်နေသည့် မောင်မယ်လေးများ၏ ရင်တွင်းစကားသံများ


ဒုတိယဗိုလ်မှူးကြီးစောရန်ရှင်း


မောင်ရွှေလရောင်


မမြသင်းယုယုခိုင်


မောင်ရှိုင်းမင်းအောင်


မဖူးပွင့်စံပယ်

**ဒုတိယဗိုလ်မှူးကြီးစောရန်ရှင်း**
**တာဝန်ခံအရာရှိ(ရေကြောင်းလူငယ်အခြေခံနှင့်တန်းမြင့်သင်တန်း)**

ကျွန်တော်ကတော့ ဒီသင်တန်းမှာ အုပ်ချုပ်သူအရာရှိအဖြစ် တာဝန်ယူထမ်းဆောင်သွားမှာ ဖြစ်ပါတယ်။ နေပြည်တော်စခန်းတန်းခွဲ(၁)နဲ့တန်းခွဲ(၂)မှာတော့ သင်တန်းသား၊ သင်တန်းသူ ၉၅ ဦး တက်ရောက်သွားမှာဖြစ်ပါတယ်။ တပ်မတော်(ရေ)အနေနဲ့ ရေကြောင်းလူငယ်သင်တန်း စခန်း ၁၃ ခုမှာ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၈၀၀ ဦးနဲ့ ဖွင့်လှစ်သင်ကြားသွားမှာဖြစ်ပါတယ်။ ရေကြောင်းလူငယ်သင်တန်းမှာ ရေကြောင်းပညာရပ်တွေအပြင် လွတ်လပ်ရေးကြိုးပမ်းမှုနဲ့ တပ်မတော်သမိုင်းဘာသာရပ်၊ တပ်မတော်(ရေ) သမိုင်းဘာသာရပ်၊ အခြေခံစစ်ရေးပြဘာသာရပ်၊ လှေလှော်ရွက်တိုက်နဲ့ ရေကူးဘာသာရပ်တွေကို သင်ကြားပေးသွားမှာပဲ ဖြစ်ပါတယ်။ ရေကြောင်းလူငယ်သင်တန်းများကို တက်ရောက်ကြတဲ့အတွက် လူငယ်မောင်မယ်တွေ စစ်ရေယာဉ်နဲ့ ရန်ကုန်မြစ်ကို လှေ့လာရေးနဲ့ ရန်ကုန်မြို့တွင်း လေ့လာရေးခရီးစဉ်များ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အထင်ကရနေရာများကို လေ့လာရေးခရီးစဉ်များ သွားရောက်ရခြင်းတို့ကြောင့် ဒေသန္တရ ဗဟုသုတ အတွေ့အကြုံများ ရရှိကြမှာဖြစ်ပါတယ်။ အဖွဲ့အစည်းစိတ်ဓာတ်နဲ့ အချင်းချင်း ရိုင်းပင်းကူညီလိုစိတ်များ တိုးပွားလာကြမှာ ဖြစ်ပါတယ်။ မြန်မာပြည်အနှံ့အပြားမှ လာရောက်ကြတဲ့ သင်တန်းသား၊ သင်တန်းသူများနဲ့လည်း တွေ့ဆုံကြမှာဖြစ်တဲ့အတွက် အသိမိတ်ဆွေများလည်း တိုးပွားလာကြမှာဖြစ်ပါတယ်၊ ဒ့ါအပြင် ရေကြောင်းလူငယ်သင်တန်းမှာ တပ်မတော်သမိုင်းဘာသာရပ်၊ တပ်မတော်(ရေ)သမိုင်းဘာသာရပ်၊ အခြေခံစစ်ရေးပြဘာသာရပ်၊ ရေကြောင်းပညာရပ်တွေဖြစ်တဲ့ အခြေခံရေကူး၊ အခြေခံရေတပ်သား၊ ရေကြောင်းလမ်းညွှန် အခြေခံသင်္ဘောတရားနဲ့ နက္ခတ္တဗေဒ၊ GPS အပါအဝင် ရေကြောင်းသွားလာရေး၊ အခြေခံရေတပ်သားအချက်ပြဆက်သွယ်ရေးနဲ့ လှေလှော်ရွက်တိုက် ဘာသာရပ်တွေကို သင်ကြားပေးသွားမှာဖြစ်ပါတယ်။ ရေတပ်သားတစ်ဦးအနေနဲ့ မဖြစ်မနေ သိရှိနားလည်တတ်ကျွမ်းရမယ့် အတတ်ပညာရပ်တွေကို အခြေခံကျကျ သိရှိနားလည်တတ်မြောက်သွားမှာပဲဖြစ်ပါတယ်၊ လူငယ်မောင်မယ်တွေအနေနဲ့ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အချိန်ကို အလဟဿမဖြစ်စေဘဲ ဒီသင်တန်းကို တက်ရောက်ရာမှာ အဖွဲ့အစည်းအတွင်း ပူးပေါင်းဆောင်ရွက်တတ်စေမှာဖြစ်ပါတယ်၊ နောက်ပြီး ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ပြီး စိတ်ဓာတ်စည်းကမ်းကောင်းမွန်တဲ့ လူငယ်မောင်မယ်တွေဖြစ်လာမှာဖြစ်ပါတယ်၊ မိမိကိုယ်ကို ယုံကြည်အားကိုးလိုစိတ်များ ဖြစ်ပေါ်လာမှာ ဖြစ်တဲ့အတွက် မိမိတို့ လျှောက်လှမ်းရမယ့် ဘဝခရီးလမ်းမှာ ဘယ်လိုအခက်အခဲမျိုးကိုမဆို ရင်ဆိုင်ကျော်လွှားသွားနိုင်မယ့် စိတ်ဓာတ်နဲ့ခံယူချက်အကျိုးကျေးဇူးတွေကို ရရှိနိုင်မှာပဲ ဖြစ်ပါတယ်။

**မောင်ရွှေလရောင်**
**(ရေကြောင်းလူငယ်တန်းမြင့်သင်တန်း)**

ကျွန်တော်က Grade 10 တန်းမှာ ပညာသင်ကြားနေပါတယ်။ ကျွန်တော့်အနေနဲ့ ရေကြောင်းလူငယ်တန်းမြင့်သင်တန်းကို နေပြည်တော်စခန်း တန်းခွဲ(၂)မှာ တက်ရောက်မှာဖြစ်ပါတယ်။ ကျွန်တော်ကတော့ ရေကြောင်းလူငယ်အခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၂၅) နေပြည်တော်စခန်းမှာလည်း တက်ရောက်ခဲ့ပါတယ်။ သင်တန်းတက်စဉ်ကာလအတွင်းမှာ သင်တန်းကသင်ကြားပေးတဲ့ ရေကြောင်းနဲ့သက်ဆိုင်တဲ့ ဘာသာရပ်တွေကို စာတွေ့/လက်တွေ့ သင်ကြားခဲ့ရပါတယ်။ အဲ့လိုသင်ကြားပြီးတဲ့နောက်မှာ မြန်မာပြည်အနှံ့ဖွင့်လှစ်ခဲ့တဲ့ ရေကြောင်းလူငယ်စခန်းများမှ သင်တန်းသူ၊ သင်တန်းသားတွေကို တစ်နေရာတည်းမှာ အသိမိတ်ဆွေ သူငယ်ချင်းများ တွေ့ဆုံခဲ့ရပါတယ်၊ နေပြည်တော်နဲ့ ရန်ကုန်မြို့မှာ လေ့လာရေးခရီးတွေသွားရောက်ခွင့်ရခဲ့ပြီး အသိပညာနဲ့ ဗဟုသုတများ တိုးတက်စေခဲ့တဲ့ သင်တန်းတစ်ခုဖြစ်ပါတယ်။ ယခုတန်းမြင့်သင်တန်းမှာလည်း သူငယ်ချင်းတွေနဲ့ ပြန်လည်တွေ့ဆုံရမှာဖြစ်တဲ့အတွက်ပျော်ရွှင်မိပါတယ်။ ကျွန်တော့်ရည်မှန်းချက်ကတော့ သင်္ဘောသားတစ်ယောက်ဖြစ်ချင်ပါတယ်၊ ဒီသင်တန်းကို တက်ရောက်ရခြင်းကြောင့် ကျွန်တော်တို့အနေနဲ့ မိမိကိုယ်ကို ယုံကြည်မှုရှိခြင်း၊ စည်းကမ်းစနစ်တကျနေထိုင်တတ်ခြင်း၊ အဖွဲ့အစည်းနဲ့ပူးပေါင်းလုပ်ဆောင်တတ်တဲ့ အလေ့အကျင့်ကောင်းများ ရရှိစေပါတယ်၊ အသိပညာတိုးပွားခြင်းစတဲ့ အကျိုးကျေးဇူးတွေရရှိတဲ့အပြင် ရည်မှန်းချက်ကို အကောင်အထည်ဖော်ရာမှာ ကောင်းမွန်တဲ့ အခြေခံအမူအကျင့်များကို ရရှိမယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့လူငယ်တွေအနေနဲ့ နွေရာသီကျောင်းပိတ်ရက်ကာလမှာ အချိန်ကိုအကျိုးရှိစွာအသုံးချနိုင်ဖို့ ဖွင့်လှစ်သင်ကြားပေးတဲ့သင်တန်းဖြစ်ပါတယ်၊ နောင်နှစ်တွေမှာလည်း လူငယ်တွေအနေနဲ့ ဒီသင်တန်းကို တက်ရောက်ဖို့ ဖိတ်ခေါ်ချင်ပါတယ်။ ဒီသင်တန်းမှာ ကျွန်တော်တို့ လူငယ်တွေအတွက် အတွေ့အကြုံဗဟုသုတ အသစ်တွေရရှိပြီး တန်ဖိုးရှိတဲ့ဘဝအတွက် စိတ်ခွန်အားတွေ၊ အတွေ့အကြုံကောင်းတွေ သင်ယူနိုင်မယ်လို့ ယုံကြည်ခံစားရပါတယ်ခင်ဗျာ။

**မမြသင်းယုယုခိုင်**
**(ရေကြောင်းလူငယ်တန်းမြင့်သင်တန်း)**

ကျွန်မက Grade 10 တန်းမှာ ပညာသင်ကြားနေပါတယ်။ ကျွန်မအနေနဲ့ ရေကြောင်းလူငယ်တန်းမြင့်သင်တန်းကို နေပြည်တော်စခန်း တန်းခွဲ(၂)မှာတက်ရောက်မှာဖြစ်ပါတယ်။ ယခင်အခြေခံသင်တန်းမှာလည်း အတွေ့အကြုံအသစ်များကို ရရှိခဲ့ပါတယ်။ ရေကြောင်းလူငယ်အခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၂၅) နေပြည်တော်စခန်းတန်း ခွဲ(၂)မှာပဲ တက်ရောက်ခဲ့ပါတယ်၊ သင်တန်းကသင်ကြားပေးတဲ့ ရေကြောင်းနဲ့ သက်ဆိုင်တဲ့ ဘာသာရပ်တွေကို စာတွေ့/လက်တွေ့ သင်ကြားခဲ့ရပါတယ်၊ မြန်မာပြည်အနှံ့ ဖွင့်လှစ်ခဲ့တဲ့ ရေကြောင်းလူငယ်စခန်းများမှ သင်တန်းသူ၊ သင်တန်းသားတွေကို တစ်နေရာတည်းမှာ တွေ့ဆုံခဲ့ရတဲ့အတွက် သူငယ်ချင်းအသစ်များလည်းရရှိခဲ့ပါတယ်၊ အသိမိတ်ဆွေသူငယ်ချင်းများ တိုးပွားတဲ့အပြင် နေပြည်တော်နဲ့ ရန်ကုန်မြို့မှာ လေ့လာရေးခရီးတွေ သွားရောက်ခွင့်ရခဲ့ပါတယ်။ အသိပညာနဲ့ဗဟုသုတတွေ တိုးတက်စေခဲ့တဲ့ သင်တန်းတစ်ခုလည်း ဖြစ်ပါတယ်၊ ယခုတန်းမြင့်သင်တန်းမှာလည်း သူငယ်ချင်းတွေနဲ့ ပြန်လည်တွေ့ဆုံရမှာဖြစ်တဲ့အတွက် ပျော်ရွှင်ဝမ်းမြောက်မိပါတယ်။ ဒီသင်တန်းကို တက်ရောက်ရခြင်းကြောင့် မိမိကိုယ်ကို ယုံကြည်မှုရှိလာပါတယ်။ စည်းကမ်းစနစ်တကျနေထိုင်တတ်ခြင်း၊ အဖွဲ့အစည်းနဲ့ ပူးပေါင်းလုပ်ဆောင်တတ်တဲ့ အလေ့အကျင့်ကောင်းတွေရရှိစေပါတယ်။ ဒ့ါအပြင် အသိပညာတိုးပွားခြင်း၊ အကျိုးကျေးဇူးတွေရရှိပြီး ရည်မှန်းချက်ကို အကောင်အထည်ဖော်ရာမှာ ကောင်းမွန်တဲ့ အခြေခံအမူအကျင့်များကို ရရှိမယ်လို့ ကျွန်မထင်ပါတယ်၊ ကျွန်မတို့လိုလူငယ်တွေအနေနဲ့ ဒီသင်တန်းကို တက်ရောက်ဖို့ ဖိတ်ခေါ်ချင်ပါတယ်။

**မောင်ရှိုင်းမင်းအောင်**
**(ရေကြောင်းလူငယ်အခြေခံသင်တန်း)**

ကျွန်တော်ရဲ့ နာမည်ကတော့ မောင်ရှိုင်းမင်းအောင် ဖြစ်ပါတယ်။ ကျွန်တော်က အမှတ်(၂၀)အခြေခံပညာ အထက်တန်းကျောင်း နေပြည်တော် Grade 10 တန်းမှာ ပညာသင်ကြားနေပါတယ်၊ ကျွန်တော်ရေကြောင်းလူငယ်အခြေခံသင်တန်း နေပြည်တော်စခန်း တန်းခွဲ(၂)မှာ တက်ရောက်မှာဖြစ်ပါတယ်။ ကျွန်တော် ဒီရေကြောင်းဆိုင်ရာသင်တန်းကို စိတ်ပါဝင်စားလို့ တက်ရောက်တာဖြစ်ပါတယ်။ ရေကြောင်းပညာရပ်တွေအပြင်ဝါသနာပါတဲ့ လှေလှော်ရွက်တိုက်ခြင်းနဲ့ ရေကူးခြင်းတွေကို လက်တွေ့သင်ကြားပေးမှာဖြစ်တဲ့အတွက် တက်ရောက်ရတာဖြစ်ပါတယ်။

သင်တန်းက သင်ကြားပေးမယ့် ရေကြောင်းဆိုင်ရာပညာရပ်များနဲ့ပတ်သက်ပြီး အသိပညာ၊ ဗဟုသုတများ ရရှိမှာဖြစ်ပါတယ်၊ နောက်ပြီး မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှာ ဖွင့်လှစ်တဲ့သင်တန်းစခန်းတွေက သင်တန်းသား၊ သင်တန်းသူတွေကို တစ်နေရာတည်းမှာတွေ့ဆုံရမှာ ဖြစ်တဲ့အတွက်ကြောင့် ဝမ်းသာမိပါတယ်။ သင်တန်းမှာပြိုင်ပွဲများ ပြုလုပ်ပေးမှာဖြစ်ပြီး ဒေသန္တရလေ့လာရေးခရီးတွေ သွားရောက်ရမှာဖြစ်လို့ကောင်းမွန်တဲ့အတွေ့အကြုံကောင်းတွေရရှိမယ်လို့ထင်ပါတယ်၊ သင်တန်းက သင်ကြားပေးလိုက်တဲ့ အသိပညာ၊ အတတ်ပညာတွေကို အခြေတည်ပြီး နောင်တစ်ချိန်မှာ နိုင်ငံအတွက် အားကိုးအားထားပြုရတဲ့ မျိုးဆက်သစ်လူငယ်တစ်ယောက်ဖြစ်လာစေဖို့ ကျွန်တော် မျှော်မှန်းထားပါတယ်။

**မဖူးပွင့်စံပယ်**
**(ရေကြောင်းလူငယ်အခြေခံသင်တန်း)**

ကျွန်မက ရေကြောင်းလူငယ်အခြေခံသင်တန်း နေပြည်တော်စခန်း တန်းခွဲ(၂)မှာ တက်ရောက်မှာဖြစ်ပါတယ်။ ကျွန်မ ဒီရေကြောင်းဆိုင်ရာသင်တန်းကို စိတ်ပါဝင်စားလို့ တက်ရောက်တာဖြစ်ပါတယ်။ ဒီသင်တန်းကို တက်ရောက်ရန်အတွက် အခြေခံပညာကျောင်းများကို ဖိတ်ခေါ်လို့ ကျောင်းကနေ ရွေးချယ်ခံရတဲ့အတွက် တက်ရောက်ခြင်းလည်း ဖြစ်ပါတယ်။ နွေရာသီကျောင်းပိတ်ရက်မှာ ကိုယ့်အတွက် အကျိုးရှိစေချင်တဲ့အတွက်လည်းဖြစ်ပါတယ်။ ရေကြောင်းဆိုင်ရာပညာရပ်တွေနဲ့ ပတ်သက်ပြီး အသိပညာ၊ ဗဟုသုတများ ရရှိမှာဖြစ်တယ်။ အနယ်နယ်အရပ်ရပ်မှာ ဖွင့်လှစ်တဲ့ သင်တန်းစခန်းတွေက သင်တန်းသား၊ သင်တန်းသူတွေကို တစ်နေရာတည်းမှာတွေ့ဆုံရမှာဖြစ်တဲ့အတွက်ကြောင့် ဝမ်းသာမိပါတယ်။ သူငယ်ချင်းအသစ်တွေ ရရှိမှာဖြစ်ပြီး ဗဟုသုတတွေကို တစ်ယောက်နဲ့ တစ်ယောက်မျှဝေကြရမှာဖြစ်လို့ ပျော်ရွှင်မိပါတယ်။ ကိုယ့်အတွက် ကောင်းမွန်တဲ့ အတွေ့အကြုံကောင်းတွေကို ရရှိစေမှာဖြစ်ပြီး ဗဟုသုတအသစ်တွေရရှိစေမယ့် သင်တန်းလို့ ကျွန်မတော့ ထင်မြင်မိပါတယ်။ သင်တန်းက သင်ကြားပေးလိုက်တာတွေနဲ့ မိမိရဲ့အသိပညာ၊ အတတ်ပညာတွေကိုပူးပေါင်းပြီး နိုင်ငံအတွက် တစ်ထောင့်တစ်နေရာကနေ အားထားရသူတစ်ယောက်ဖြစ်ချင်ပါတယ်။

**နိုင်ထွန်း၊ လဲ့ရည်လှိုင်**

# နွေရာသီနှင့် အရေပြားပြဿနာများ

"အရေပြားပြဿနာမှကာကွယ်ရန် တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုတစိုက်လုပ်ဆောင်ရန် လိုအပ်သည်။ ရေပုံမှန်ချိုးခြင်း၊ ရာသီဥတုပူပြင်းချိန်တွင် မလိုအပ်ဘဲ နေပူထဲမထွက်ခြင်း၊ နေပူထဲ မဖြစ်မနေထွက်ရလျှင် ထီး၊ ဦးထုပ်ဆောင်းခြင်း၊ ချည်သားပွပွချောင်ချောင်နှင့် အပူစုပ်ယူမှုနည်းသော အရောင်ဖျော့ဖျော့ အဝတ်အစားများဝတ်ဆင်ခြင်း၊ နေရောင်ခံခရင်မ်လိမ်းသင့်သည်။ နေရောင်ခံခရင်မ်မရနိုင်လျှင် သနပ်ခါးလည်းလိမ်းနိုင် . . ."

နွေရာသီတွင်အပူရှိန်ကြောင့် ချွေးထွက်များပြီး အသားအရေနေလောင်ခြင်း၊ ဝက်ခြံနှင့်မိတ်ထွက်ခြင်း၊ အရေပြားခြောက်သွေ့ယားယံခြင်း၊ မှိုပိုးဝင်ခြင်းများ အဖြစ်များသည်။ ထို့ကြောင့် နေပူထဲထွက်ပါက နေရောင်ခံခရင်မ်(Sunscreen)ကို ပုံမှန်လိမ်းခြင်း၊ ပွပွချောင်ချောင်အဝတ်အစားများဝတ်ဆင်ခြင်း၊ ရေများများသောက်ခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဂရုစိုက်ခြင်းဖြင့် အရေပြားပြဿနာကို ကာကွယ်နိုင်သည်။

နွေရာသီတွင်ဖြစ်ပေါ်တတ်သည့် အရေပြားပြဿနာများစွာရှိသည်။

**နေလောင်ခြင်း**

နေရောင်ခြည်ကြောင့် အရေပြားနီမြန်းခြင်း၊ အရည်ကြည်ဖုထွက်ခြင်းနှင့် အရေခွံကွာခြင်းတို့ဖြစ်သည်။

**မိတ်ထွက်ခြင်း**

ချွေးပေါက်များပိတ်ဆို့ကာ ယားယံသော အဖုငယ်များထွက်ခြင်းဖြစ်သည်။

**ဝက်ခြံ**

ချွေး၊ အဆီ၊ ဖုန်မှုန့်များရောနှောကာ ချွေးပေါက်များပိတ်ဆို့၍ ဝက်ခြံထွက်ခြင်းဖြစ်သည်။

**အရေပြားခြောက်သွေ့ယားယံခြင်း**

လေအေးပေးစက်နှင့် နေရောင်ကြောင့် အရေပြားတွင် အစိုဓာတ်ခန်းခြောက်ပြီး ယားယံခြင်းဖြစ်စေသည်။

**မှိုပိုးဝင်ခြင်း**

ချွေးစွတ်စိုမှုကြောင့် ဗိုင်းရပ်စ်နှင့် မှိုပိုးဝင်ခြင်းဖြစ်စေသည်။

နွေရာသီတွင် အရေပြားပြဿနာများမှ ကင်းဝေးစေရန် အစိုဓာတ်ထိန်းခရင်မ်ကို မိမိနှင့်အတူ သွားလေရာယူဆောင်သွားသင့်သည်။ လက်ဆေးပြီးသောအခါ သို့မဟုတ် မိမိအသားအရေခြောက်သွေ့သည်ဟု ခံစားရသည့်အခါတိုင်း လိမ်းနိုင်သည်။ ရေကူးသူများအနေဖြင့် ရေကူးကန်ထဲမှတက်ပြီးပြီးချင်း ချက်ချင်းရေချိုးခေါင်းလျှော်သင့်သည်။ ရေကူးအားကစားသမားများအတွက်ထုတ်ထားသော နူးညံ့သည့် သန့်စင်သော Cleanser သို့မဟုတ် ရေချိုးဆပ်ပြာကို အသုံးပြုနိုင်သည်။

နွေရာသီတွင် ရေရှားပါးလာသောကြောင့် တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် သုံးရေ၊ ချိုးရေတို့ မလုံလောက်သောကြောင့် အရေပြားပြဿနာဖြစ်လာနိုင်သည်။ ပူအိုက်ပြီး ချွေးထွက်များကာ အရေပြားစွတ်စိုညစ်ပတ်သောကြောင့် မှိုစွဲခြင်းနှင့် ယားယံသည့်အနာများဖြစ်လွယ်သည်။ ထို့ပြင် ပွေး၊ ဝဲ၊ ညှင်း အရေပြားရောဂါများဖြစ်နိုင်သည့်အပြင် ယားယံ၍ ကုတ်မိသောကြောင့် အရေပြားပွန်းပဲ့၍ ပိုးဝင်ကာ မွေးကျွတ်နာ၊ သွေးစုနာများလည်းဖြစ်လေ့ရှိသည်။ အရေပြားနေလောင်ခြင်း၊ မိတ်ထွက်ခြင်း၊ အနီစက်ပေါ်လာခြင်းနှင့် ခရမ်းလွန်ရောင်ခြည်မြင့်မားသောကြောင့် နောက်ပိုင်း၌ အရေပြားကင်ဆာရောဂါအထိ ဖြစ်စေနိုင်သည်။

အဆိုပါအရေပြားပြဿနာမှ ကာကွယ်ရန် တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုတစိုက်လုပ်ဆောင်ရန် လိုအပ်သည်။ ရေပုံမှန်ချိုးခြင်း၊ ရာသီဥတုပူပြင်းချိန်တွင် မလိုအပ်ဘဲ နေပူထဲမထွက်ခြင်း၊ နေပူထဲ မဖြစ်မနေထွက်ရလျှင် ထီး၊ ဦးထုပ်ဆောင်းခြင်း၊ ချည်သားပွပွချောင်ချောင်နှင့် အပူစုပ်ယူမှုနည်းသော အရောင်ဖျော့ဖျော့အဝတ်အစားများဝတ်ဆင်ခြင်းနှင့် နေရောင်ခံခရင်မ်လိမ်းသင့်သည်။ နေရောင်ခံခရင်မ်မရနိုင်လျှင် သနပ်ခါးလည်း လိမ်းနိုင်သည်။ တတ်နိုင်လျှင် နေကာမျက်မှန်တပ်ဆင်သင့်သည်။ ပွေး၊ ဝဲ၊ ညှင်းအရေပြားရောဂါများသည် သက်ဆိုင်ရာဆေးဝါးများသုံးစွဲခြင်းဖြင့် အလွယ်တကူပျောက်ကင်းနိုင်သည်။

ယခုကဲ့သို့ ပူပြင်းသောနွေရာသီတွင် အပူဒဏ်ကြောင့် အပူလျှပ်ခြင်းဖြစ်နိုင်သည်။ ခန္ဓာကိုယ်အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်(၁၀၄˚F)အထက်တွင် အပူလျှပ်ခြင်းဖြစ်တတ်သည်။

အပူလျှပ်ခြင်းဖြစ်ပါက ခေါင်းမူးခြင်း၊ ပျို့အန်ခြင်း၊ နှလုံးခုန်မြန်ခြင်း၊ အသက်ရှူမြန်ခြင်း၊ အရေပြားနီမြန်းခြင်း၊ စိတ်ရှုပ်ထွေးခြင်း၊ ကယောင်ကတမ်းဖြစ်ခြင်း၊ စကားမပီသခြင်း၊ သတိလစ်မေ့မြောခြင်းအထိဖြစ်နိုင်သည်။ အပူလျှပ်ခြင်းဖြစ်ပေါ်ပါက လူနာ၏အရေပြားသည် မီးကဲ့သို့ပူခြစ်ပြီး ချွေးလုံးဝမထွက်တော့ဘဲ အရေးပေါ်ကုသမှုခံယူရမည့်အခြေအနေဖြစ်ပြီး ကုသမှုခံယူရန် နှောင့်နှေးပါက ဦးနှောက်၊ အဆုတ်၊ နှလုံး၊ အသည်း၊ ကျောက်ကပ်နှင့်ကြွက်သားများကို ထိခိုက်ပျက်စီးစေကာ အသက်ဆုံးရှုံးသည်အထိ ဖြစ်စေနိုင်သည်။

အပူချိန်လွန်ကဲသောအခြေအနေတွင် အဆောင်းအကာမပါဘဲ အလုပ်လုပ်ကြသူများ၊ နေပူထဲတွင် အဝတ်အစားထူထူစွာဝတ်ဆင်ကြသူများ၊ အရက်အလွန်အကျွံသောက်သုံးသူများနှင့် ချွေးထွက်လွန်နေသော်လည်း အလုပ်ဖောနှင့်ရေဓာတ်ပြန်လည်ဖြည့်တင်းရန် (ရေသောက်ရန်)မေ့လျော့နေသူများသည် အပူလျှပ်ခြင်းဖြစ်စေနိုင်သည်။ ရာသီဥတုအလွန်ပူပြင်းသောဒေသသို့ သွားရောက်မည်ဆိုပါက အပူဒဏ်နှင့်ဆက်စပ်သည့်ရောဂါများ ပိုမိုဖြစ်ပွားနိုင်သည်။ အသက်အရွယ်ကြီးသူများနှင့် ကလေးသူငယ်များသည် အပူချိန်ပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်နည်းသဖြင့် အပူလျှပ်နိုင်ခြေပို၍ မြင့်မားသည်။ အဝလွန်သူများ၊ နာတာရှည်နှလုံး၊ အဆုတ်၊ ကျောက်ကပ်ရောဂါဝေဒနာခံစားနေရသူများနှင့် အပူလျှပ်ခြင်းဖြစ်ဖူးထားသူများသည် အပူလျှပ်နိုင်ခြေများသည်။ တချို့ သောဆေးဝါးများသည် ခန္ဓာကိုယ်ရေဓာတ်ထိန်းသိမ်းမှုကို ထိခိုက်စေသည်။ စိတ်ရောဂါအတွက် သောက်သုံးသော ဆေးဝါးများ၊ ဆီးဆေးများနှင့် သွေးကျဲဆေးများကို ရာသီဥတုအလွန်ပူပြင်းသောအချိန်များတွင် သတိထားသုံးစွဲသင့်သည်။

အပူလျှပ်ခြင်းဖြစ်ပွားပါက ဆေးရုံ၊ ဆေးခန်းသို့ အလျင်အမြန်ပို့ဆောင်ကာ အရေးပေါ်ကုသမှုခံယူသင့်သည်။ ဆေးရုံသို့မရောက်မီ လူနာအား အရိပ်ရသောနေရာ၊ လေအေးပေးစက်ရှိသောနေရာသို့ ခေါ်ဆောင်ကာ ထူထဲသောအဝတ်အစားများကို ချွတ်ရမည်။ ရေအေးဖြင့် ရေချိုးပေးခြင်း၊ ရေဖတ်တိုက်ခြင်း၊ ရေခဲကပ်ခြင်းနှင့် ရေစိုဝတ်ဖြင့် ခန္ဓာကိုယ်အနှံ့ ရေဖတ်တိုက်ပေးခြင်း စသည်တို့ကို ပြုလုပ်ရမည်။ ရေဓာတ်ပြန်လည်ဖြည့်တင်းရန် ဓာတ်ဆားရည်တိုက်ပေးရမည်။

ဂက်စ်ပါသောအချိုရည်များ အားဖြည့်အချိုရည်များသောက်သုံးခြင်းကို ရှောင်ကြဉ်ရမည်။ အဆုတ်၊ နှလုံး၊ အသည်း၊ ကျောက်ကပ်နှင့် ကြွက်သားများ ထိခိုက်ခြင်း ရှိမရှိသိနိုင်ရန် သွေးစစ်ဆေးခြင်း၊ အသည်းစစ်ဆေးခြင်း၊ ကြွက်သားအင်ဇိုင်းများကို တိုင်းတာစစ်ဆေးခြင်း၊ ရင်ဘတ်ဓာတ်မှန်ရိုက်ခြင်းတို့ ပြုလုပ်သင့်သည်။ အပူလျှပ်ခြင်းသည် လူနာ၏ခန္ဓာကိုယ်အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်နှင့်အထက်ဖြစ်ပါက အဆုတ်၊ နှလုံး၊ အသည်း၊ ကျောက်ကပ်နှင့်ကြွက်သားများ ထိခိုက်နိုင်သဖြင့် သေချာစောင့်ကြည့်ကာ ကုသမှုခံယူရမည်။ အပူလျှပ်ပြီး နာလန်ထခါစများတွင်လည်း နေပူထဲ အဆောင်းအကာမပါဘဲသွားခြင်းနှင့် ပြင်းပြင်းထန်ထန်လှုပ်ရှားမှုများ(အလုပ်၊ အားကစား) ပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်သင့်သည်။ ထို့ကြောင့် အပူချိန်မြင့်မားသောရာသီတွင် အပူလျှပ်ခြင်းအန္တရာယ်ကို သတိမမေ့ဘဲ ဂရုတစိုက်နေထိုင်ခြင်းဖြင့် အပူလျှပ်ခြင်းအန္တရာယ်မှ ကင်းဝေးစေမည်ဖြစ်ကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

ဒေါက်တာလွင်သန့်

## ချောက်မြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး ဖုံး သွန် လဲ စစ်လုပ်ငန်းများဆောင်ရွက်



ချောက် ဧပြီ ၂၇

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ်၌ ရက် ၁၀၀ စီမံချက်ဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ဧပြီလ ၂၇ ရက်တွင် အမှတ်(၁၀)ရပ်ကွက် အေးစေတီရပ်နှင့် အမှတ်(၁၃)ရပ်ကွက်တို့တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှဒေါက်တာမျိုးသက်ဦး ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်သောအဖွဲ့က ရပ်ကွက်များသို့ သွားရောက်ကာ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းအဖွဲ့သည် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းဖြစ်သည့် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများဆောင်ရွက်ကြပြီး ကျန်ရှိသောရပ်ကွက်များ၊ မြို့နယ်အတွင်းရှိ ကျေးရွာများ၌လည်း ရက် ၁၀၀ စီမံချက်ဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ ကျော်မိုး(ပြန်/ဆက်)

## ကျိုက်လတ်မြို့နယ် လှိုင်းတာကျေးရွာ၌ သောက်သုံးရေ ရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ကျိုက်လတ် ဧပြီ ၂၇

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လှိုင်းတာကျေးရွာ၌ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေကို ရာသီမရွေးရရှိသုံးစွဲနိုင်ရန် ရက် ၁၀၀ စီမံချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ရေရရှိရေးလုပ်ငန်းကို ဧပြီလ ၂၇ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသူရရှိန်နှင့်တာဝန်ရှိသူများက လှိုင်းတာကျေးရွာ၌ ပြည်ထောင်စုခွဲဝေငွေကျပ် ၄၀ ဒသမ ၄ သန်းဖြင့် ရေသန့်စင်စက်(UF-3Units)၊ အလျား ၁၅ ပေ၊ အနံ ၁၅ ပေ၊ အမြင့် ၁၀ ပေရှိ ရေသန့်စက်ရုံတည်ဆောက်ခြင်းနှင့် 500 Li Tank(6Nos)လုပ်ငန်းများဆောင်ရွက်နေမှုကို စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ သောက်သုံးရေရရှိရေးလုပ်ငန်းများတွင် ပန္နက်ရိုက်ခြင်း၊ မြေတူးခြင်းနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်သည့်ပစ္စည်းများ စုဆောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်ရာ လုပ်ငန်းအားလုံး၏ ၂၅ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကိုလှိုင်

# ဆင္ဓမအကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဆင်းပွဲ ကျင်းပ



ငဖဲ ဧပြီ ၂၇

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ဇီးတောကျေးရွာအုပ်စု ရှောက်ဝကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက်၌ မတ်လ ၂၀ ရက်မှ ဧပြီလ ၂၀ ရက်ထိ တစ်လကြာဖွင့်လှစ်သင်ကြားပေးခဲ့သည့် ဆင္ဓမအကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဆင်းပွဲကို ဧပြီလ ၂၇ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားသို့တက်ရောက်လာကြသည့် ဆရာတော်၊ သံဃာတော်များ၊ ဧည့်ပရိသတ်များနှင့် ကျောင်းသား၊ ကျောင်းသူများက နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကိုဖွင့်လှစ်ပြီး ဦးစီးပဓာနနာယကဆရာတော် မင်းဘူးမြို့ အေးစေတီမြောက်ကျောင်း ဆရာတော်ဦးဉာဏောဘာသ ထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ရှောက်ဝဘုန်းတော်ကြီးကျောင်း သင်တန်းနည်းပြဆရာတော် ဦးယုဇနက ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းအောင်မြင်အောင် ဖွင့်လှစ်သင်ကြားသည့်အတွက် ဝမ်းမြောက်ကြောင်း ဩဝါဒစကားမိန့်ကြားသည်။

ဆက်လက်၍ ဆုပေးအပ်ပွဲကိုကျင်းပရာ ပထမဆင့်နှင့်ဒုတိယဆင့် သင်ယူမှုဆုရရှိသူ၊ ပထမ၊ ဒုတိယ၊ တတိယဆုအသီးသီးရရှိသူ ခြောက်ဦးနှင့် နှစ်သိမ့်ဆုရရှိသူ ၃၉ ဦးတို့အား ဂုဏ်ပြုအောင်လက်မှတ်နှင့် စုစုပေါင်းဆုငွေကျပ် ၂၅ သိန်းခန့်ကို မင်းဘူးမြို့ အေးစေတီမြောက်ကျောင်းဆရာတော်နှင့် သင်တန်းနည်းပြ ဆရာတော်များ၊ ကျေးရွာခွဲတာဝန်ခံနှင့် ဆရာ၊ ဆရာမများက အသီးသီးပေးအပ်ကြောင်း သိရသည်။

မယု(ငဖဲ)

# မြစ်သားမြို့နယ်ရှိ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

မြစ်သား ဧပြီ ၂၇

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဧပြီလ ၂၆ ရက် နံနက်ပိုင်းတွင် မြစ်သားမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်နှင့်အဖွဲ့ဝင်များ၊ မြစ်သားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဦး(မြစ်သား)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်လွဲလွဲဝင်း(တံတားဦးမြို့နယ်)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သီသီကျော်(ကျောက်ဆည်)တို့နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဒေါက်တာလှကြွယ်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြစ်သားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးစန်းမြင့်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဦး(မြစ်သား)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်လွဲလွဲဝင်း(တံတားဦးမြို့နယ်)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သီသီကျော်(ကျောက်ဆည်)တို့က မိတ်ဆက်စကားများပြောကြားသည်။

ထို့နောက် မြစ်သားမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်က ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်မည့်လုပ်ငန်းအစီအမံများအား ရှင်းလင်းတင်ပြပြီး တက်ရောက်လာသော မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက တစ်ဦးချင်းမိတ်ဆက်ခြင်းနှင့် ဌာနအလိုက် ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်မည့်လုပ်ငန်းစီမံချက်များအားတင်ပြရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဒေါက်တာလှကြွယ်က ဌာနဆိုင်ရာများအနေဖြင့် သတ်မှတ်ထားသောရက် ၁၀၀ လုပ်ငန်းစီမံချက်အား အောင်မြင်အောင် ဆောင်ရွက်သွားကြရန်၊ တောင်သူများ ရေရရှိရေး အထူးဂရုပြုဆောင်ရွက်ရန်နှင့် လိုအပ်သည်များရှိပါက အထက်ဌာနများသို့ တင်ပြသွားကြရန် ပြန်လည်မှာကြားကြောင်း သိရသည်။

ဝါဝါမြင့်(မြစ်သား)



# မျိုးဆက်ပန်း

✤ ပေးအပ်ဝန်တာ၊ ကျွမ်းကျင်စွာဖြင့်  
ကျရာအခန်း၊ ပါဝင်ထမ်းကာ  
မျှော်မှန်းနိုးကြား၊ နှလုံးသားမှ  
စွမ်းအားအဓိက၊ ခန်းကဏ္ဍမို့  
အသိပညာ၊ ဝါသနာနှင့်  
လေ့လာလိုက်စား၊ မျိုးဆက်များ၏  
စွန့်စားရည်သန်၊ လမ်းကြောင်းမှန်ဖြင့်  
နိုင်ငံအကျိုး၊ သယ်ဆောင်ပိုးကာ  
တိုးတက်ခေတ်မီ၊ ရှေ့သို့ချီ။

✤ လူသားရင်းမြစ်၊ စွမ်းအားသစ်ဖြင့်  
ဖွင့်လှစ်လမ်းကြောင်း၊ သမိုင်းကောင်းဖို့  
ရေကြောင်းအတတ်၊ မွန်အမြတ်ကို  
နှင်းအပ်ထာဝရ၊ မျိုးစေ့ချ၍  
အမိန့်နာခံ၊ စည်းကမ်းမှန်နှင့်  
ခံယူစည်းလုံး၊ ရင်မှာထုံးလျက်  
ပခုံးပြောင်းထမ်း၊ ပင်လယ်လမ်းမှာ  
ကြိုးပမ်းစောင့်ကြပ်  
အနာဂတ်တာဝန်၊ ထမ်းကျေပွန်။

✤ သြော်.......  
အမိနိုင်ငံ၊ ခေတ်သစ်ဖန်၍  
အားမာန်စွမ်းရည်၊ စိတ်ဝမ်းညီဖြင့်  
တူညီပြုံးပန်း၊ မျိုးဆက်ပန်းတို့  
လက်ကမ်းစွမ်းပြ၊ ထာဝရပင်  
မြန်မာ့ဂုဏ်ပျိုး၊ ဘယ်မညှိုးအောင်  
မျိုးချစ်စိတ်ဓာတ်ကမ္ဘာတည်။ ။

ဇလွန်ကျော်ဦး

# ဘန့်ဘွေးကျင်းကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကြည့်ရှုစစ်ဆေး

နောင်ချို ဧပြီ ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ဘန့်ဘွေးကျင်းကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရ၏ အရေးပေါ်ရန်ပုံငွေ(Quick Win)လုပ်ငန်းဖြင့် စိမ့်စမ်းရေသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ဧပြီလ ၂၇ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် နောင်ချိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်ထွေးဝင်းနှင့် တာဝန်ရှိသူများက ဘန့်ဘွေးကျင်းကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းများအတိုင်း လုပ်ငန်းများအချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဘန့်ဘွေးကျင်းကျေးရွာ၌ တစ်မိုင်လေးဖာလုံရှိသည့် စိမ့်စမ်းရေသွယ်တန်းခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းနှင့် အလျား ၂၅ ပေ၊ အနံ ၃ ပေ၊ အမြင့် ၅ ပေရှိသည့် ရေတားတမံတည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၆၄ ဒသမ ၅ သန်းဖြင့် ဧပြီလ ၂၅ ရက်မှစတင်၍ ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၂၅ ရာခိုင်နှုန်းခန့်ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး ရာနှုန်းပြည့်ပြီးစီးပါက ဒေသခံပြည်သူများ၏ သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်မည်ဖြစ်ကြောင်း နောင်ချိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မင်းမြင့်မိုရ်

## နိုင်ငံတော်သမ္မတ၏လမ်းညွှန်မှာကြားချက်များနှင့် အစိုးရအဖွဲ့၏ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်မည့်အစီအမံများနှင့်စပ်လျဉ်း၍ ထပ်ဆင့်ရှင်းလင်း



ရန်ကုန် ဧပြီ ၂၇

နိုင်ငံတော်သမ္မတ၏ ပြည်ထောင်စု အစိုးရအဖွဲ့အစည်းအဝေးတွင် လမ်းညွှန်မှာကြားချက်များနှင့် အစိုးရအဖွဲ့၏ ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်မည့် အစီအမံများနှင့်စပ်လျဉ်း၍ ထပ်ဆင့်ရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ သာသနာရေးဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ) ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများ၊ ဦးစီးဌာနများနှင့်တက္ကသိုလ်တို့မှ အရာထမ်း၊ အမှုထမ်းများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရသစ်အနေဖြင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဟူသည့် ရည်ရွယ်ချက်လုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အစိုးရအဖွဲ့အနေဖြင့် ရက်ပေါင်း ၁၀၀ အတွင်းဆောင်ရွက်မည့် အစီအမံများကို ဧပြီလ ၂၀ ရက်မှဇူလိုင်လ ၃၁ ရက်အထိ သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

သာသနာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်က အသိအမှတ်ပြုထားသည့် ဘာသာ သာသနာများကို တတ်နိုင်သမျှ ကူညီစောင့်ရှောက်သွားမည်ဖြစ်ပြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့များ၏ အပြုသဘောဆောင်သော ဆောင်ရွက်မှုများအပေါ် အားပေးသွားမည်ဖြစ်ပါကြောင်း၊ သာသနာရေးဆိုင်ရာမှုခင်းများ လျော့နည်းကျဆင်းစေရေးအတွက် ဝိနည်းမိုရ် သင်တန်းများဖွင့်လှစ်ရေး၊ အလုပ်ရုံဆွေးနွေးပွဲများကျင်းပရေး၊ တိုင်းဒေသကြီး/ပြည်နယ်များ၌သာမက မြို့နယ်များအားလုံးတွင် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းပြောကြားသည်။ **မြဝတီ**

## အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ဆရာ၊ ဆရာမများအတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးအထူးပြုဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုစွမ်းရည်မြှင့်သင်တန်းဖွင့်လှစ်



နေပြည်တော် ဧပြီ ၂၇

အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများတွင် Grade–10, Grade–11 , Grade–12 သင်ကြားရေးတာဝန်ယူကြမည့် ဆရာ၊ ဆရာမများအတွက်စိုက်ပျိုးရေးနှင့်မွေးမြူရေးအထူးပြုဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုစွမ်းရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ လူသားအရင်းအမြစ်များရရှိစေရေးအတွက် အခြေခံပညာအလယ်တန်းအဆင့် (Grade – 6, 7, 8, 9) အတန်းများကပင် စက်မှု၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဘာသာရပ်ဆိုင်ရာ အခြေခံဗဟုသုတများရရှိလာစေရန် နိုင်ငံတော်အစိုးရ၏လမ်းညွှန်ချက်အရ သင်ကြားပို့ချပေးနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ ရရှိလာသည့် ပညာရပ်ဆိုင်ရာဗဟုသုတများအပေါ်မူတည်၍ ရွေးချယ်လာသော စိုက်ပျိုးရေး၊ မွေးမြူရေးဘာသာရပ်များကို Grade–10, Grade–11 , Grade–12 အဆင့်တွင်ဆက်လက်သင်ယူပြီး သက်ဆိုင်ရာ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တို့တွင်တက်ရောက်သင်ယူကာ နိုင်ငံတော်၏လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ဖွင့်လှစ်သည့် ယခုသင်တန်းသည် စတုတ္ထအကြိမ်မြောက်ဖွင့်လှစ်ခြင်းဖြစ်ပြီး ဖွင့်ပွဲသို့ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးအထူးပြုဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုစွမ်းရည်မြှင့်တင်ရေး သင်တန်းသား၊ သင်တန်းသူ ၃၈၁ ဦးတို့ တက်ရောက်ကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် တပ်ကုန်းမြို့နယ် သရက်ကွင်းကျေးရွာအနီး၌ အသစ်တည်ဆောက်လျက်ရှိသည့် ဆင်သေရေလွှဲဆည်တည်ဆောက်ရေးစီမံကိန်းကိုကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီး က ၂၀၁၇ ခုနှစ်မိုးရာသီအမီ လုပ်ငန်းများပြီးစီးရေး၊ ပုံစံ(၇)ရှိပြီး လယ်မြေများအတွက် လယ်မြေများစနစ်တကျဖော်ထုတ်ပေးခြင်းကို အုပ်ချုပ်ရေးအဖွဲ့များနှင့်သက်ဆိုင်ရာဌာနများပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(ပျဉ်းမနား)ရှိ မျိုးစေ့စမ်းသပ်စိုက်ပျိုးကွင်း၌ ရွှေတောင်-၁၀ နှင့် RAKA 666 ဝါမျိုးနှစ်မျိုးစမ်းသပ်စိုက်ပျိုးထားမှုကို ကွင်းဆင်းစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက အကြိမ်ကြိမ် ဝါဆွတ်ဝါကောက်ခြင်းနှင့် တစ်ကြိမ်တည်းအပြီး ဝါကောက်သိမ်းခြင်းတွင် ဝါအထွက်နှုန်းနှင့် အကျိုးအမြတ်တူနိုင်သော်လည်း ဝါစိုက်ပျိုးဆွတ်ခူးချိန်ကာလတိုခြင်း၊ တစ်ဧကအထွက်နှုန်းကို တစ်ကြိမ်တည်းဖြင့် အမှန်ရရှိစေနိုင်ခြင်း၊ လုပ်သားရှားပါးမှုအခက်အခဲကို တောင်သူများကျော်လွှားနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။ **မြဝတီ**

## နေပြည်တော်အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့်တာဝန်ရှိသူများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း လက်ခံတွေ့ဆုံ



နေပြည်တော် ဧပြီ ၂၇

စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌နေပြည်တော်အသေးစား၊အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်ဖြစ်သည့် ဝါ မှ ဝါဂွမ်း၊ ချည်၊ ပိတ်၊ အထည်ထုတ်လုပ်သည့် ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဖြည့်ဆည်းဆောင်ရွက်ပေးမည့်အခြေအနေ၊ ဝါးမှ ပျော့ဖတ်များ တစ်နိုင်တစ်ပိုင်ထုတ်လုပ်ရန်နှင့်လူသုံးကုန်ပစ္စည်းများထုတ်လုပ်နိုင်ရန် နည်းပညာပံ့ပိုးပေးနိုင်ရေး၊ MSME များအတွက်ချေးငွေစီးဆင်းမှုမြန်ဆန်ရေး ဆောင်ရွက်ရမည့် အစီအစဉ်များ၊ ဒစ်ဂျစ်တယ်စနစ်တွင်ကျယ်ပြန့်စွာအသုံးပြုနိုင်ရန် အသိပညာပေးဆွေးနွေးပွဲများကျင်းပရေး၊ နိုင်ငံတော်မှ ပေးအပ်သည့် အခွင့်အရေးများရရှိစေရန် မှတ်ပုံတင်ပြုလုပ်ရေး၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရေး၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်များပေါ်ထွန်းလာစေရေး၊ MSME အစုအဖွဲ့များပိုမိုအားကောင်းလာစေရေးနှင့် Agro–Base Industries ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့်အခြေအနေတို့ကို ဆွေးနွေးကြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက MSME လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများ စတင်ဆောင်ရွက်ချိန်တွင် တရားဝင်ဖြစ်စေရေး မှတ်ပုံတင်ထားရှိရန်၊ ကုန်ကြမ်းအဖြစ်ရောင်းချခြင်းထက် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချရန်၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးမီကုန်ပစ္စည်းများ ထုတ်လုပ်မှုတိုးမြှင့်ရန်နှင့် စွန့်ဦးတီထွင်သူများဖြစ်ပေါ်လာစေရေးစည်းရုံးဆောင်ရွက်ရန်၊ တစ်ဦးတစ်ယောက်ချင်းနှင့် MSME အစုအဖွဲ့များ အားကောင်းလာစေရေး အားပေးဆောင်ရွက်ရန်နှင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာကဏ္ဍမှ ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားကြောင်း သိရသည်။ **မြဝတီ**

## (၂၇-၄-၂၀၁၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏ | ၁၈,၃၆၈,၀၆၀.၁၈ | ၁,၉၀၆,၀၁၆.၀၀ | ၂,၉၃၇,၅၇၆.၈၂ | ၁,၄၂၀,၀၀၀.၀၀ |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့်ပမာဏ | | | ၂,၂၃၉,၃၄၅.၁၆ | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ စက်မှုကုန်ကြမ်း၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ တိရစ္ဆာန်အစာတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၄.၆၁ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၀၁ သန်းကိုလည်းကောင်း၊ ဗဟိုဘဏ်မှ ကား/ဆိုင်ကယ်အပိုပစ္စည်းကဏ္ဍ၊ စက်မှုကုန်ကြမ်းကဏ္ဍ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများကဏ္ဍနှင့် Non Trade ကဏ္ဍတို့သို့ ထိုင်းဘတ် ၂.၂၄ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

# နေပြည်တော် ပြည်ထောင်စုနယ်မြေ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများနှင့်ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် တွေ့ဆုံ

နေပြည်တော် မေ ၂၇

နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုအဆင့်အတန်းများ မြင့်မားလာစေရေးနှင့် နေပြည်တော်ရှိ ခရီးစဉ်ဒေသများသို့ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ ပိုမိုတိုးတက်ဝင်ရောက်လာစေရေးတို့အတွက်ရည်ရွယ်၍ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ယနေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာန၏ ကျောက်စိမ်းခန်းမ၌ နေပြည်တော်ပြည်ထောင်စုနယ်မြေအတွင်းရှိဟိုတယ်နှင့်ခရီးသွားဆိုင်ရာအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ ဟိုတယ်များမှတာဝန်ရှိသူများအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသို့ ပြည်ပခရီးသွားဧည့်သည်များ ပိုမိုတိုးတက်ဝင်ရောက်လာရေးအတွက် မြန်မာနိုင်ငံအား ကမ္ဘာကသိရှိသောခရီးစဉ်ဒေသကြီးတစ်ခုဖြစ်စေရန် ခရီးသွားမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ခရီးသွားဈေးကွက်ဝင်နိုင်ငံများအပြင် ကျယ်ကျယ်ပြန့်ပြန့် မြှင့်တင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ နေပြည်တော်တွင် ဘုရားဖူးခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုအခြေခံခရီးသွားလုပ်ငန်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းကဲ့သို့သော မတူကွဲပြားသည့် ခရီးသွားလုပ်ငန်းအမျိုးအစားများကို ဖော်ဆောင်ပြီး ခရီးသွားများကို ဆွဲဆောင်နိုင်ရေး ကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ နေပြည်တော်သည် မြန်မာနိုင်ငံ၏ အချက်အချာကျသောမြို့ကြီးဖြစ်သကဲ့သို့ သွားလာရေးလွယ်ကူမှုရှိသည့် ခရီးစဉ်ဒေသကြီးဖြစ်သည့်အတွက် ခရီးသွားလုပ်ငန်းအမျိုးအစားများဖော်ဆောင်ရန် အားသာချက်များစွာရှိပါကြောင်း၊ မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသကြီးများ၏ ပကတိအခြေအနေမှန်များကို ကမ္ဘာကသိအောင်အစိုးရ၊ ပုဂ္ဂလိက၊ ပြည်သူအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသူများက မိမိတို့သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်အလိုက် လုပ်ငန်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ တွေ့ကြုံနေရသည့် အခက်အခဲများ၊ ဆောင်ရွက်ပေးစေလိုသည့် ကိစ္စရပ်များ၊ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ကာတာနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟောင်းနှင့်ကာကွယ်ရေးဝန်ကြီးဟောင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ လက်ခံတွေ့ဆုံ



နေပြည်တော် မေ ၂၇

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် ကာတာနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟောင်းနှင့် ကာကွယ်ရေးဝန်ကြီးဟောင်းဖြစ်သူ ဒေါက်တာ ခါလစ် ဘင် မိုဟာမက် အယ်လ် အက်တီယာ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကာတာနိုင်ငံတို့အကြား နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ သတ္တုတူးဖော်ရေး၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်သွားရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်နှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

မြဝတီ

# ထိုင်းသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Yordying Supasri ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး လက်ခံတွေ့ဆုံ



နေပြည်တော် မေ ၂၇

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် ရန်ကုန်မြို့အခြေစိုက် ထိုင်းနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Yordying Supasri ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး၊ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများဆောင်ရွက်နေသော ထိုင်းနိုင်ငံသားစီးပွားရေးလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်မြင့်မားရေး၊ နှစ်နိုင်ငံကုန်သွယ်မှုများ မြန်ဆန်စေရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ ထိုင်းသံရုံးနှင့် ထိုင်းနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

မြဝတီ

# ကာတာနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟောင်းနှင့် ကာကွယ်ရေးဝန်ကြီးဟောင်းအား ပြည်ထောင်စု အတိုင်ပင်ခံကောင်စီ ကောင်စီဝင် ဦးသန်းဆွေ လက်ခံတွေ့ဆုံ



နေပြည်တော် မေ ၂၇

ပြည်ထောင်စုအတိုင်ပင်ခံကောင်စီကောင်စီဝင်ဦးသန်းဆွေသည်ကာတာနိုင်ငံဒုတိယဝန်ကြီးချုပ်ဟောင်းနှင့်ကာကွယ်ရေးဝန်ကြီးဟောင်းဖြစ်သူ ဒေါက်တာ ခါလစ် ဘင် မိုဟာမက် အယ်လ် အက်တီယာအား ယနေ့မွန်းလွဲပိုင်းတွင် Jasmine Naypyitaw Hotel ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်မြန်မာနိုင်ငံနှင့် ကာတာနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

မြဝတီ

## ၂၇-၄-၂၀၂၄ မှတ်သားဖွယ်ရာမိုးရေချိန်များ

| | | | | |
|---|---|---|---|---|
| ပြင်ဦးလွင် (ဇီးပင်ကြီး) | ၂ | ဒသမ | ၇၉ | လက်မ |
| ရွှေဘို | ၂ | ဒသမ | ၅၂ | လက်မ |
| သပိတ်ကျင်း | ၂ | ဒသမ | ၃၆ | လက်မ |
| ရမည်းသင်း | ၁ | ဒသမ | ၇၇ | လက်မ |
| ရေဦး | ၁ | ဒသမ | ၃၄ | လက်မ |
| ပုသိမ်ကြီး (ရွှေစာရံ) | ၁ | ဒသမ | ၃၀ | လက်မ |
| မတ္တရာ | ၁ | ဒသမ | ၃၁ | လက်မ |
| မိုးကုတ် | ၁ | ဒသမ | ၂၆ | လက်မ |

# ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ တိုင်းဒေသကြီးအဆင့် ဆွေးနွေးပွဲကျင်းပ

ပြည် မေ ၂၇

ပြည်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း သိရီရတနာခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး (အနောက်) KG နှင့် Grade 1 သင်ပြနည်းစနစ်နှင့် မူကြိုသင်ပြနည်းစနစ် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ တိုင်းဒေသကြီးအဆင့် ဆွေးနွေးပွဲကျင်းပခဲ့ရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်းသည် နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးအရှိဆုံးသော ရင်းနှီးမြှုပ်နှံမှုဖြစ်သည့်အတွက် ပညာရေးကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ဘက်ပေါင်းစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သုတေသနပြုချက်များအရ မူကြိုအတွေ့အကြုံရှိသော ကလေးများသည် မူကြိုအတွေ့အကြုံမရှိသော ကလေးများထက်ပို၍ သင်ယူရန်အဆင်သင့်ဖြစ်ကြောင်း တွေ့ရှိရသဖြင့် အခြေခံဖြစ်သော မူကြိုပညာရေးနှင့် KG ၊ Grade 1 ပညာရေးကိုချိတ်ဆက်သင်ကြားခြင်းဖြင့်ကလေးများပညာသင်ယူရာတွင်အဆင်ပြေချောမွေ့နိုင်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်းတို့ကြောင့် ဆရာ၊ ဆရာမများအနေဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ လေ့ကျင့်လေ့လာသွားကြစေလိုကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများကဇာတိမာန်တေးသီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက သင်တန်းအတွက် ငွေကျပ်သိန်း ၃၀ နှင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့်ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပြည်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် ရွှေကူရပ်ကွက်နှင့် ခေတ္တရာရပ်ကွက် မူလတန်းကြိုကျောင်းတို့သို့ သွားရောက်၍ မူလတန်းကြိုတက်ရောက်နေသည့် သားငယ်၊ သမီးငယ်များအား အာဟာရမုန့်၊ ပဲနို့နှင့် မူလတန်းကြိုကျောင်းများအတွက် တစ်ကျောင်းလျှင် ငွေကျပ်သိန်း ၂၀ စီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း၊ မူလတန်းကြိုကျောင်းအတွင်း အရိပ်ရအပင်များစိုက်ပျိုးရန်နှင့် ခေတ်မီကလေးကစားကွင်းများဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၄၁၀)

# ရေကြောင်းလူငယ်မှစချီ အနာဂတ်ကြယ်ပွင့်များဆီသို့

ဝိစ္စုရ(သန်လျင်)



**⊃⊃⊃ လူငယ်များသည် အနာဂတ်နိုင်ငံတော်ကာကွယ်ရေးအတွက် အားကိုးရမည့် အခြေခံကာကွယ်ရေးအင်အားစုများဖြစ်ပြီး လူငယ်များ၏စွမ်းဆောင်နိုင်မှုသည် နိုင်ငံတော်တည်ဆောက်ရေးအတွက် အဓိကကျ . . .**

**⊃⊃⊃ လူငယ်ဆိုသည်မှာ အနာဂတ်နိုင်ငံတော်အတွက် ထပ်လောင်းပေါင်းစည်း တိုးပွားလာမည့် လူသားအရင်းအမြစ်များပင်ဖြစ်၊ ယနေ့ကမ္ဘာကြီးသည် သိပ္ပံနှင့်နည်းပညာဆိုင်ရာ တစ်ဟုန်ထိုးပြောင်းလဲတိုးတက်လျက်ရှိရာ ခေတ်နှင့်လိုက်လျောညီထွေစွာ မိမိတို့အပေါ် ကျရောက်လာမည့် နိုင်ငံတော်တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန်အတွက် ယခုကတည်းက ပြင်ဆင်ကြိုးစားသွားကြရန်လို . . .**

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါသောလူသားအရင်းအမြစ် အစသည်လူငယ်များပင်ဖြစ်သည်၊ လူငယ်များ၏ အသိပညာစွမ်းရည်နှင့် နိုင်ငံချစ်စိတ်ကို မြှင့်တင်ပေးခြင်းဖြင့် ယနေ့ခေတ်လူငယ်များသည် နိုင်ငံတစ်နိုင်ငံ၏အနာဂတ်ကို ဆောင်ရွက်တည်ဆောက်ပေးမည့် အရေးကြီးဆုံးအခြေခံအင်အားများဖြစ်ကြသည်။ “ယနေ့ လူငယ်၊ နောင်ဝယ် လူကြီး”၊ “လူငယ်ဆိုတာ နိုင်ငံ၏အနာဂတ်ကြယ်ပွင့်ဖြစ်သည့်အတွက် လူငယ်ကောင်းလျှင် နိုင်ငံကောင်းပါသည်။ လူငယ်တွေအရည်အသွေးမြင့်လျှင်နိုင်ငံရဲ့အနာဂတ်လည်း မြင့်မားတိုးတက်လာမည်” ဆိုသည့် စကားများသည် လူငယ်များအပေါ် မျှော်လင့်ချက်ကြီးပုံကို ထင်ဟပ်စေသည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များအကျိုးရှိစေရန်၊ မိမိဝါသနာပါသည့်ပညာရပ်များကိုလေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာကျွမ်းကျင်သောအနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်စခန်းများကို မြို့နယ်အသီးသီးတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

တပ်မတော်(ရေ)အနေဖြင့် ရေကြောင်းပညာရပ်များကိုစိတ်ပါဝင်စားပြီး နိုင်ငံတော်အတွက် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်၍ ကျန်းမာကြံ့ခိုင်သည့် ထူးချွန်ထက်မြက်သောလူငယ်လူရွယ်များ ပေါ်ထွန်းလာစေရန် လူငယ်မောင်မယ်များအတွက် ရေကြောင်းလူငယ် အခြေခံသင်တန်း (၁/၂၀၂၆)နှင့် ရေကြောင်းလူငယ်တန်းမြင့်သင်တန်း (၁/၂၀၂၆) တို့ကို ၂၀၂၆ ခုနှစ် ဧပြီလ ၂၇ ရက်မှ မေလ ၂၈ ရက်အထိ လူငယ်စခန်းပေါင်း ၁၃ ခုတွင်သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၈၀၀ ဦးဖြင့် တစ်ပြိုင်တည်းဖွင့်လှစ်ခဲ့ကာ အဆိုပါ သင်တန်းဖွင့်ပွဲများသို့ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်မှ တိုင်းမှူးများ၊ ရေတပ်စခန်းဌာနချုပ်များမှ ဌာနချုပ်မှူးများနှင့် အရာရှိကြီးများ၊ အရာရှိများ အသီးသီး တက်ရောက်ဖွင့်လှစ်ကြသည်။

ရေကြောင်းပညာသည် လွယ်ကူသောပညာရပ်မဟုတ်ဘဲ စည်းကမ်းရှိမှု၊ စိတ်ရှည်သည်းခံနိုင်မှုနှင့် ရဲစွမ်းသတ္တိရှိမှုတို့ကို တစ်ပြိုင်တည်းဆောင်ရွက်ရန် လိုအပ်သည့် ပညာရပ်တစ်ခုဖြစ်သည်။ ရေယာဉ်ပေါ်တွင် အလုပ်လုပ်ရခြင်း၊ ရာသီဥတုအခြေအနေများကိုရင်ဆိုင်ရခြင်း၊ နိုင်ငံတကာရေလမ်းကြောင်းဆိုင်ရာပညာရပ်များကို လေ့လာသင်ယူရခြင်းဖြင့် လူငယ်များအတွက် အတွေ့အကြုံကောင်းများကို ပေးစွမ်းနိုင်မည်ဖြစ်သည်။ ထိုအတွေ့အကြုံများက လူငယ်များကို အရည်အချင်းပြည့်ဝသော အနာဂတ်ခေါင်းဆောင်များအဖြစ် ပြောင်းလဲစေနိုင်သည်။ ရေကြောင်းလူငယ်များအနေဖြင့် အင်္ဂလိပ်ဘာသာစကား၊ နည်းပညာ၊ စည်းကမ်းလိုက်နာမှုနှင့် အဖွဲ့လိုက်လုပ်ဆောင်နိုင်မှု (Team Work) တို့ကို တိုးတက်အောင်လေ့ကျင့်ဆောင်ရွက်ရမည်။ ရေယာဉ်ပေါ်၌ အလုပ်လုပ်ရာတွင်မိမိတစ်ဦးတည်းသာမက အဖွဲ့လိုက်ညီညွတ်မှု (The Power of Unity) သည် အရေးကြီးသဖြင့် အပြန်အလှန်နားလည်မှုနှင့် တာဝန်ယူမှုရှိစေရန် လိုအပ်သည်။

ထို့ပြင် ရေကြောင်းလူငယ်များသည် မိမိတို့၏အိပ်မက်များကို မလျှော့မပျော့ဘဲ အားစိုက်ကာ အခက်အခဲများ၊ ပင်ပန်းမှုများရှိနိုင်သော်လည်း အနာဂတ်ကို ရည်မှန်းပြီး ကြိုးစားသွားပါက နိုင်ငံတော်အတွက် အကျိုးရှိစေမည့်ကြယ်ပွင့်များ အဖြစ် ထွန်းလင်းလာနိုင်မည်ဖြစ်သည်။

ရေကြောင်းလူငယ်များသည် ရေယာဉ်ပေါ်တွင် တာဝန်ထမ်းဆောင်ရန်သာမက အဖွဲ့လိုက်ပူးပေါင်းဆောင်ရွက်နိုင်သော စိတ်ဓာတ်ကိုလည်း တည်ဆောက်ရမည် ဖြစ်ပြီး အပြန်အလှန်ကူညီမှု၊ စည်းကမ်းတကျလေ့ကျင့်မှုနှင့် ခေါင်းဆောင်မှုစွမ်းရည်တို့ကို လေ့လာသင်ယူခြင်းသည် အနာဂတ်တွင် နိုင်ငံတော်၏ရေကြောင်းအခန်းကဏ္ဍ အောင်မြင်နိုင်စေရေး အထောက်အကူဖြစ်စေသည်။ ရေကြောင်းဆိုင်ရာပညာရပ်များနှင့် ရာသီဥတုအခြေအနေတို့ကို စနစ်တကျလေ့လာသင်ယူခြင်းအားဖြင့် လူငယ်များ၏အရည်အချင်းများ ပိုမိုတိုးတက်လာမည်ဖြစ်သည်။ ရေကြောင်းလူငယ်များအတွက် အရေးကြီးဆုံးအချက်မှာ “ညီညွတ်မှုနှင့် အပြန်အလှန်လေးစားမှု” ဖြစ်သည်။

လူငယ်ဟူသည် စူးစမ်းလိုစိတ်ရှိခြင်း၊ ဖျတ်လတ်တက်ကြွခြင်း၊ အရာရာကိုတီထွင်ဖန်တီးလိုစိတ်ရှိခြင်း၊ အမှန်တရားကို မြတ်နိုးခြင်းစသော ဂုဏ်သတ္တိများရှိသကဲ့သို့ မှန်ကန်သောအတွေးအခေါ်နှင့်တိုင်းပြည်နှင့် လူမျိုးအပေါ်ချစ်မြတ်နိုးရန်လည်း လိုအပ်သည်။ ထို့ပြင် လူငယ်များသည် အနာဂတ်နိုင်ငံတော်ကာကွယ်ရေးအတွက် အားကိုးရမည့် အခြေခံကာကွယ်ရေး အင်အားစုများဖြစ်ပြီး လူငယ်များ၏ စွမ်းဆောင်နိုင်မှုသည် နိုင်ငံတော် တည်ဆောက်ရေးအတွက် အဓိကကျပေသည်။ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန် အင်အားနှင့် စွမ်းရည်မရှိပါက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုသည် ရေရှည်မတည်တံ့နိုင်သောကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးသာမက နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် လူငယ်များ၏ တက်ကြွစွာပူးပေါင်းဆောင်ရွက်မှုများသည် လွန်စွာအရေးပါသည်။ မျက်မှောက်ခေတ် ကမ္ဘာ့နိုင်ငံအသီးသီးသည် မိမိနိုင်ငံ အခွန့်ရှည်ရပ်တည်နိုင်ရေးအတွက် လူငယ်များ၏အခန်းကဏ္ဍကို ဘက်ပေါင်းစုံမှအလေးထားပြုစုပျိုးထောင်လျက်ရှိသည်။

ရေကြောင်းလူငယ်အခြေခံသင်တန်းနှင့် ရေကြောင်းလူငယ်တန်းမြင့်သင်တန်းများကို ရေကြောင်းပညာရပ်များနှင့် ရေကြောင်းသွားလာရေးဆိုင်ရာ အတတ်ပညာများအား လူငယ်လူရွယ်များ စိတ်ပါဝင်စားလာပြီး ကျွမ်းကျင်တတ်မြောက်စေရန်၊ ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးတွင် ရေကြောင်းပို့ဆောင်ရေးအခန်းကဏ္ဍသည် အရေးပါကြောင်း လူငယ်များသိရှိနားလည်စေရန်၊ စိတ်ဓာတ်၊ စည်းကမ်းနှင့် ကိုယ်လက်ကြံ့ခိုင်မှုကောင်းမွန်မြင့်မားပြီး စည်းလုံးညီညွတ်စွာစုပေါင်းဆောင်ရွက်မှု အလေ့အကျင့်ကောင်းများရရှိလာစေရန်၊ ကျောင်းချိန်ပြင်ပဖြစ်သော ကိုယ်ပိုင်အချိန်ကို အလဟဿမဖြစ်စေဘဲ အချိန်ကိုတန်ဖိုးရှိစွာ အသုံးချတတ်ပြီး မိမိဝါသနာပါရာပညာရပ်ကို တစိုက်မတ်မတ်လေ့လာလေ့ကျင့်နိုင်စေရန်၊ နိုင်ငံတော်၏ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းဆောင်ရွက်ပေးရန်၊ အသိပညာ၊ အတတ်ပညာများ တိုးပွားလာပြီး အနာဂတ်နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့် မျိုးဆက်သစ်များ ပေါ်ထွန်းလာစေရန်နှင့် တိုင်းပြည်အတွက်အရေးပေါ်ကာလများတွင်လူငယ်လူရွယ်များကို နိုင်ငံတော်ကာကွယ်ရေး အရန်အင်အားများအဖြစ် အားကိုးအားထားပြုနိုင်ရန် ရည်ရွယ်သည်။

ရေကြောင်းလူငယ်သင်တန်းတစ်ခုတွင် သင်ကြားရသည့် ဘာသာရပ်များမှာ စစ်ရေးပြ၊ တပ်မတော်(ရေ)သမိုင်း၊ နက္ခတ္တဗေဒဘာသာရပ်၊ ရေတပ်သားဘာသာရပ်၊ ရေတပ်အချက်ပြဆက်သွယ်ရေးဘာသာရပ်၊ ရေကြောင်းလမ်းညွှန်အခြေခံသဘောတရား၊ GPS၊ Radar နှင့် အီလက်ထရောနစ်ဆက်သွယ်ရေးအပါအဝင် ရေကြောင်းသွားလာရေးဘာသာရပ်၊ ရေကူး၊ လှေလှော်ရွက်တိုက် စသည်ဖြင့် သင်ကြားပြသပေးသည်။ သင်တန်းသို့တက်ရောက်ခြင်းဖြင့် စည်းကမ်းကောင်းမွန်စေခြင်း၊ လူငယ်များပူးပေါင်းဆောင်ရွက်တတ်စေခြင်း၊ အမိန့်နာခံမှုကောင်းခြင်း၊ ကျန်းမာကြံ့ခိုင်ခြင်းတို့အပြင် စစ်ရေယာဉ်များ၏စွမ်းရည်၊ တာဝန်ထမ်းဆောင်ပုံနှင့် ရေတပ်ဆိုင်ရာ အခေါ်အဝေါ်များကို နားလည်သဘောပေါက်စေခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်သည်။ ရေကြောင်းလူငယ်သင်တန်းသားများအနေဖြင့်သာမန်ကျောင်းသားလူငယ်များ၊ သင်ယူလေ့လာရန်ခက်ခဲပြီး အခွင့်အလမ်းနည်းပါးသည့် ရေကူးဘာသာရပ်နှင့် လှေလှော်ရွက်တိုက်ဘာသာရပ်များကို သင်ကြားရသဖြင့် ရေနှင့်ရင်းနှီးကျွမ်းဝင်ကာ ခန္ဓာကိုယ်ကြံ့ခိုင်သန်စွမ်းခြင်း၊ သက်လုံကောင်းခြင်း၊ မိမိကိုယ်ကို ယုံကြည်မှုရှိခြင်းတို့အပြင် နိုင်ငံတော်အတွက် မျိုးဆက်သစ်အားကစားသမားကောင်းများ ပေါ်ထွက်လာမည်ဖြစ်သည်။

ထို့ပြင် ရေတပ်သားဘာသာရပ်ကို သင်ကြားခြင်းဖြင့်ရေယာဉ်များ၏အရာဂတ္ထုအသုံးအဆောင်၊ ပစ္စည်းသုံးစွဲပုံ စသည်တို့ကို သီးခြားသတ်မှတ်ခေါ်ဆိုသော ရေကြောင်းဆိုင်ရာဝေါဟာရများ၊ ကြိုးချည်ကြိုးထိုးနည်းများ၊ အဝေးကြည့်ကင်းတာဝန်ထမ်းဆောင်ခြင်း၊ ရေတိုင်းခြင်းစသော ရေတပ်သားတစ်ဦး အခြေခံသိရှိသင့်သည့် လုပ်ငန်းတာဝန်ပညာရပ်များကို သိရှိနားလည်နိုင်မည်ဖြစ်သည်၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဘာသာစကားကွဲပြားခြားနားသော်လည်း ရေတပ်သားအချက်ပြဆက်သွယ်ရေးဘာသာရပ်ကိုသင်ကြားခြင်းဖြင့် ပင်လယ်ပြင်တွင် ရေယာဉ်တစ်စင်းနှင့်တစ်စင်း အလံတင်/ချ ဆက်သွယ်နည်း၊ မျက်မြင်အချက်ပြဆက်သွယ်နည်းများဖြင့် ဆက်သွယ်နိုင်မည်ဖြစ်သည်။ ရေကြောင်းလူငယ်သင်တန်းတက်ရောက်ပြီးသည့်အခါ အချို့သောလူငယ်များအနေဖြင့် သင်တန်းမှရရှိလာသော အတွေ့အကြုံများနှင့် စိတ်ဓာတ်များကိုအခြေခံ၍ အနာဂတ် တပ်မတော်(ရေ)တွင် အမှုထမ်းရန်၊ မြန်မာနိုင်ငံရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများတွင်ပါဝင်ရန် **စာမျက်နှာ ၁၃ သို့** ■

■ စာမျက်နှာ ၁၂ မှအဆက်

သို့မဟုတ် နိုင်ငံတကာကုန်သွယ်ရေယာဉ်များတွင်အမှုထမ်းရန် ဆုံးဖြတ်ချက်ချနိုင်ကြမည်ဖြစ်သည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် အရေးပါသည့် ပြည်တွင်း၊ ပြည်ပရေကြောင်းသယ်ယူပို့ဆောင်ရေး၊ ပင်လယ်ပြင်သယံဇာတများ ရှာဖွေဖော်ထုတ်အသုံးချရေး၊ ပင်လယ်ပြင်ဂေဟစနစ်များပျက်စီးမှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ရေး၊ ပင်လယ်ပြင်ရေလမ်းကြောင်းများကို စနစ်တကျအသုံးပြုရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ယနေ့လူငယ်များသည် အနာဂတ်ရေကြောင်းဆိုင်ရာအသိပညာရှင်၊ အတတ်ပညာရှင်အင်အားစုများအဖြစ် ကျရာအခန်းကဏ္ဍအသီးသီးမှ ပခုံးပြောင်းထမ်းဆောင်နိုင်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံနှင့်ထိစပ်လျက်ရှိသည့် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့သည် ပထဝီအနေအထားအရ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးတို့တွင် အလွန်အချက်အချာကျသည်။ မြန်မာ့ပင်လယ်ပြင်မှ အဖိုးထိုက်အဖိုးတန်ရေပေါ်ရေအောက်သယံဇာတများ ထုတ်ယူသုံးစွဲလျက်ရှိရာ နိုင်ငံ၏အမျိုးသားအကျိုးစီးပွားကို များစွာပံ့ပိုးပေးလျက်ရှိသည်။ ရေကြောင်းအကျိုးစီးပွားအပေါ် အခြေပြုတည်ဆောက်သွားကြသည့် နိုင်ငံအားလုံးတို့သည် ခေတ်မီဖွံ့ဖြိုးတိုးတက်ကြသည်ချည်းဖြစ်သည်။ ထို့ကြောင့် **“မြန်မာ့ပင်လယ်ပြင်သည်မြန်မာနိုင်ငံ၏အနာဂတ်”** ဖြစ်သည်ဟု ဆိုနိုင်သည်။

တပ်မတော်(ရေ)သည် **“နိုင်ငံတော်အားပင်လယ်ပြင်မှ ရှေ့တန်းကျကျကာကွယ်နိုင်ရမည်၊ နိုင်ငံတော်၏ရေကြောင်းအကျိုးစီးပွားအား ကာကွယ်စောင့်ရှောက်ရမည်၊ ကြည်း၊ ရေ၊ လေ ပူးပေါင်းစစ်ဆင်နိုင်စွမ်းရှိရမည်”** ဟူသော ရည်မှန်းချက်တာဝန်များ ချမှတ်ပြီး သုံးဖက်မြင်စစ်ဆင်နိုင်စွမ်းရှိသည့် တိုက်ပွဲဝင်အသင့်ရေတပ် (Three Dimensional Combat Ready Navy) ဖြစ်စေရန် မျှော်မှန်းတည်ဆောက်လျက်ရှိပြီး ဝေဟင်စစ်ဆင်ရေး၊ ရေပြင်စစ်ဆင်ရေး၊ ရေအောက်ရန်ကာကွယ်မှုစစ်ဆင်ရေးနှင့် အီလက်ထရောနစ်စစ်ဆင်ရေး စသည့် စစ်ဆင်မှုနယ်ပယ်လေးရပ်ကို စစ်ဆင်နိုင်စွမ်းရှိသည့် စစ်ရေယာဉ်များနှင့် ရေငုပ်သင်္ဘောစစ်ရေယာဉ်များကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ရာ ဒေသတွင်း ရေတပ်များနှင့် ရင်ပေါင်တန်းနိုင်ပြီး မြန်မာ့ပင်လယ်ပြင်ကို ကာကွယ်နိုင်စွမ်းရှိနေပြီဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏အမျိုးသားရေကြောင်းအကျိုးစီးပွား (National Interests)နှင့် ရေကြောင်းစွမ်းအား (Sea Power) သည် ရေတပ်စွမ်းအားတစ်ခုတည်းအပေါ် မှီတည်နေသည်မဟုတ်ဘဲ ပြည်သူလူထု၏ ရေကြောင်းဆိုင်ရာအသိပညာရှိမှု၊ ပင်လယ်ရေကြောင်းအပေါ် အာရုံစိုက်အလေးထားနိုင်မှုနှင့် ရေကြောင်းဆိုင်ရာအခြေခံအဆောက်အအုံများနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှု စသည့်အချက်များအပေါ် မူတည်နေသည်၊ အရာရာကိုစူးစမ်းလေ့လာလိုစိတ်ရှိသော၊ နိုးကြားတက်ကြွသော လူငယ်များ၏ရေကြောင်းဆိုင်ရာအသိပညာ၊ အတတ်ပညာများကို လေ့လာသင်ယူအားထုတ်မှုအပေါ်တွင် များစွာတည်မှီသည်။ ထို့ကြောင့် အနာဂတ်နိုင်ငံတော်နှင့် တပ်မတော်(ရေ)အတွက် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာစေရေး ရေကြောင်းလူငယ်သင်တန်းများတွင် ပင်လယ်ရေကြောင်းဆိုင်ရာ ယုံကြည်ချက်၊ ခံယူချက်ကောင်းမွန်ပြီး ရေကြောင်းအသိပညာ၊ ဗဟုသုတ၊ အတွေ့အကြုံများ ပြည့်စုံနေစေရန် ရေကြောင်းဆိုင်ရာ အသိပညာ၊ အတတ်ပညာနှင့် အတွေ့အကြုံများ သင်ကြားဖြန့်ဝေ လက်ဆင့်ကမ်းအမွေပေးလျက်ရှိသည်။

ရေကြောင်းလူငယ်များအနေဖြင့် မိမိတို့၏အိပ်မက်ကိုအကောင်အထည်ဖော်ရန် အခက်အခဲများကို မကြောက်မရွံ့ဘဲ ကြိုးစားရမည်ဖြစ်သည်။ ပင်လယ်ရေပြင်တွင် ကြုံတွေ့ရမည့်စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် အသိပညာ၊ အတတ်ပညာနှင့် လက်ရုံးရည်၊ နှလုံးရည် နှစ်ခုလုံးကိုပြည့်စုံအောင် လေ့ကျင့်ရမည်ဖြစ်သည်။ ထိုသို့ကြိုးစားသော လူငယ်မောင်မယ်များသည် အနာဂတ်တွင် တောက်ပသော ကြယ်ပွင့်များအဖြစ် ပေါ်ထွန်းလာမည်ဖြစ်သည်။ နိုင်ငံတော်၏ ဂုဏ်သိက္ခာကို မြှင့်တင်ပေးနိုင်မည့်ရေကြောင်းလူငယ်များဖြစ်လာစေရန်အားလုံးက စည်းလုံးညီညွတ်စွာ ကြိုးစားကြရမည်ဖြစ်သည်။ မြန်မာပြည်အနှံ့မှရောက်လာကြသည့် သင်တန်းသား၊ သင်တန်းသူများ တွေ့ဆုံကြရမည်ဖြစ်ရာ အသိမိတ်ဆွေများတိုးပွားလာမည့်အပြင် သက်ဆိုင်ရာဒေသအသီးသီး၏ ဒေသန္တရဗဟုသုတများလည်း ရရှိကြမည်ဖြစ်သည်။ ရေကြောင်းလူငယ်သင်တန်း တက်ရောက်လျက်ရှိသည့် လူငယ်မောင်မယ်များသည် အနာဂတ်နိုင်ငံတော်ကို ထုဆစ်ပုံဖော်ကြမည့် နိုင်ငံတော်က အားထားရသည့် ရေကြောင်းဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်များအဖြစ်လည်းကောင်း၊ အနာဂတ်တပ်မတော်(ရေ)၏ မျိုးဆက်သစ်လူငယ်များအဖြစ်လည်းကောင်း မြန်မာ့ပင်လယ်ပြင်ကို ကာကွယ်စောင့်ရှောက်နိုင်သည့် နိုင်ငံ့ရတနာအနာဂတ်ကြယ်ပွင့်များအဖြစ်လည်းကောင်း မြင်တွေ့ကြရမည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲများကလည်း အနာဂတ်အတွက် လူငယ်များ၏အခန်းကဏ္ဍသည် အလွန်အရေးကြီးကြောင်း သိရှိနားလည်သဖြင့် ရေကြောင်းလူငယ်မောင်မယ်များကို လက်ခံတွေ့ဆုံအားပေးစကားပြောကြားခြင်း၊ လိုအပ်သည်များ လမ်းညွှန်မှာကြားခြင်းတို့ကို အရေးတယူဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အကြီးအကဲများအနေဖြင့် လူငယ်များကို အလေးအနက်ထားသည်မှာလည်း သိသာထင်ရှားလှသည်။ နိုင်ငံတော်အကြီးအကဲများ၏ အားပေးချီးမြှင့်လမ်းညွှန်မှုများကြောင့်သင်ထောက်ကူပစ္စည်းများစုံလင်စွာ ဘာသာရပ်များကို သက်ဆိုင်ရာဘာသာရပ်ကျွမ်းကျင်သူ အရာရှိ၊ နည်းပြများမှ စနစ်တကျသင်ကြားပြသပေးပြီး နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေး၊ ဆေးအကာအကွယ်ပေးရေးကအစ စနစ်တကျလိုအပ်ချက်မရှိအောင်ဆောင်ရွက်ပေးထားသည်ကို ကြည့်ခြင်းအားဖြင့် ရေကြောင်းလူငယ်မောင်မယ်များအပေါ် နိုင်ငံတော်အနေဖြင့် မည်မျှအလေးအနက်ထားကြောင်းကို သိနိုင်သည်။

ယနေ့နိုင်ငံတော်တာဝန်ထမ်းဆောင်နေကြသူများမှာ တစ်ချိန်က ကျောင်းသား၊ ကျောင်းသူ လူငယ်များပင်ဖြစ်သည်။ လူငယ်ဆိုသည်မှာ အနာဂတ်နိုင်ငံတော်အတွက် ထပ်လောင်းပေါင်းစည်း တိုးပွားလာမည့် လူသားအရင်းအမြစ်များပင်ဖြစ်သည်။ ယနေ့ကမ္ဘာကြီးသည် သိပ္ပံနှင့်နည်းပညာဆိုင်ရာ တစ်ဟုန်ထိုးပြောင်းလဲတိုးတက်လျက်ရှိရာ ခေတ်နှင့်လိုက်လျောညီထွေစွာ မိမိတို့အပေါ် ကျရောက်လာမည့် နိုင်ငံတော်တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန်အတွက် ယခုကတည်းက ပြင်ဆင်ကြိုးစားသွားကြရန် လိုအပ်သည်။

မြန်မာနိုင်ငံတော်နှင့်မြန်မာ့ပင်လယ်ပြင်ကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်(ရေ)အနေဖြင့်လည်း မျိုးဆက်သစ်လူငယ်များအား လက်ဆင့်ကမ်းအမွေပခုံးပြောင်းတာဝန်လွှဲပြောင်းပေးရမည်ဖြစ်သည်၊ သို့ဖြစ်၍ ရေကြောင်းလူငယ်သင်တန်းသည် ယနေ့ခေတ်ရေကြောင်းပညာကို စိတ်ဝင်စားသော လူငယ်တစ်ဦးအား မနက်ဖြန်၏ အနာဂတ်ကြယ်ပွင့်ဖြစ်လာစေရန် ပျိုးထောင်ပေးသော ပျိုးခင်းကောင်းတစ်ခုပင်ဖြစ်ပေသည်။ ထို့ကြောင့် ယခုနှစ်ဖွင့်လှစ်မည့်ရေကြောင်းလူငယ်စခန်းများတွင် သင်တန်းတက်ရောက်ကြမည့် ရေကြောင်းလူငယ်မောင်မယ်များသည်တပ်မတော်(ရေ)မျိုးဆက်သစ်များအဖြစ်လည်းကောင်း၊ အနာဂတ်နိုင်ငံတော်ကို ထုဆစ်ပုံဖော်ကြမည့် အားတစ်ခုအဖြစ်လည်းကောင်း၊ မြန်မာ့ပင်လယ်ပြင်ထက်တွင် လင်းလက်တည်ရှိလာမည့် ကြယ်ပွင့်များအဖြစ်လည်းကောင်း **“ရေကြောင်း လူငယ်မှစချီ အနာဂတ်ကြယ်ပွင့်များဆီသို့”**ဟူ၍ ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

# ရပ်စောက်မြို့နယ်၌ ပဲပုပ်စိုက်ပျိုးထုတ်လုပ်နိုင်ရေး ပညာပေးကွင်းသရုပ်ပြပွဲကျင်းပ



**ရပ်စောက် ဧပြီ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ပွေးကျေးရွာအုပ်စု နောင်မိုင်းကွင်း၌ ဧပြီလ ၂၇ ရက် နံနက်ပိုင်းတွင် စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲမှ ဦးဆောင်မှုဖြင့် ပိုးသတ်ဆေးခတ်ကြွင်းကင်းစင်သည့် ပဲပုပ်စိုက်ပျိုးထုတ်လုပ်နိုင်ရေး ပညာပေးကွင်းသရုပ်ပြပွဲကျင်းပသည်။

ကွင်းသရုပ်ပြပွဲတွင် ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဒေါ်စန္ဒာလင်းက အဖွင့်အမှာစကားပြောကြားပြီး သီးနှံကာကွယ်ရေးဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်အေးပွင့်ခိုင်က ပိုးသတ်ဆေးခတ်ကြွင်းကင်းစင်ရေးအတွက် ပညာပေးစံပြကွက် ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသူများက ပိုးသတ်ဆေးသုံးစွဲရာတွင် စနစ်တကျ ကိုင်တွယ်သုံးစွဲနိုင်ရေးအတွက် ဆေးဖျန်းအကာအကွယ်ဝတ်စုံများနှင့် Face Shield များ၊ နည်းပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးအပ်ပြီး တောင်သူများ သိရှိလိုသည်များကိုလည်း သက်ဆိုင်ရာပညာရှင်များက ရှင်းလင်းဖြေကြားပေးသည်။

အဆိုပါ ထွက်ရှိလာသောသီးနှံများ၏ ပိုးသတ်ဆေး ခတ်ကြွင်းပါဝင်မှုအား စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ၏ ISO/IEC 17025 နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ်ရရှိထားသော စိုက်ပျိုးရေးထွက်ကုန်များ စစ်ဆေးရေးခတ်ခွဲခန်းတွင် စမ်းသပ်စစ်ဆေးမှုများ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

(၄၀၅)

# စက်ချုပ်နည်းပညာသင်တန်းနှင့် ယိုမျိုးစုံထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်လှစ်

**နေပြည်တော် ဧပြီ ၂၇**

နေပြည်တော်ကောင်စီနယ်မြေလယ်ဝေးမြို့နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ ရက် ၁၀၀ အတွင်း ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးပွားပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများထူထောင်နိုင်စေရန်ရည်ရွယ်၍ စက်ချုပ်နည်းပညာသင်တန်းနှင့် Snack အမျိုးမျိုး၊ ယိုမျိုးစုံထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲကို ဧပြီလ ၂၇ ရက် နံနက်ပိုင်းတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန Incubation Center ၌ ကျင်းပသည်။

အခမ်းအနားတွင် လယ်ဝေးမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းငွေက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသခံများ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယခုဖွင့်လှစ်သည့် စက်ချုပ်နည်းပညာသင်တန်းနှင့် Snack အမျိုးမျိုး၊ ယိုမျိုးစုံထုတ်လုပ်မှုနည်းပညာသင်တန်းများတွင် သင်တန်းသားများအား သက်ဆိုင်ရာနည်းပညာရပ်များကို ကိုယ်ပိုင်လုပ်ငန်းထူထောင်နိုင်သည်အထိ စာတွေ့ ၃၀ ရာခိုင်နှုန်း၊ လက်တွေ့ ၇၀ ရာခိုင်နှုန်း သင်ကြားပေးသွားမည်ဖြစ်သည်။

အဆိုပါ လုပ်ငန်းထူထောင်မည့် ထူးချွန်သင်တန်းသား ၁၅ ဦးအား သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ သုံးစွဲခွင့်ပေးပြီး ရက် ၁၀၀ အတွင်း ကိုယ်ပိုင်လုပ်ငန်းထူထောင်နိုင်ရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဇော်မျိုး(မြဝတီ)**

ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံးကိုသာ အသုံးပြုပါ။

■ ကျောဖုံးမှအဆက်

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၄)မှသင်တန်းသားများအားတွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့်


နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၄)မှ သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။


ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၄)မှ သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။


ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၄)မှ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်စဉ်။


အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၄) သင်တန်းဖွင့်ပွဲကျင်းပစဉ်။






တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၄) သင်တန်းဖွင့်ပွဲကျင်းပစဉ်။


အနောက်တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၄) သင်တန်းဖွင့်ပွဲကျင်းပစဉ်။



ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင်တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းများသည်တာဝန်ကျရာတပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင်ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၄)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့်သင်တန်းသားများ၏စကားသံများကိုလည်း ယခုလိုပဲကြားသိခဲ့ရပါတယ် -

"နိုင်ငံသားတစ်ယောက်အနေနဲ့ပေါ့နော်၊ ဒီပြည်သူ့စစ်မှုထမ်းကို ထမ်းဆောင်သင့်တယ်ထင်လို့ ကျွန်တော်လာပြီးတော့ ထမ်းဆောင်တာဖြစ်ပါတယ်။ ဘယ်လိုခံယူချက်လဲဆိုတော့ မြန်မာနိုင်ငံမှာရှိတဲ့သူတွေပေါ့ ယောကျ်ားသားတိုင်းက ဒီပြည်သူ့စစ်မှုထမ်းကို မည်သူမဆိုထမ်းဆောင်သင့်တယ်ထင်လို့ ကျွန်တော်လာရောက်ထမ်းဆောင်ခြင်းဖြစ်ပါတယ်။ ကျွန်တော့်မိသားစုတွေကလည်း ပြည်သူ့စစ်မှုထမ်းကို လိုလိုလားလားနဲ့ပေါ့။ မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ပေါ့။ သူတို့ကတော့ တက်ရောက်စေချင်တယ်၊ ကျွန်တော်ကိုယ်တိုင်ကလည်း တက်ရောက်ချင်တဲ့စိတ်ရှိလို့ ပြည်သူ့စစ်မှုထမ်းကို တက်ရောက်ခြင်းဖြစ်ပါတယ်။ ကိုယ်ဝါသနာပါတာလည်း ဖြစ်သလို ကိုယ့်မိဘတွေကလည်း လိုက်ပြီးတော့ လိုက်လျောညီထွေစွာနဲ့ တိုက်တွန်းပေးတယ်။ ပြီးတော့ ဒီမှာအပေါင်းအသင်းဘော်ဒါတွေလည်းရှိတော့ ပိုပြီးတော့ ပျော်ရွှင်ရပါတယ်။ ပြည်သူ့စစ်မှုထမ်းကို ပြဋ္ဌာန်းလိုက်တဲ့အချိန်မှာဆိုရင်တော့ နိုင်ငံသားတစ်ယောက်အနေနဲ့ ကိုယ့်နိုင်ငံကို တာဝန်ယူကာကွယ်ရမယ်ဆိုပြီး သိရှိနားလည်လာပါတယ်။ ပြီးတော့ မျိုးချစ်စိတ်ဓာတ်နဲ့ နိုင်ငံကိုကာကွယ်ချင်တဲ့စိတ်လည်းဖြစ်လာပါလိမ့်မယ်" ဟု ပြောသည်။

"တာဝန်သိတတ်တဲ့ နိုင်ငံသားတစ်ယောက်အနေနဲ့ ကျွန်တော်ကျရာတာဝန်ကို လာရောက်ထမ်းဆောင်ခြင်းဖြစ်ပါတယ်။ ကျွန်တော်သင်တန်းပြီးသွားလို့ရှိရင် တာဝန်ကျတဲ့တပ်ဌာနတွေမှာ ကျွန်တော်တာဝန်ကျေပွန်အောင် ထမ်းဆောင်သွားမယ်လို့ပြောချင်ပါတယ်"ဟု ပြောသည်။

"ကျွန်တော်ကိုယ်တိုင်လည်း ဒီသင်တန်းကို စိတ်ပါဝင်စားစွာတက်ရောက်ဖို့ လာရောက်တက်ရောက်ခြင်းဖြစ်ပါတယ်။ အရမ်းကောင်းပါတယ်။ မြန်မာနိုင်ငံသားအားလုံးလည်း ပါဝင်ဖို့ဖိတ်ခေါ်ပါတယ်။ ကျွန်တော့်အနေနဲ့ သင်တန်းမှာ သင်ပြသွားမယ့် ဘာသာရပ်တိုင်းကိုအကောင်းဆုံးနဲ့အတတ်နိုင်ဆုံး ကြိုးစားမှတ်ပြီးတော့ လေ့လာသွားပါ့မယ်။ ဒီသင်တန်းအမှတ်စဉ် (၂၄) ပြီးဆုံးသွားရင် ကျွန်တော့်ရဲ့ကျရာတာဝန်ကို၊ တပ်ရင်းကပေးတဲ့တာဝန်ကို အကောင်းဆုံးထမ်းဆောင်သွားပါ့မယ်"ဟု ပြောသည်။

(၁၀၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းက ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၆) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။


တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၆) မှ သင်တန်းသား၊ သင်တန်းသူများအား လိုက်လံနှုတ်ဆက်စဉ်။


ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၆) အတွက် သင်ထောက်ကူပစ္စည်းများခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုစဉ်။


ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၆) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားသည့် သင်ထောက်ကူပစ္စည်းများအား သင်တန်းသား၊ သင်တန်းသူများက လှည့်လည်ကြည့်ရှုစဉ်။

➤ ရှေ့ဖုံးမှအဆက်

တပ်မတော်(ရေ)က ကျောင်းသား၊ ကျောင်းသူလူငယ်မောင်မယ်များအတွက် ရေကြောင်းလူငယ်အခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၂၆)နှင့်ရေကြောင်းလူငယ်တန်းမြင့်သင်တန်းအမှတ်စဉ် (၁/၂၀၂၆)တို့ကို ယနေ့တွင် သက်ဆိုင်ရာမြို့နယ်အသီးသီး၌ဖွင့်လှစ်ကြသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားများသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးများ၊ ရေတပ်စခန်းဌာနချုပ်မှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ဖွင့်လှစ်ပေးကြသည်။

ရေကြောင်းလူငယ်အခြေခံသင်တန်းနှင့် တန်းမြင့်သင်တန်းများတွင် တပ်မတော်(ရေ) သမိုင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် တပ်မတော်သမိုင်းဘာသာရပ်၊ အခြေခံစစ်ရေးပြနှင့် အခြေခံရေတပ်သားဘာသာရပ်၊ ရေကြောင်းလမ်းညွှန်အခြေခံသဘောတရားများ၊ အသုံးချရေကြောင်းလမ်းညွှန်နှင့် နက္ခတ္တဗေဒဆိုင်ရာများ၊ ဂျီပီအက်စ်အပါအဝင် ရေကြောင်းသွားလာရေးဆိုင်ရာများ၊ အခြေခံရေတပ်သားအချက်ပြဆက်သွယ်ရေးဆိုင်ရာ၊ အခြေခံရေကူးနှင့် လှေလှော်ရွက်တိုက်နည်းတို့ကို စာတွေ့/လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းစခန်း ၁၃ ခုမှ သင်တန်းသား၊ သင်တန်းသူများအား သင်တန်းစတုတ္ထပတ်၌ ရန်ကုန်မြို့တွင် စုစည်း၍ စခန်းပေါင်းစုံတွေ့ဆုံပွဲ၊ ဘာသာရပ်ဆိုင်ရာစွမ်းရည်ပြိုင်ပွဲများ ပြုလုပ်သွားမည်ဖြစ်သည်။

၎င်းအပြင် လေ့လာရေးခရီးစဉ်များအဖြစ် နေပြည်တော်ကောင်စီနယ်မြေနှင့် ရန်ကုန်မြို့တို့ရှိ တန်ခိုးကြီးဘုရားများ၊ အထင်ကရနေရာများ၊ တပ်မတော်လေယာဉ်နှင့် စစ်ရေယာဉ်များလေ့လာရေးများအပြင် စစ်ရေယာဉ်ဖြင့် ရန်ကုန်မြစ်ဝသို့ ရေလမ်းကြောင်းလေ့လာရေးခရီးစဉ်ပို့ဆောင်ခြင်းများကိုလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် တာဝန်ရှိသူများက ခင်းကျင်းပြသထားသော သင်ထောက်ကူပစ္စည်းများနှင့် တပ်မတော်(ရေ) ပြကွက်များအား လှည့်လည်ကြည့်ရှုပြီး စုပေါင်းဓာတ်ပုံရိုက်ကူးကြသည်။

သင်တန်းဖွင့်ပွဲများကို နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီးတွင် မန္တလေးမြို့၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရန်ကုန်မြို့နှင့် ကိုကိုးကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဟိုင်းကြီးကျွန်းမြို့နှင့် ပုသိမ်မြို့၊ မွန်ပြည်နယ်တွင် မော်လမြိုင်မြို့၊ တနင်္သာရီတိုင်းဒေသကြီးတွင် ဟိန်းဇဲဒေသ၊ မြိတ်မြို့နှင့် ကျွန်းစုမြို့၊ ကရင်ပြည်နယ်တွင် ဘားအံမြို့နှင့် ရှမ်းပြည်နယ်တွင် ကျိုင်းတုံမြို့တို့ရှိရေကြောင်းလူငယ်စခန်းများ၌ စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၈၀၀ ဦးတို့ဖြင့် အသီးသီးဖွင့်လှစ်ကြသည်။

အဆိုပါ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ် (၁/၂၀၂၆)ကို ယနေ့မှ မေလ ၂၉ ရက်အထိ ရက်သတ္တ ၅ ပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ ယင်းသင်တန်းများကို ၁၉၅၉ ခုနှစ်မှစတင်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၄ ခုနှစ်အထိ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၆၅၅၀ ဦးတို့အား ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

အလားတူ ကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း လေကြောင်းပညာသမိုင်းကိုလေ့လာခြင်းဖြင့် လေကြောင်းနှင့်အာကာသသိပ္ပံပညာရပ်များတွင် စိတ်ဝင်စားမှုတိုးပွားလာစေရန်၊ လေယာဉ်ပျံသန်းမှုနှင့် သက်ဆိုင်သောပညာရပ်များကို တတ်သိနားလည်ခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်လာစေရန်၊ စိတ်ဓာတ်၊ စည်းကမ်းနှင့် ကိုယ်လက်ကြံ့ခိုင်မှုကောင်းမွန်မြင့်မားပြီး စည်းလုံးညီညွတ်စွာ စုပေါင်းဆောင်ရွက်မှု အလေ့အကျင့်ရရှိစေရန်နှင့် လူငယ်များ၏ ဝါသနာပါရာ လေ့ကျင့်မှုအနေဖြင့် မြှင့်တင်ပေးရန်၊ မျိုးဆက်သစ်လူငယ်မောင်မယ်များကို ယုံကြည်ချက်၊ ခံယူချက်မြင့်မားမှန်ကန်စေပြီး အနာဂတ်တပ်မတော်နှင့် နိုင်ငံတော်တည်ဆောက်နိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ ကြီးမှူးဖွင့်လှစ်သည့် အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ် (၉) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် သင်တန်းစခန်းအပါအဝင် သင်တန်းစခန်း ၂၀ ခု၌ ကျင်းပသည်။

အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)၊ နေပြည်တော်သင်တန်းစခန်း သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးထွန်းဝင်း၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီနယ်မြေမှ တာဝန်ရှိသူများ၊ တပ်မတော်အရာရှိကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးထွန်းဝင်းက သင်တန်းဖွင့်မိန့်ခွန်း ပြောကြားသည်။ ထို့နောက် သင်တန်းသားများအတွက် အသုံးအဆောင်ပစ္စည်းများပေးအပ်၍ ခင်းကျင်းပြသထားသော သင်ထောက်ကူပစ္စည်းများနှင့် တပ်မတော်(လေ)ပြကွက်များအား လှည့်လည်ကြည့်ရှုပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြသည်။

အခြေခံလေကြောင်းလူငယ်သင်တန်းတွင် လေကြောင်းပညာသမိုင်း၊ လေကြောင်းလူငယ်သမိုင်း၊ လေယာဉ်ပျံသန်းမှုအခြေခံသဘောတရား၊ RC Simulator မောင်းနှင်ခြင်း၊ RC လေယာဉ်/ ရဟတ်ယာဉ်မောင်းနှင်ခြင်းနှင့် အခြေခံစစ်ရေးပြ(လက်နက်မဲ့) ဘာသာရပ်များ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ တန်းမြင့်လေကြောင်းလူငယ်သင်တန်းတွင် လေကြောင်းဆိုင်ရာ အခြေခံဗဟုသုတ၊ Airfield Procedure၊ RC လေယာဉ်/ ရဟတ်ယာဉ်မောင်းနှင်ခြင်း၊ Flight Simulator မောင်းနှင်ခြင်း၊ အခြေခံစစ်ရေးပြ(လက်နက်ပါ)၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် ဓာတိသွေး၊ ဓာတိမာန်ဘာသာရပ်များ ထည့်သွင်းပို့ချပေးသွားမည်ဖြစ်ပြီး တပ်မတော်(လေ)တွင်ရှိသော ပျံသန်းရေးအုပ်များပြုပြင်ထိန်းသိမ်းရေးအလုပ်ရုံများတွင် လက်တွေ့ကွင်းဆင်းလေ့လာခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် သင်တန်းစခန်းများအလိုက် ထူးချွန်သင်တန်းသားများကို အမောင်းသင်လေယာဉ်/ ရဟတ်ယာဉ်များအား နည်းပြဆရာများနှင့်အတူ ကိုယ်တိုင်လိုက်ပါမောင်းနှင်ပျံသန်းခွင့်ရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကာ နေပြည်တော်ကောင်စီနယ်မြေ၌ စုဖွဲ့ချိန်တွင်လည်း အခြေခံလေကြောင်းလူငယ်သင်တန်းသားများအား အခြေခံစစ်ရေးပြ(လက်နက်မဲ့) ပြိုင်ပွဲ၊ RC Simulator နှင့် RC လေယာဉ်/ ရဟတ်ယာဉ်မောင်းနှင်ခြင်းပြိုင်ပွဲများ ကျင်းပပေးသွားမည်ဖြစ်ပြီး တန်းမြင့်လေကြောင်းလူငယ်သင်တန်းသား



ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးထွန်းဝင်းက အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် သင်တန်းဖွင့်မိန့်ခွန်းပြောကြားစဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးထွန်းဝင်းက သင်တန်းသားများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။

စခန်းတို့အား တစ်ပြိုင်နက်တည်း ဖွင့်လှစ်ခဲ့ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ လေတပ်ကွပ်ကဲမှုဌာနချုပ်မှူးများ၊ လေတပ်စခန်းဌာနချုပ်မှူးများနှင့် တာဝန်ရှိသူများက တက်ရောက်ကြသည်။

အဆိုပါ အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)အား သင်တန်းစခန်း ၁၈ ခု သင်တန်းသား ၉၂၈ဦးဖြင့်လည်းကောင်း၊ တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၉) အား သင်တန်းစခန်း ၂ ခု၊ သင်တန်းသား ၁၁၆ ဦးတို့ဖြင့်လည်းကောင်း ယနေ့မှ မေလ ၂၉ ရက်အထိ ဖွင့်လှစ်ပို့ချသွား


ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးထွန်းဝင်းနှင့် အခမ်းအနားတက်ရောက်လာသူများက သင်တန်းသားများ/နည်းပြ/အုပ်ချုပ်သူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးစဉ်။



ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်က လွိုင်ကော်မြို့တွင်ဖွင့်လှစ်သည့် အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)မှ သင်တန်းသားများ/ နည်းပြ/အုပ်ချုပ်သူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးစဉ်။

များအား အခြေခံစစ်ရေးပြ (လက်နက်ပါ) ပြိုင်ပွဲ၊ Flight Simulator နှင့် RC လေယာဉ်/ ရဟတ်ယာဉ်မောင်းနှင်ခြင်းပြိုင်ပွဲများ ကျင်းပပေးသွားမည်ဖြစ်သည်။

သင်တန်းကာလအတွင်း နေပြည်တော်ကောင်စီနယ်မြေနှင့် ရန်ကုန်မြို့တို့ရှိ တန်ခိုးကြီးဘုရားများ၊ အထင်ကရနေရာများ၊ လေတပ်စခန်းဌာနချုပ်များနှင့် လေတပ်စခန်းများရှိ ပျံသန်းရေးအုပ်များကို လေ့လာရေးခရီးစဉ်များ ပို့ဆောင်ပေးသွားမည်ဖြစ်ပြီး တပ်မတော်လေယာဉ်နှင့် တပ်မတော်စစ်ရေယာဉ်များကိုပါ လိုက်ပါစီးနင်းခွင့်ရရှိအောင်လည်း ဆောင်ရွက်ပေးသွားမည်ဖြစ်၍ သင်တန်းသားများအနေဖြင့် အတွေ့အကြုံအသစ်များ၊ ဗဟုသုတအသစ်များရရှိမည်ဖြစ်သည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့တွင် မြန်မာပြည်မြောက်ပိုင်းသင်တန်းစခန်းနှင့် မိတ္ထီလာသင်တန်းစခန်း၊ မန္တလေးမြို့တွင် မန္တလေးသင်တန်းစခန်း၊ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့တွင် မြန်မာပြည်တောင်ပိုင်းသင်တန်းစခန်း၊ မင်္ဂလာဒုံမြို့တွင် ရန်ကုန်သင်တန်းစခန်း၊ ကိုကိုးကျွန်းမြို့တွင် ကိုကိုးကျွန်းသင်တန်းစခန်း၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့တွင် မော်လမြိုင်သင်တန်းစခန်း၊ ရှမ်းပြည်နယ်၊ နမ့်စန်မြို့တွင် နမ့်စန်သင်တန်းစခန်း၊ တောင်ကြီးမြို့တွင်တောင်ကြီးသင်တန်းစခန်း၊ ကျိုင်းတုံမြို့တွင် ကျိုင်းတုံသင်တန်းစခန်း၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့တွင် တောင်ငူသင်တန်းစခန်း၊ ပြည်မြို့တွင် ပြည်သင်တန်းစခန်း၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် မြစ်ကြီးနားသင်တန်းစခန်း၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့တွင် လွိုင်ကော်သင်တန်းစခန်း၊ တနင်္သာရီတိုင်း


ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၆) မှ သင်တန်းသား၊ သင်တန်းသူများအား လိုက်လံနှုတ်ဆက်စဉ်။


စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးက မုံရွာမြို့တွင်ဖွင့်လှစ်သည့် အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)မှ သင်တန်းသား၊ သင်တန်းသူများအား လိုက်လံတွေ့ဆုံနှုတ်ဆက်စဉ်။


ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်က မှော်ဘီမြို့တွင်ဖွင့်လှစ်သည့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၉) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် သင်တန်းဖွင့်မိန့်ခွန်းပြောကြားစဉ်။



အရှေ့ပိုင်းလေတပ်ကွပ်ကဲမှုဌာနချုပ် ခေတ္တဌာနချုပ်မှူး ဗိုလ်ချုပ်စိုးအောင်က နမ့်စန်မြို့တွင် ဖွင့်လှစ်သည့် အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် သင်တန်းဖွင့်မိန့်ခွန်းပြောကြားစဉ်။

ဒေသကြီး၊ မြိတ်မြို့တွင် မြိတ်သင်တန်းစခန်း၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့တွင် မကွေးသင်တန်းစခန်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့တွင် မုံရွာသင်တန်းစခန်း၊ ဟုမ္မလင်းမြို့တွင် ဟုမ္မလင်းသင်တန်းစခန်းနှင့် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင် ပုသိမ်သင်တန်း မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Online scammers arrested together with related equipment in Weinkyauk Ward, Tachilek

NAY PYI TAW April 27

The Myanmar government has been annihilating online scam and gambling, which constitute a severe, multifaceted menace to the world, in all seriousness, as a national task, and cooperating and coordinating with governments of the neighbouring countries, alongside the internal forces in energetically crushing and preventing the illegal business from taking foothold in Myanmar at all.

Acting on information that online scam and gambling business was found in Tachilek Township in Shan State (East), a combined team comprising security forces rushed to and inspected the area today. The combined team found and arrested online scammers, three male Chinese citizens and six female Myanmar citizens, at a place near Lomar Hotel, Tawkawt (Twin) Block, Weinkyauk Ward, Tachilek, at 11.50 am today. The scammers were captured together with three All-in-one computers, 13 laptops, 320 assorted phones, 108 assorted tablets, one printer, six Wifi routers, and accessories, used in running the illegal business.

The combined team continued its search and inspection process, and captured eight male Chinese citizens, one female Chinese citizen, 27 male and seven female Myanmar citizens, with 23 All-in-one computers, one monitor, one system unit, 52 assorted phones, and accessories used in operating the criminal business, at 2.10 pm at a house in the ward. The team detained a total of 52 online scammers and business equipment.

Effective action will be taken against those who have been detained in accordance with the law and measures will be taken to expose those who were involved behind the scene in order to take legal action against them. It is reported that seized paraphernalia used in illegal online gambling will be dealt with in accordance with rules and regulations.

The government of Myanmar has been actively cooperating in combat against online scams and gambling while investigating, in accordance with the law, foreigners who arrived in Myanmar for various reasons and were involved in online scams and gambling through one way or another and repatriating them to relevant countries on humanitarian grounds and for friendship among countries. It is reported that main culprits are also detained and repatriated to relevant countries officially and effective legal action is taken against them accordingly.

100



Related equipment and buildings used in operating online scam and gambling.





The combined team comprising security forces capture 43 more scammers in Tachilek.





Photos show the three male Chinese citizens and six female Myanmar citizens arrested by a combined team comprising security forces.

# Hinthada Township sells Emahta rice to Yangon market



HINTHADA April 27

Local traders from Hinthada Township of Ayeyawady Region supplied large quantities of Emahta rice bags to Yangon market said Daw Mar Mar Lwin, the owner of rice and paddy trading in Hinthada Township.

From Hinthada Township to the Yangon market,about 50,000 bags of 24-pyi Emahta rice were transported and sold during the one-month period. The rice variety is classified under the non-premium rice group.

"During the past month, a large volume of Emahta paddy from this area was transported and sold to the Yangon market. Agricultural products from Hinthada Township are mostly sent to the Yangon market. There are also many orders this month from buyers in Yangon for the Emahta rice variety. Both within the past month and at present, trading of this type of rice has been more active. The rice bags are mainly transported and sold by road," said Daw Mar Mar Lwin.

It is learned that Emahta rice (24-pyi bags) transported and sold from Hinthada Township to the Yangon market over the past month fetched up to Ks-99,000 per bag. As trading of the paddy has improved, farmers, traders, loading and unloading workers, and cargo truck rental operators are gaining employment opportunities.

**SK**

# Kalay Township harvests more than 2,000 acres of sunflower

KALAY April 27

Statistics of Kalay Township Agriculture Department mentioned that local farmers have harvested more than 2,000 acres of sunflower in Kalay Township of Sagaing Region.

In Kalay Township, during the current winter cropping season, sunflower was cultivated on 48,469 acres. Harvesting of the cultivated sunflower fields began in January this year, and as of today, 2,784 acres have been harvested, with an average yield of 28.54 baskets per acre.

"During the winter cropping season in Kalay Township, sunflower was planted on 48,469 acres. At present, harvesting is ongoing, and more than 2,000 acres have already been completed. To reduce reliance on imported palm oil, we have expanded the cultivation of sunflower as an oil crop. Sunflower produces higher oil yield per acre compared to other oil crops such as groundnut and sesame," said Daw Marn Ewe.

To promote the expansion of sunflower cultivation in Kalay Township, the Township Department of Agriculture has intensified agricultural training programs and capacity-building courses for both staff and farmers who plan to grow sunflower.

It is also reported that arrangements have been made to supply seeds to sunflower farmers, sell urea fertilizer at affordable prices, and distribute harvested sunflower seeds through farmer-to-farmer seed exchange systems.

**SMK**

# Labutta Township sends large volume of fish maw to Yangon market



LABUTTA April 27

Local merchants from Labutta Township of Ayeyawady Region sold a large volume of fish maw to Yangon market said Daw Thida, the owner of seafood trader in Labutta Township.

From Labutta Township, up to 55,000 viss of dried fish maw were transported and sold to the Yangon market.

The dried fish maw products are processed from marine fish such as Yellow Pike Conger, Blotched Tiger-toothed Croaker, Spotted Catfish fish, and croaker thin fish. The fish are cut open, and the swim bladders are removed from the abdomen, thoroughly cleaned, and sun-dried before being processed and sold.

"Sales of dried fish maw have been good because demand in the domestic Yangon market has been increasing. In Yangon, these dried fish maw products are widely used in restaurants and hotels, which has led to strong purchasing demand and active trade. Local dried fish maw, along with other regional products, is mainly exported and sold to the Yangon domestic market," said Daw Thida, a seafood trader operating a marine dried fish trading center in Labutta Township.

The prices of dried fish maw exported from Labutta Township to the Yangon market vary depending on the species and size. The price per viss is about Ks-77,000 for dried Yellow Pike Conger fish maw, Ks-65,000 for dried Blotched Tiger-toothed Croaker fish maw, Ks-35,000 to Ks-39,500 for dried Spotted Catfish maw, and Ks-80,000 for dried croaker fish maw, with prices differing based on the size and quality of the dried swim bladders.

**SK**

# Farmers try hard to meet target cultivation of summer crops

PWINTBYU April 27

Pwintbyu Township Agriculture Department stated that as Mezali Diversion Dam of Pwintbyu Township Irrigation and Water Utilization Management Department of Magway Region supplies agricultural water to croplands in the township for the local farmers to meet the target cultivation of crops starting from 15 February, those farmers start farmlands preparations with broadcasting of fertilizers.

During this year's summer cropping season, Pwintbyu Township earmarks to cultivate more than 66,000 acres of summer crops, including summer paddy, summer sesame, and other summer crops. To ensure that local farmers can plant their summer crops on time, the Township Department of Irrigation and Water Utilization Management began distributing irrigation water on 15 February to paddy fields within the irrigation area of the North Mone Main Canal.

"As irrigation water has already been released for summer paddy cultivation, local farmers are striving to prepare their farmlands so that they can plant their summer crops on time and meet the targeted acreage. They are carrying out activities such as ploughing and harrowing the fields thoroughly, clearing weeds and debris, and applying fertilizers to improve soil fertility," said Daw Moe Moe Wai, Head of the Department of Agriculture in Pwintbyu Township.

Pwintbyu Township is one of the townships in Magway Region with the largest irrigated cultivation areas. Each year during the summer cropping season, local farmers mainly cultivate summer paddy varieties using water from the Mezalí Diversion Dam. The main rice varieties grown include Sarphoetha, Ayeyamin, Manawthukha, Sinthukha, Pakhan Shwewar, Theehtatyin, Chanmyay May, and Paw San Yin. For oilseed crops, farmers grow sesame varieties such as Samon Net (black sesame), Seinpan black sesame, and white sesame.

According to the summer crop cultivation plan of the Pwintbyu Township Department of Agriculture, during this year's summer cropping season farmers in the township plan to cultivate 33,235 acres of summer paddy and 33,737 acres of summer sesame, totaling 66,972 acres of summer crops, with the aim of increasing farmers' incomes and improving crop productivity.

**SMK**

# Putin meets Iranian FM on Mideast tensions



ST. PETERSBURG April 27

Russian President Vladimir Putin met with Iranian Foreign Minister Seyed Abbas Araghchi here Monday to discuss bilateral cooperation and the situation in the Middle East.

Before he arrived in St. Petersburg earlier in the day, Araghchi had said that discussions with the Russian side would include regional developments around the U.S.-Israel war on Iran.

Attending the meeting were Russian Foreign Minister Sergei Lavrov, Presidential Aide Yuri Ushakov, and Igor Kostyukov, head of the Main Intelligence Directorate of the General Staff of the Russian Armed Forces.

Representatives on the Iranian side included Deputy Foreign Minister Kazem Gharibabadi and Iranian Ambassador to Russia Kazem Jalali.

During the talks, Putin said Moscow intends to continue developing strategic relations with Iran, is willing to make efforts to help secure peace in the Middle East at an early date, and hopes that the Iranian people will pass through the current period of trials and that peace will come, Russian state media RIA Novosti reported.

"We will do everything that meets your interests and the interests of all the peoples of the region to achieve this peace as quickly as possible," Putin was quoted as saying.

Putin also said he has received a message from Iran's Supreme Leader Mojtaba Khamenei.

"At the beginning of the conversation, I would like to note that last week I received a message from the Supreme Leader of Iran," Putin said. **Xinhua**

# Former Israeli PMs unite against Netanyahu

JERUSALEM April 27

Former Israeli Prime Ministers Naftali Bennett and Yair Lapid have formed a unified party in a bid to oust Benjamin Netanyahu's government in elections later this year.

Right-wing Bennett and centrist Lapid on Sunday confirmed the merger of their parties, Bennett 2026 and Yesh Atid, into a single list titled 'Together, Led by Bennett', which they described as an effort to consolidate the opposition and improve its chances in the vote, which must be held no later than the end of October.

Bennett told reporters that joining forces was "the most Zionist and patriotic act we have ever done, for the sake of our country," adding that "the era of division is over." Lapid said: "We are standing here together for the sake of our children. The State of Israel must change direction."

Widely seen as Netanyahu's most formidable political rivals, the two have joined forces before, ending his 12-year tenure after the 2021 election by forming the short-lived "government of change," a coalition spanning right-wing, centrist and left-wing parties.

That alliance included the Arab party Ra'am, led by Mansour Abbas, marking the first time a party representing Israel's Palestinian minority joined a governing coalition. Netanyahu returned to power after winning the November 2022 election.

The new partnership will run as a unified list without formally merging their parties, and both have said they would seek to form a government only with Zionist opposition parties, excluding Arab factions. Bennett also said his government would advance a universal conscription law, halt funding for draft evasion, and introduce an eight-year term limit for a prime minister.

A recent Maariv poll showed Bennett's party tied with Netanyahu's Likud at 24 Knesset seats, while Yesh Atid has been polling at around six to seven seats.

Netanyahu's tenure has come under strain since Israel launched a military campaign in Gaza following a Hamas attack in October 2023 that killed 1,200 people and saw 250 taken hostage. More than 72,000 people have been killed and over 172,000 wounded in Israel's airstrikes and ground offensive, according to Palestinian health authorities. Polls have indicated Netanyahu may lose the next election.

The International Criminal Court issued warrants for Netanyahu in 2024 over alleged war crimes and crimes against humanity in Gaza. **RT**

# US Air Force investigates blaze at UK base used for bombing Iran

MOSCOW April 27

The US Air Force is investigating a fire that broke out over the weekend at the UK Fairford Air Base, home to a US bomber unit used for strikes against Iran, the GB News channel reported on Monday.

The blaze erupted in the early hours of Sunday inside an "old or disused building" at the RAF Fairford airbase, a UK Ministry of Defence spokesman was cited as saying by GB News.

"An investigation has been initiated and is ongoing. More information will be released as it becomes available," the Air Force said in a statement published by the channel.

No one was injured in the fire, which was contained, nor did the blaze pose any threat to the base or the local community, the authorities said.

The UK government noted in March that it had allowed the United States to use the base for strikes on Iran, but only for what it described as "defensive" operations. Demonstrators rallied outside the airbase to protest against US attacks on Iran. **Sputnik**

# Several injured in train crash in Indonesia's West Java: local media

JAKARTA April 27

Several passengers were injured when a long-distance train collided with a commuter train in Bekasi City, West Java, Indonesia, on Monday night, local media reported.

Video footage circulating on social media showed officers evacuating the injured from the scene.

Media reports said that injured people were taken to hospitals for treatment.

No official statement has yet been issued by the train operator regarding the accident.

**Xinhua**

# 14 killed in South Sudan plane crash



JUBA April 27

At least 14 people were killed on Monday when a small aircraft crashed in the Luri area on the outskirts of Juba, the capital of South Sudan, aviation authorities confirmed.

The South Sudan Civil Aviation Authority (SSCAA) said all passengers on board the Cessna 208 Caravan aircraft, registration number 5Y-NOK, operated by City Link Aviation Limited, died in the crash.

"There were 13 passengers and one pilot (captain) on board. Among them were two Kenyan nationals and 12 South Sudanese nationals. Unfortunately, there were no survivors," the SSCAA said in a statement.

The industry regulator said the aircraft departed from Yei en route to Juba International Airport at 9:15 a.m. local time (0715 GMT) and lost communication at 9:43 a.m. local time (0743 GMT).

According to the SSCAA, preliminary investigations indicated that the aircraft may have crashed due to adverse weather conditions, particularly low visibility.

The regulator said its investigators and emergency teams are on-site in the Luri area to recover remains and secure the flight's technical records. **Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Are you eating yourself to an early grave? Experts pinpoint three reasons why the typical Western diet is causing surge in heart disease deaths

A diet high in salt, low in fruit and lacking wholegrains is now the leading modifiable cause of heart disease in the Western world, worrying research has revealed.

Ultra-processed foods, typically high in saturated fat, salt and added sugars have long been known to increase the risk of heart attack, stroke and premature death.

But now experts say the number of lives lost to heart disease is being driven by a new top three list of dietary villains – responsible for more than 5 million deaths in 2023.







In 2021, heart disease accounted for more than a quarter of all deaths worldwide.

'Our findings underscore that improving dietary quality must remain a central pillar of global heart disease prevention,' Professor Guoshuang Feng, an expert in medical data from Beijing Children's Hospital, and study lead author said.

While we are seeing a decline in mortality rates due to better healthcare, the total absolute burden is staggering.

'We are essentially in a race against an aging population that is increasingly vulnerable to the harms of high-salt and low-nutrient diets.'

The research – published in the journal Innovation Press – analysed data from the Global Burden of Disease Study, tracking 13 dietary risk factors over 33 years.

Dietary risks were defined as imbalances in food and nutrient intake, including excessive consumption of unhealthy components or insufficient intake of protective foods.

These included diets low in fruits, vegetables, whole grains, nuts and seeds, legumes, fibre, fish, and omega-6 fatty acids, as well as diets high in sodium, trans fatty acids, processed meat, sugar-sweetened beverages, and red meat.

Analysis revealed that these dietary patterns significantly contributed to coronary heart disease – which occurs when the heart cannot get enough oxygen-rich blood due to fatty plaque building up in the arteries – and stroke.

The study also highlighted a stark gender divide, with men significantly more likely to develop heart disease as a result of poor diet across nearly all 204 countries studied.

Researchers put this down to men typically engaging in more risky behaviours – such as smoking or drinking alcohol, than women that may interact with diet to increase overall burden.

Geographical disparities were also particularly pronounced, with China contributing the largest number of cardiovascular disease-related deaths at 1.36 million, followed by India at 1.11 million.

However, when looking at mortality rates proportional to population size, Pacific Island nations such as the Solomon Islands faced the heaviest burden.

Experts said this was likely due to 'nutrition transition' – where fresh local produce is being replaced by imported, heavily processed alternatives.

Additionally, under-resourced healthcare services and economic inequalities are also likely to factor, limiting both prevention and treatment of heart diseases.

'Collectively, these findings underscore that improving dietary quality should remain a central pillar of global CVD prevention,' Prof Feng said.

He added that the findings suggest that even as age-related death rates improve, this may not translate into fewer deaths if additional risk factors such as diet are not addressed from a young age.

It is well-known that diets high in salt can increase the risk of heart problems – with some studies suggesting it more than doubles the risk.

As such the World Health Organisation (WHO) recommends eating no more than 5g salt per day.

This is because excess sodium can push up blood pressure levels, which is a risk factor for coronary heart disease and stroke.

In the current study, diets high in salt were found to be prominent across all socio-demographics, reflecting a wide-reaching reliance on processed foods and high-salt cooking practices.

In China specifically, sodium intake has been reported to exceed twice the WHO recommendations – which researchers say may help explain why there are so many diet-related cardiovascular disease deaths in China.

Fibre, on the other hand, found in foods such as fruit, vegetables and wholegrains, has been shown to have a heart-protective effect.

This is because it can help lower levels of so-called bad cholesterol – by reducing the amount of cholesterol absorbed in the gut – as well as helping maintain weight loss and controlling blood sugar levels which can cut the risk of type 2 diabetes.

Prof Feng continued: 'From a public health perspective, these "protective food deficits" often reflect affordability, availability, and food-environment constraints – especially in low and middle socio-demographic settings –rather than preference alone.

'Thus, effective strategies likely require both demand-side interventions (nutrition education, clinical dietary counseling) and supply-side actions (improving access, pricing, and distribution of healthier foods).'

In the UK, government guidelines recommend adults eat around 30g of fibre a day. But most of us fall short, averaging around just 17g.

The researchers concluded: 'Diet-attributable CVD burden remains substantial and unequally distributed across populations, with high sodium intake and low consumption of whole grains and fruits consistently contributing the largest shares.

'Strengthening diet quality should remain central to CVD prevention, and public health policies and clinical guidance should prioritise scalable interventions addressing the leading dietary risk factors to reduce premature CVD mortality and disability worldwide.'

**Mail Online**

# တောင်ကြီးမြို့ရှိ နည်းပညာတက္ကသိုလ်(တောင်ကြီး)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ကြီး)သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် သွားရောက်ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၂၇

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ပြည်နယ်လူမှုရေးရာဝန်ကြီး ဒေါ်နန်းခမ်းလူ၊တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နည်းပညာတက္ကသိုလ် (တောင်ကြီး)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နည်းပညာတက္ကသိုလ်(တောင်ကြီး)၏စကေးကိုက်အကွက်ချပုံစံပေါ်မူတည်၍ အဆောက်အအုံများတည်ဆောက်ထားရှိမှုများကို မြေပြင်ကွင်းဆင်းစစ်ဆေးပြီး အဆောက်အအုံအသစ်များ ထပ်မံဖြည့်ဆည်းဆောင်ရွက်ရာတွင် သတ်မှတ်ဇုန်အလိုက် အစီအစဉ်တကျနှင့်စနစ်တကျတည်ရှိနိုင်ရေး၊ ဥပမိရုပ်ကောင်းမွန်စေရေး၊ နောင်အနာဂတ်တွင် ထပ်မံဖြည့်ဆည်းဆောင်ရွက်ရန် အခြေခံအဆောက်အဦ လိုအပ်ချက်ပေါ်မူတည်၍ ဖြစ်ပေါ်လာနိုင်မည့်အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ၊ဆရာမများ၊ဝန်ထမ်းများနှင့်တွေ့ဆုံရာ ပါမောက္ခချုပ်က တက္ကသိုလ်နှင့်စပ်လျဉ်း၍ တင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ပြင်ဆင်ဆောင်ရွက်မည့် စာသင်ဆောင်များ၊ Lab ခန်းများ၊ အလုပ်ရုံများ၊ အသစ်တည်ဆောက်မည့် ကျောင်းသား၊ ကျောင်းသူအဆောင်၊ ဒုတိယပါမောက္ခချုပ်အိမ်ရာ၊ အရာရှိအိမ်ရာများနှင့် ဆရာ၊ ဆရာမအိမ်ရာများ ဆောက်လုပ်မည့်မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ပြည်နယ်တာဝန်ရှိသူများနှင့်အတူ အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ကြီး)သို့သွားရောက်၍ လက်တွေ့ခန်းများပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းအစည်းအဝေးခန်းမတွင် ကျောင်းနှင့် စပ်လျဉ်းသည့်အချက်အလက်တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# သပြေတောင်ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများအား ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၇

မှန်ကန်သော သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ပြည်သူလူထုသိရှိနိုင်စေရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းသည် ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနား-သပြေတောင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပျဉ်းမနားမြို့နယ်ရုံးနှင့်လယ်ဝေးမြို့နယ်ရုံးတို့ကို သွားရောက်၍ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပျဉ်းမနား-သပြေတောင်ထပ်ဆင့်လွှင့်စက်ရုံ၌ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်များ၊ ဆောင်ရွက်ချက်များနှင့်အစိုးရသစ်၏ ရက်ပေါင်း ၁၀၀ အတွင်းဆောင်ရွက်သည့်စီမံချက်များကို မီဒီယာမှတစ်ဆင့် ပြည်သူများအချိန်နှင့်တစ်ပြေးညီသိရှိနိုင်အောင် ကြိုးစားဆောင်ရွက်ပေးကြရန်၊ ထုတ်လွှင့်မှုအရည်အသွေးကောင်းမွန်စေရန်နှင့် ရုပ်သံရိုက်ကူးရေးနှင့်ထုတ်လွှင့်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ထပ်ဆင့်လွှင့်စက်ရုံမှတစ်ဆင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား သတင်းအစီအစဉ်တွင် ထည့်သွင်းရန်အတွက် ဝန်ကြီးဌာနများမှရိုက်ကူးပြီး သတင်းအရုပ်များအား မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (တပ်ကုန်း)သို့ ပေးပို့သည့် Up Link လုပ်ငန်းဆောင်ရွက်နေမှု၊ DVB-T2 စနစ်ဖြင့် ထုတ်လွှင့်သည့် လွှင့်စက်များ၊ FM ထုတ်လွှင့်စက်များဖြင့် လုပ်ငန်းဆောင်ရွက်နေမှုနှင့် ထပ်ဆင့်လွှင့်စက်ရုံစားရိပ်သာ၊ ဝန်ထမ်းအိမ်ရာ၊ အဆောင်နှင့်တာဝါတိုင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပျဉ်းမနားမြို့နယ်ရုံးနှင့်လယ်ဝေးမြို့နယ်ရုံးတို့သို့ရောက်ရှိပြီး ကလေးစာဖတ်ခန်းများ ခင်းကျင်းပြင်ဆင်ထားရှိမှု၊ ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်(Mobile Bus)ဖြင့် စာအုပ်စာစောင်များ သွားရောက်ငှားရမ်းပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု၊ စာအုပ်စာစောင်များ စနစ်တကျထိန်းသိမ်းပြီး ပြည်သူများ စာပေလေ့လာဖတ်ရှုနိုင်စေရန် ဆောင်ရွက်ထားရှိမှုနှင့် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း(Book Club)အဖွဲ့ဝင်များ စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပနေမှုတို့ကို ကြည့်ရှုအားပေးကာ ဝန်ထမ်းများနှင့် ကလေးငယ်များကို စားသောက်ဖွယ်ရာများ ပေးအပ်သည်။

အဆိုပါရုံးများသို့ ရောက်ရှိစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများနှင့် တွေ့ဆုံပြီး အစိုးရသစ်ရက် ၁၀၀ အတွင်း ဌာနအလိုက် သိသာထင်ရှားသည့် တိုးတက်ပြောင်းလဲမှုများရှိစေရေး ခရိုင်/မြို့နယ်အဆင့်ရုံးများကလည်း အစီအမံများ ချမှတ်ဆောင်ရွက်သွားရန်၊ ပြည်သူများကို ဝန်ဆောင်မှုပေးရာတွင် ကြန့်ကြာမှုမရှိစေဘဲ မြန်မြန်ဆန်ဆန်ပြီးမြောက်အောင် ဆောင်ရွက်ပေးရန်၊ စာကြည့်တိုက်များတွင် ကွန်ပျူတာသင်တန်းများကဲ့သို့ အတတ်ပညာ၊ အသိပညာသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးရန်၊ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန်၊ နိုင်ငံတော်အစိုးရ၏လုပ်ဆောင်ချက်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်အောင် ကြိုးစားဆောင်ရွက်သွားကြရန်၊ သတင်းတု၊ သတင်းမှားများကို ပြန်လည်တုံ့ပြန်နိုင်ရေး၊ ပြည်သူများထံ သတင်းမှန်များအချိန်ကိုက်ရောက်ရှိနိုင်ရေး ဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။



မြဝတီ

# ကျေးလက်နေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မည့်အခြေအနေများကို ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်သက်ဇင်နှင့်နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့ တွေ့ဆုံဆွေးနွေး



နေပြည်တော် မေ ၂၇

အမျိုးသမီးရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်သက်ဇင်သည် နေပြည်တော်ကောင်စီရုံးအစည်းအဝေးခန်းမ၌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းနှင့် တွေ့ဆုံ၍ နေပြည်တော်အတွင်းရှိ ကျေးလက်နေအမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ပြေးစီမံကိန်းနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးက အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိဆောင်ရွက်နေသောလုပ်ငန်းများအနက်မှ ကျေးလက်နေအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရာတွင် နေပြည်တော်ကောင်စီ ပြည်ထောင်စုနယ်မြေ၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်စသည့်ဒေသသုံးခုရှိကျေးလက်နေအမျိုးသမီးများအတွက် ဦးစားပေးဆောင်ရွက်ရန် စီမံကိန်းရေးဆွဲထားပါကြောင်း၊ စီမံကိန်းတွင် စာဖတ်ရှိန်မြှင့်တင်ရေး၊ ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်ပေးနိုင်ရန်ကူညီပံ့ပိုးရေး၊ ကျောင်းနေအရွယ်ကလေးငယ်များ ကျောင်းနေနိုင်ရေး၊ အမျိုးသမီးများစီးပွားရေးလုပ်ငန်းများတွင် ပါဝင်နိုင်ရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းရရှိရေး စသည်တို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ဒေသသုံးခုရှိ ကျေးရွာများတွင် ကနဦးဆောင်ရွက်မည်ဖြစ်၍ နေပြည်တော်အတွင်းရှိကျေးရွာများတွင်စတင်၍ ရှေ့ပြေးစီမံကိန်းများချမှတ်ပြီး ဆောင်ရွက်ရန်အတွက် Base line Data များ ကောက်ယူခြင်း၊ စီမံကိန်းရေးဆွဲခြင်းတို့တွင် နေပြည်တော်ကောင်စီအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်မြို့နယ်(၈)ခုတွင် မြို့နယ်အဟောင်းသုံးခုဖြစ်သော လယ်ဝေး၊ ပျဉ်းမနား၊ တပ်ကုန်းတို့သည် ကျေးလက်နေပြည်သူများများပြားပါကြောင်း၊ အမျိုးသမီးများအတွက် အသက်မွေးသင်တန်းများ ဖွင့်လှစ်ပေးစေလိုပါကြောင်း၊ Target ထားပြီး ဆောင်ရွက်ပေးစေလိုပါကြောင်း၊ နေပြည်တော်ကောင်စီအနေဖြင့် လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသမီးရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်များ၊ အတွင်းရေးမှူး၊ တာဝန်ရှိသူများ၊ နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့်နေပြည်တော်လူမှုဝန်ထမ်းရုံးမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြောင်း သိရသည်။

မြဝတီ

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် မေ ၂၇

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# အမေရိကန်-အီရန် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ရပ်တန့်နေစဉ် ရေနံစိမ်းဈေးနှုန်း ၃ ရာခိုင်နှုန်းနီးပါးမြင့်တက်

**လန်ဒန်၊ စီးပွားရေး**

အမေရိကန်နှင့်အီရန်တို့ကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများရှေ့မဆက်နိုင်ဘဲ ရပ်တန့်သွားခြင်းနှင့် ဟော်မုဇရေလက်ကြားမှ တစ်ဆင့် ကုန်စည်ပို့ဆောင်မှုများကန့်သတ်ခံထားရခြင်းတို့ကြောင့် ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများသည်ဧပြီလ ၂၇ ရက်တွင်၃ရာခိုင်နှုန်းနီးပါးမြင့်တက်သွားကြောင်း သိရသည်။

ဘရန့်ရေနံစိမ်းဈေးနှုန်းသည် ၃ ဒေါ်လာခန့်မြင့်တက်ပြီး တစ်စည်လျှင် ၁၀၈ ဒသမ ၃၆ ဒေါ်လာအထိရောက်ရှိခဲ့ရာ သုံးပတ်အတွင်း အမြင့်ဆုံးဈေးနှုန်းဖြစ်လာသည်။ WTI ရေနံစိမ်းဈေးနှုန်းမှာလည်း ၂ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ကာ ၉၆ ဒသမ ၈၅ ဒေါ်လာသို့ ရောက်ရှိလာသည်။ ပြီးခဲ့သည့်သီတင်းပတ်ကလည်း ထိုရေနံအမျိုးအစားနှစ်မျိုးစလုံးသည် အီရန်စစ်ပွဲစတင်ချိန်ကတည်းက အမြင့်ဆုံးအဖြစ် ၁၃ ရာခိုင်နှုန်းမှ ၁၇ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်။

ငြိမ်းချမ်းရေးအတွက်ကြိုးပမ်းမှုများမှာ ဝေဝါးသွားပြီဖြစ်ကြောင်းနှင့် အီရန်အနေဖြင့် နှစ်လကြာဖြစ်ပွားနေသည့် စစ်ပွဲကိုအဆုံးသတ်ရန် ဆွေးနွေးလိုပါက ဖုန်းဆက်သွယ်နိုင်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကပြောထားသည်။

**Ref: AGC**

# အမေရိကန်နှင့်အီရန် ထိပ်တိုက်တွေ့မှုကြောင့် ဥရောပသမဂ္ဂတွင် နိုင်ငံရေးအကျပ်အတည်းဖြစ်လာနိုင်ဟုဆို



**မော်စကို၊ နိုင်ငံရေး**

အမေရိကန်နှင့်အီရန်တို့ကြား ဖြစ်ပွားနေသည့် ထိပ်တိုက်တွေ့ဆုံမှုများသည် စီးပွားရေးရိုက်ခတ်မှုအပြင် ဥရောပသမဂ္ဂ (EU)အတွက်နိုင်ငံရေးအကျပ်အတည်းအထိ ဖြစ်လာနိုင်ကြောင်း ဥရောပတာဝန်ရှိသူများ၏ပြောဆိုမှုကိုကိုးကား၍ သတင်းဌာနများကဖော်ပြထားသည်။

လောင်စာဆီကုန်ကျစရိတ် မြင့်တက်လာမှုသည် စားသောက်ကုန်၊ သယ်ယူပို့ဆောင်ရေးနှင့် အိမ်ရာစရိတ်များအပေါ် သက်ရောက်မှုရှိနေပြီး ဝင်ငွေနည်းပါးသည့် မိသားစုများတွင် အခက်အခဲများနှင့် ရင်ဆိုင်နေရသည်။

ဥရောပစီးပွားရေးနှင့်လူမှုရေးကော်မတီ အကြီးအကဲ ရိုးမက်ဘိုလန်က ယခုအခြေအနေသည် နိုင်ငံအလိုက်အစိုးရများအပေါ်တွင်သာမက ဥရောပသမဂ္ဂအပေါ်တွင်ပါ ပြည်သူများ၏ ယုံကြည်မှုလျော့နည်းလာစေနိုင်ကြောင်း သတိပေးသည်။ ထို့ပြင် ယခုအကျပ်အတည်းကြောင့်နိုင်ငံအသီးသီး၌ ကိုယ်ကျိုးစီးပွားဦးစားပေးသည့်ဝါဒများကို ပိုမိုအားပေးလာမည့်အန္တရာယ်ရှိနေကြောင်း ၎င်းကဆက်ပြောသည်။

အမေရိကန်ရေတပ်သည် ဧပြီလ ၁၃ ရက်မှစတင်ကာ ကမ္ဘာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ ၂၀ ရာခိုင်နှုန်းခန့်ဖြတ်သန်းရာ ဟော်မုဇရေလက်ကြားတစ်လျှောက်တွင် ရှိသော အီရန်ဆိပ်ကမ်းများသို့ ဝင်ထွက်မည့် ရေကြောင်းကုန်သွယ်မှုအားလုံးကို ပိတ်ဆို့ထားသည်။ အမေရိကန်အစိုးရက အီရန်သို့ အခွန်ပေးဆောင်ခြင်းမပြုသည့် နိုင်ငံများမှ သင်္ဘောများကိုသာ ဖြတ်သန်းခွင့်ပြုမည်ဟု ကြေညာထားခြင်းကြောင့် ဒေသတွင်း တင်းမာမှုပိုမိုမြင့်တက်နေခြင်းဖြစ်သည်။

**Ref: Sputnik**

# ရုရှားကို အစဉ်အမြဲ ထောက်ခံသွားမည်ဟု မြောက်ကိုရီးယား ခေါင်းဆောင်ပြော

**ပြုံယမ်း၊ သံတမန်ရေး**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအွန်သည် ရုရှားဒူးမားလွှတ်တော်ဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီးတို့နှင့် ဧပြီလ ၂၆ ရက်တွင်တွေ့ဆုံပြီး မြောက်ကိုရီးယားနိုင်ငံက ရုရှားနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် လုံခြုံရေးဆိုင်ရာမူဝါဒများကို အစဉ်အမြဲအပြည့်ထောက်ခံသွားမည်ဖြစ်ကြောင်း ပြောထားသည်။

ကင်ဂျုံအွန်က ရုရှားနိုင်ငံ ခု(စ်)ဒေသစစ်ဆင်ရေးများတွင် နှစ်နိုင်ငံတပ်ဖွဲ့ဝင်များ ပခုံးချင်းယှဉ်တိုက်ပွဲဝင်ပြီး အောင်ပွဲရရှိခဲ့ခြင်းသည် မြောက်ကိုရီးယား-ရုရှား မဟာမိတ်ပြုမှု၏ ခိုင်မာတောင့်တင်းမှုကို သက်သေပြသည့် သမိုင်းဝင်ဖြစ်ရပ်တစ်ခုဖြစ်ကြောင်း မှတ်ချက်ပြုပြောသည်။ ထို့ပြင် နှစ်နိုင်ငံကြားချုပ်ဆိုထားသည့် ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသဘောတူစာချုပ်နှင့်အညီ ဆက်ဆံရေးကို ဘက်စုံမြှင့်တင်သွားမည်ဟုလည်းကတိပြုသည်။ ယခုတွေ့ဆုံမှုသည် ရုရှားနှင့် မြောက်ကိုရီးယားကြား စစ်ရေးမဟာမိတ်အဖြစ် ပိုမိုနက်ရှိုင်းလာမှုကို ဖော်ပြနေသည်။

**Ref: Xinhua**

# မော်စကိုတွင် စံချိန်တင် နှင်းမုန်တိုင်းတိုက်ခတ် သွားလာရေးများ ပြတ်တောက်

**မော်စကို၊ ရာသီဥတု**

ရုရှားနိုင်ငံမြို့တော် မော်စကို၌ ဧပြီလ ၂၇ ရက်တွင် ပုံမှန်မဟုတ်သော နှင်းမုန်တိုင်းတိုက်ခတ်ရာ စံချိန်တင်ပြီး မြို့တွင်းသွားလာရေးများ ပြတ်တောက်မှုဖြစ်ကြောင်း သိရသည်။ နှင်းထုမှာ ၁၂ စင်တီမီတာအထိရှိရာ ၅၅ နှစ်အတွင်း အမြင့်ဆုံးစံချိန်ဖြစ်ပြီး မိုးရေချိန်မှာလည်း ၁၈၈၀ ပြည့်နှစ်နောက်ပိုင်းအမြင့်ဆုံးစံချိန်သို့ရောက်ရှိသည်။

နှင်းမုန်တိုင်းနှင့် လေပြင်းများကြောင့် မြို့တွင်း၌ သစ်ပင် ၅၀ ခန့်လဲကျပြီး လျှပ်စစ်မီးလိုင်းများလည်း ထိခိုက်သည်။ မော်စကိုမြို့တော်ဝန် ဆာဂျီဆိုဗျာနင်က နှင်းများကျမှုကြောင့် မြို့ပြဝန်ဆောင်မှုလုပ်ငန်းများကို အမြင့်ဆုံးသတိပေးချက်ထုတ်ပြန်ထားပြီး လေတိုက်နှုန်းမှာ တစ်စက္ကန့်လျှင် ၂၃ မီတာအထိရှိနိုင်ကြောင်း သတိပေးထားသည်။

**Ref: Xinhua**

# အမေရိကန်နှင့်တင်းမာမှု ပြေလည်စေရန် အီရန်က ကမ်းလှမ်းချက်အသစ်ပေး



**တီဟီရန်၊ ငြိမ်းချမ်းရေး**

အမေရိကန်နှင့်အီရန်တို့ကြား တင်းမာမှုပြေလျော့ရေးအတွက် ဟော်မုဇရေလက်ကြားပြန်ဖွင့်ပေးရန်နှင့် စစ်ပွဲအဆုံးသတ်ရန် အီရန်က အမေရိကန်ထံသို့ ကမ်းလှမ်းချက်အသစ်တစ်ခုပေးကြောင်း Axios သတင်းဌာနက ဧပြီလ ၂၇ ရက်တွင် ဖော်ပြထားသည်။ အဆိုပါကမ်းလှမ်းချက်တွင် အဓိကအကျပ်အတည်းဖြစ်သည့် နျူကလီးယားဆိုင်ရာဆွေးနွေးမှုများကို နောက်ဆုံးမှသာ ဆွေးနွေးရန်နှင့် လက်ရှိတင်းမာမှုများကို ဦးစွာဖြေရှင်းရန် အီရန်ကအဆိုပြုထားခြင်းဖြစ်သည်။

ထိုကမ်းလှမ်းချက်ကို အီရန်နိုင်ငံခြားရေးဝန်ကြီး အဘတ်အာရာဂချီက ပါကစ္စတန်၊ အီဂျစ်၊ တူရကီယဲနှင့် ကာတာနိုင်ငံတို့ရှိ ကြားဝင်စေ့စပ်ပေးသူများမှတစ်ဆင့် အမေရိကန်အစိုးရထံသို့ပေးပို့ခဲ့ခြင်းဖြစ်သည်။ အီရန်၏အဆိုပြုချက်တွင် အဆင့် ၃ ဆင့်ပါဝင်ပြီး ပထမအဆင့်မှာ တိုက်ခိုက်မှုများ ရပ်စဲရေးနှင့် အီရန်နှင့်လက်ဘနွန်တို့အပေါ် နောက်ထပ်မတိုက်ခိုက်ရေး အာမခံချက်ရယူရန်၊ ဒုတိယအဆင့်မှာ အိုမန်နိုင်ငံနှင့် ပူးပေါင်းကာ ဟော်မုဇရေလက်ကြားစီမံခန့်ခွဲမှုအတွက် ဥပဒေကြောင်းအရ စနစ်အသစ်တစ်ခုဖော်ဆောင်ရန်နှင့် တတိယအဆင့်မှာ နျူကလီးယားကိစ္စဆွေးနွေးရန် ဖြစ်သည်။ သို့သော် အမေရိကန်ဘက်ကမူ အီရန်၏ နျူကလီးယားအစီအစဉ်ကို ဖျက်သိမ်းပြီး သန့်စင်ပြီး ယူရေနီယံအားလုံးကို လွှဲပြောင်းပေးရန် တောင်းဆိုထားဆဲဖြစ်သည်။

**Ref: RT**

# တိုကျိုနှင့်ကျိုတိုတက္ကသိုလ်ဝင်ခွင့်စာမေးပွဲများတွင် ChatGPT က အမှတ်အများဆုံးဖြင့်အောင်မြင်


**တိုကျို၊ နည်းပညာ**

ဂျပန်နိုင်ငံ၏ ထိပ်တန်းတက္ကသိုလ်များဖြစ်သော တိုကျိုနှင့် ကျိုတိုတက္ကသိုလ်တို့၏ ယခုနှစ် ဝင်ခွင့်စာမေးပွဲများတွင် ChatGPT က အမှတ်အများဆုံးဖြင့်အောင်မြင်ကြောင်း AI လုပ်ငန်းတစ်ခုက ဧပြီလ ၂၇ ရက်တွင် ထုတ်ပြန်သည်။ ChatGPT သည် ၂၀၂၄ ခုနှစ် ဝင်ခွင့်စာမေးပွဲများတွင် ကျရှုံးသော်လည်း ယခုအခါ သိသိသာသာတိုးတက်လာခြင်းဖြစ်သည်။

LifePrompt အဖွဲ့က OpenAI ၏ ChatGPT 5.2 Thinking မော်ဒယ်ကို အသုံးပြု၍စမ်းသပ်ရာ တိုကျိုတက္ကသိုလ်၏ ပြိုင်ဆိုင်မှုအများဆုံးဖြစ်သော ဆေးဘက်ဆိုင်ရာဘာသာရပ်တွင် အမှတ်အများဆုံး ရသူထက်အမှတ် ၅၀ ပိုရရှိပြီး သင်္ချာဘာသာရပ်တွင် အမှတ်ပြည့်ရရှိခြင်းဖြစ်သည်။ မေးခွန်းများကို ပုံရိပ်အချက်အလက်အဖြစ် ပြောင်းလဲပေးပို့ကာ ဖြေဆိုစေခြင်းဖြစ်ပြီး စာစီစာကုံးများကို နာမည်ကြီးကျောင်းပြင်ပပညာရေးသင်တန်းကျောင်းမှ ဆရာများက အမှတ်ပေးခဲ့ခြင်းဖြစ်သည်။

ChatGPT သည် လူမှုသိပ္ပံဘာသာရပ်တွင် ၄၅၂ မှတ်နှင့် သဘာဝသိပ္ပံဘာသာရပ်တွင် ၅၀၃ မှတ်ရရှိရာ တက္ကသိုလ်က ကြေညာထားသည့် အမှတ်အများဆုံးကျောင်းသားများ၏ ၄၃၄ မှတ်နှင့် ၄၅၃ မှတ်တို့ကို ကျော်ဖြတ်နိုင်ခဲ့သော်လည်း ကမ္ဘာ့သမိုင်းကဲ့သို့ဘာသာရပ်များရှိ စာစီစာကုံးပုံစံ အမေးအဖြေများတွင် ၂၅ ရာခိုင်နှုန်းသာရရှိခဲ့သည်ကို တွေ့ရသည်။

**Ref: ST**



# ဓာတ်မြေဩဇာများဈေးနှုန်းသက်သာစွာဖြင့် စိုက်ပျိုးချိန်အမီ ဖြန့်ဖြူးရောင်းချနိုင်ရေး ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း တိုက်တွန်းမှာကြား၊ မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဧပြီ ၂၇

စိုက်ပျိုးရေးလုပ်ငန်းများတွင် လိုအပ်လျက်ရှိသော ဓာတ်မြေဩဇာများဈေးနှုန်းသက်သာစွာဖြန့်ဖြူးရောင်းချနိုင်ရေးနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် မိုးစပါးစိုက်ရာသီတွင် အချိန်မီရရှိရေးအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း၊ ဒုတိယဝန်ကြီးများနှင့် စိုက်ပျိုးရေးသွင်းအားစုကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်သည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက နိုင်ငံတော်သမ္မတ၏ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လမ်းညွှန်မှာကြားချက်နှင့်အညီ ကျေးလက်နေပြည်သူများအဓိကလုပ်ကိုင်နေကြသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်နိုင်ခြင်းဖြင့် မိသားစုဝင်ငွေတိုးကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရေး၊ ရည်ညွှန်းဈေးနှုန်းများ လစဉ်ထုတ်ပြန်ပေးလျက်ရှိသဖြင့် သိုလှောင်ဈေးကစားခြင်းများမရှိစေရေးနှင့် သွင်းအားစုများ၏အရည်အသွေး သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး၊ အချိန်မီရရှိရေး၊ ထိုက်သင့်သောသက်သာသည့်ဈေးနှုန်းဖြစ်စေရေးကို တာဝန်ရှိသူအားလုံး ဝိုင်းဝန်းထိန်းသိမ်းကြပ်မတ်သွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့်စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက စိုက်ပျိုးရေးသွင်းအားစုများ ဝယ်ယူတင်သွင်းဖြန့်ဖြူးရောင်းချလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက်ဝိုင်းဝန်းဆွေးနွေးကာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်ဆည်မြို့၊ မြို့တော်ခန်းမ၌ ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာရှစ်ရွာမှ နွေစပါးစိုက်တောင်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

ဆက်လက်၍တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးပြောကြားပြီး ဒေသခံတောင်သူများက လိုအပ်ချက်များကိုတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က တောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာရှစ်ရွာမှ နွေစပါးစိုက် တောင်သူများအတွက် သွင်းအားစုဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

# အလုပ်သမားဆေးရုံ(ထန်းတပင်)တွင် ကျန်းမာရေးစောင့်ရှောက်ပေးနေမှု လုပ်ငန်းစဉ်များအား ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၇

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ရှိ အလုပ်သမားဆေးရုံ (ထန်းတပင်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဆေးရုံအစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးက ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများအားတွေ့ဆုံ၍ လူမှုဖူလုံရေးအဖွဲ့သည်အာမခံအလုပ်သမားများအားကိုးအားထားပြုရသည့် အဖွဲ့အစည်းတစ်ခုဖြစ်စေရန်အတွက် အလုပ်ရှင်၊ အလုပ်သမားများ၏အဓိကလိုအပ်ချက်ဖြစ်သော ကောင်းမွန်သည့် ဆေးကုသမှုဝန်ဆောင်မှုကို ပေးအပ်နိုင်ရန်လိုအပ်ကြောင်း မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များမေးမြန်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ပြီး ဆေးဝါးကုသမှုခံယူနေသည့် အာမခံအလုပ်သမားများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးကာ ထောက်ပံ့ငွေများပေးအပ်သည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အာမခံအလုပ်သမားများအား ကျန်းမာရေးစောင့်ရှောက်မှုများကို အလုပ်သမားဆေးရုံကြီး(ရန်ကုန်)၊ အလုပ်သမားဆေးရုံ (ထန်းတပင်)၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်း ၂၂ ခန်း၊ တိုင်းရင်းဆေးကုခန်းတစ်ခန်း၊ ဌာနကြီးဆေးခန်း ၂၀ ခန်း၊ စာချုပ်ဆေးခန်း ၅၃ ခန်း၊ မီးဖွားခြင်းဝန်ဆောင်မှုဆောင်ရွက်သည့် စာချုပ်ဆေးရုံ၊ သားဖွားခန်းငါးခန်းတို့ဖြင့် ဆောင်ရွက်လျက်ရှိပြီး ၂၀၂၅ ခုနှစ်ဧပြီလမှ ၂၀၂၆ ခုနှစ် မတ်လအထိ လူနာဦးရေ ၁၁၄၆၆၈၅ ကို ကုသမှုဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးဖိုးပြန်အမ်းအမှုတွဲ ၇၇၈၀၇ မှုအတွက် ငွေကျပ်သန်း ၇၉၇၄ ဒသမ ၃၉၆ ကို ပြန်လည်ပေးအမ်းနိုင်ခဲ့ကြောင်း သိရသည်။



မြဝတီ

# နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အမျိုးသား/ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကျင်းပ



နေပြည်တော် ဧပြီ ၂၇

နေပြည်တော်အတွင်းရှိ လူငယ်မောင်မယ်များအကြား အားကစားစိတ်ဓာတ် ထက်သန်လာစေရန်နှင့် ထူးချွန်ထက်မြက်သည့် ဘော်လီဘောအားကစားသမားကောင်းများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ ၂၀၂၆ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အမျိုးသား/အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော်အားကစားရုံ၌ ကျင်းပသည်။

ဦးစွာ နေပြည်တော် အားကစားနှင့် ကာယပညာကော်မတီနာယက၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ဘော်လီဘောဗိုလ်လုပွဲစဉ်များဖြစ်သည့် ဇမ္ဗူသီရိမြို့နယ် (အမျိုးသမီး)အသင်းနှင့် ဥတ္တရသီရိမြို့နယ်(အမျိုးသမီး)အသင်းတို့၏ ယှဉ်ပြိုင်နေမှု၊ ပျဉ်းမနားမြို့နယ်(အမျိုးသား) ဘော်လီဘောအသင်းနှင့် တပ်ကုန်းမြို့နယ် (အမျိုးသား) ဘော်လီဘောအသင်းတို့၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက အမျိုးသား/ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲများတွင် ပွဲစဉ်တစ်လျှောက်အကောင်းဆုံး အားကစားသမားဆုရရှိသော ဘော်လီဘောကစားသမားများကိုလည်းကောင်း၊ အမျိုးသား/ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် မြို့နယ်အလိုက် အသင်းများကိုလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဇမ္ဗူသီရိမြို့နယ်အသင်းနှင့် အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပျဉ်းမနားမြို့နယ်အသင်းတို့ကို ဂုဏ်ပြုဆုငွေများနှင့် တံခွန်စိုက်ဆုဖလားတို့ကိုပေးအပ်ချီးမြှင့်ခဲ့ပြီး အားကစားသမားများနှင့် နည်းပြများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

အဆိုပါ အသက် ၂၅ နှစ်အောက် မြို့နယ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲကို နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှ ပြိုင်ပွဲဝင်အသင်းများဖြင့် ဖွဲ့စည်းယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်ပြီး လူငယ်များ၏ ကာယ၊ ဗလနှင့် အချင်းချင်းချစ်ကြည်ရင်းနှီးမှုတိုးတက်စေရန်အတွက် နှစ်စဉ်ကျင်းပသည့် ပြိုင်ပွဲတစ်ခုဖြစ်ကြောင်း သိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**


## အင်အားအနည်းငယ်ရှိသောမြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဧပြီ ၂၇

ယနေ့နံနက် ၃ နာရီ ၁၅ မိနစ် ၀၁ စက္ကန့်အချိန်တွင် တမူးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၅၇ မိုင်ခန့်ကွာဝေးသောမြန်မာနိုင်ငံပြည်တွင်း (ဟုမ္မလင်းမြို့၏ အရှေ့တောင်ဘက် (၁၉) မိုင်ခန့်အကွာ)၊မြောက်လတ္တီတွဒ် ၂၄ ဒသမ ၆၄ ဒီဂရီ၊အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၀၉ ဒီဂရီ၊အနက် ၅၄ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃.၅(M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်းတိုင်းထွာရရှိပါသည်။

(မိုး/ဇလ)

## ၂၅ နှစ်ကြာ သုတေသနတစ်ခုအရ သွေးကင်ဆာလက္ခဏာတွေကို ကြိုသိနိုင်ပြီ



သွေးကင်ဆာရောဂါတွေ ဘယ်လိုမျိုး အစပျိုးလာပြီး ဘယ်လိုမျိုးအခြေအနေ ဆိုးသွားတတ်လဲဆိုတဲ့ လျှို့ဝှက်ချက်တွေကို ၂၅ နှစ်ကြာ မျိုးရိုးဗီဇစောင့်ကြည့်လေ့လာမှုသုတေသနကနေ ဖော်ထုတ်နိုင်ခဲ့ပါတယ်။ Wellcome Sanger သုတေသနဌာနမှပညာရှင်တွေဟာ နာတာရှည်သွေးကင်ဆာလူနာ ၃၀ ရဲ့ ဆေးမှတ်တမ်းတွေနဲ့ DNA အချက်အလက်တွေကို စနစ်တကျလေ့လာခဲ့ကြတာပါ။

လေ့လာမှုအရ ရောဂါအခြေအနေတည်ငြိမ်နေတဲ့လူနာတွေရဲ့ သွေးကလာပ်စည်းတွေဟာ မျိုးရိုးဗီဇပြောင်းလဲမှုမရှိတာကို တွေ့ရပြီး ရောဂါပိုဆိုးလာမယ့်သူတွေမှာတော့ DNA ပြောင်းလဲမှုတွေ တစ်စတစ်စများလာတာကို တွေ့ရပါတယ်။ MPNs လို့ခေါ်တဲ့ သွေးကင်ဆာတစ်မျိုးဟာ ရိုးတွင်းခြင်ဆီမှ သွေးကလာပ်စည်းတွေ အထိန်းအကွပ်မရှိ ထွက်လာတာမျိုးဖြစ်ပြီး ရောဂါလက္ခဏာမပြခင် နှစ်များစွာကတည်းက DNA ထဲမှာ အချက်ပြမှုတွေရှိနေတာပါ။

အခုလိုရှာဖွေတွေ့ရှိမှုကြောင့် နောင်မှာ ပုံမှန်မျိုးရိုးဗီဇစစ်ဆေးတာတွေဟာ ကုသမှုအပိုင်းမှာ ပိုအရေးပါလာတော့မှာဖြစ်ပြီး ရောဂါကို ပိုပြီးတိတိကျကျသိလာနိုင်သလို ဘယ်လူနာကတော့ အခြေအနေဆိုးသွားနိုင်သလဲဆိုတာ ကြိုတင်ခန့်မှန်းပြီး စောစီးစွာကုသပေးနိုင်ဖို့ လမ်းပွင့်သွားတာဖြစ်ပါတယ်။ ဒီသုတေသနရလဒ်တွေကို အမေရိကန် ကင်ဆာသုတေသနအသင်းညီလာခံမှာလည်းတင်ပြထားပါတယ်။

**Ref: STD**

**ကိုထက်**

## အိပ်နေစဉ် အသက်ရှူရပ်ခြင်းက ဟောက်ရုံတင်မက ကြွက်သားများပျက်စီးနိုင်

အိပ်နေစဉ်မှာ အသက်ရှူလမ်းကြောင်းပိတ်ပြီး အသက်ရှူရပ်တာဟာ ဟောက်ရုံတင်မက ခန္ဓာကိုယ်ရဲ့ကြွက်သားများကိုပါ ပျက်စီးစေနိုင်တယ်လို့ သုတေသနအသစ်တစ်ခုက သတိပေးလိုက်ပါတယ်။ အစ္စရေးနိုင်ငံ Ben-Gurion တက္ကသိုလ်နဲ့ Soroka ဆေးဘက်ဆိုင်ရာဌာနတို့ ပူးပေါင်းလေ့လာခဲ့တဲ့ ဒီသုတေသနအရ အိပ်နေစဉ်အသက်ရှူရပ်တဲ့ရောဂါက အသက်အရွယ်ကြောင့်ဖြစ်တဲ့ ကြွက်သားဆုတ်ယုတ်မှုကို ပိုပြီး မြန်ဆန်စေတယ်လို့ဆိုပါတယ်။

ဒီရောဂါဟာ အရွယ်ရောက်ပြီးသူ ၃၀ ရာခိုင်နှုန်းလောက်မှာဖြစ်ပွားလေ့ရှိပြီး အိပ်နေချိန်မှာ အသက်ရှူလမ်းကြောင်း ခဏခဏပိတ်သွားတာကြောင့် အောက်ဆီဂျင်ပြတ်တောက်ကာ အိပ်ရေးပျက်စေတာပါ။ အရင်ကတော့ ဒီရောဂါဟာ နှလုံးနဲ့အသက်ရှူလမ်းကြောင်းကိုပဲ ထိခိုက်စေတယ်လို့ သိထားကြပေမယ့် အခုအရိုးသိပ်သည်းဆလျော့နည်းတာနဲ့ ကြွက်သားအားနည်းတာကိုပါဖြစ်စေနိုင်ကြောင်းတွေ့ရှိခဲ့ရတာပါ။

ဒီရောဂါကို စောစီးစွာရှာဖွေကုသမှုမလုပ်ရင် ကြွက်သားတွေ အလုပ်မလုပ်တော့တာမျိုးအပြင် ကိုယ့်ခြေထောက်ပေါ်ကိုယ်မရပ်တည်နိုင်တော့တဲ့အထိ ဖြစ်သွားနိုင်ပါတယ်။ ဒါကြောင့် ပုံမှန် CT scan ရိုက်တဲ့အခါမျိုးမှာ အရိုးနဲ့ကြွက်သားအခြေအနေတွေကိုပါ ထည့်သွင်းစစ်ဆေးပြီး ဒီရောဂါရှိ၊ မရှိ စောင့်ကြည့်ဖို့ သုတေသနပညာရှင်တွေက သတိပေးတိုက်တွန်းထားတာတွေ့ရပါတယ်။

**Ref: STD**

**ကိုထက်**



## ဩစတြေးလျရဲ့ ကာကွယ်ရေးစွမ်းရည်ကိုတိုးမြှင့်ပေးမယ့် Bushmaster သံချပ်ကာယာဉ်များ



ဩစတြေးလျကာကွယ်ရေးစွမ်းရည်ကို ပိုမိုတိုးမြှင့်ပေးဖို့အတွက် မျိုးဆက်သစ် Bushmaster သံချပ်ကာယာဉ် အစီးရေ ၂၆၈ စီးကိုထပ်မံထုတ်လုပ်ဖို့ ဩစတြေးလျအစိုးရက ဒေါ်လာသန်း ၇၅၀ ရင်းနှီးမြှုပ်နှံလိုက်ပါတယ်။ အဲဒီယာဉ်တွေကို Thales Australia ကုမ္ပဏီက တာဝန်ယူထုတ်လုပ်သွားမှာဖြစ်ပြီး စစ်မြေပြင်မှာ တပ်မတော်သားတွေအတွက် အန္တရာယ်ကင်းကင်းနဲ့ တိုက်ပွဲဝင်နိုင်ဖို့ ရည်ရွယ်တာပါ။

ဒီစစ်ယာဉ်အသစ်တွေမှာ အရင်ကထက်ပိုကောင်းတဲ့ သံချပ်ကာအကာအကွယ်တွေ၊ ဒစ်ဂျစ်တယ်နည်းပညာနဲ့ ခေတ်မီဆက်သွယ်ရေးစနစ်ပါဝင်လာမှာဖြစ်ပါတယ်။ ဒ့ါအပြင် ယာဉ်အမိုးပေါ်မှာ စွမ်းအားကြီးတဲ့လက်နက်တွေကိုတပ်ဆင်နိုင်သလို အာရုံခံကိရိယာအစုံအလင်နဲ့လည်း ချိတ်ဆက်အသုံးပြုနိုင်မှာပါ။ ယာဉ်အတွင်းခန်းကိုလည်း လိုအပ်သလိုပုံစံပြောင်းလဲနိုင်အောင် ဖန်တီးထားပါတယ်။

Bushmaster ယာဉ်တွေကစစ်မြေပြင်မှာ စွမ်းဆောင်ရည်ကောင်းတယ်လို့ နာမည်ကြီးတာကြောင့် ဗြိတိန်၊ ဂျပန်နဲ့ နယူးဇီလန်အပါအဝင် နိုင်ငံရှစ်နိုင်ငံကိုလည်း တင်ပို့ထားရတဲ့ယာဉ်မျိုးပါ။ အခုမျိုးဆက်သစ်သံချပ်ကာယာဉ်တွေကိုတော့ ၂၀၂၇ ခုနှစ်မှာ စတင်ထုတ်လုပ်သွားမှာ ဖြစ်တယ်လို့ သိရပါတယ်။

**Ref: IE**

**ကိုထက်**

## မိုင် ၂၀ နီးပါးအကွာက တင့်ကားတွေကို တိုက်ခိုက်နိုင်မယ့် အိတ်ဆောင်တိုက်ခိုက်ရေးဒရုန်းအသစ်



အမေရိကန် မရိန်းတပ်ဖွဲ့က ရှေ့တန်းမှာတပ်ဖွဲ့ဝင်တွေကိုယ်တိုင်သယ်ဆောင်သွားပြီး မိုင် ၂၀ နီးပါးအကွာရှိ တင့်ကားနဲ့ သံချပ်ကာယာဉ်တွေကို တိုက်ခိုက်နိုင်မယ့် အိတ်ဆောင် ဒရုန်းစနစ်သစ်တစ်ခုကို တပ်ဆင်ပေးဖို့ပြင်ဆင်နေပါတယ်။ Organic Precision Fires-Medium (OPF-M) လို့ အမည်ပေးထားတဲ့ အဲဒီအစီအစဉ်ဟာ စစ်မြေပြင်မှာ လူစုခွဲလှုပ်ရှားနေတဲ့ မရိန်းတပ်ဖွဲ့ငယ်လေးတွေအနေနဲ့ တခြားအကူအညီမလိုဘဲ ရန်သူ့တင့်ကားတွေကို အဝေးကနေ ဖျက်ဆီးနိုင်ဖို့ ရည်ရွယ်တာပါ။

ဒီဒရုန်းစနစ်ဟာ စုစုပေါင်းအလေးချိန် ၃၅ ပေါင်အောက်သာရှိမှာဖြစ်ပြီး မရိန်းတပ်ဖွဲ့ဝင်နှစ်ဦးတည်းနဲ့ သယ်ဆောင်နိုင်မှာဖြစ်ပါတယ်။ ဒ့ါအပြင် ပစ်မှတ်ကိုမတိုက်ခိုက်ခင် လေထဲမှာ အနည်းဆုံး မိနစ် ၂၀ ကြာဝဲပျံနိုင်မှာဖြစ်ပြီး ရွေ့လျားနေတဲ့ပစ်မှတ်တွေကို အလိုအလျောက် ခြေရာခံနိုင်တဲ့စနစ်လည်း ပါဝင်မှာဖြစ်ပါတယ်။

ဒါပေမဲ့ ပစ်ခတ်တိုက်ခိုက်မယ့်ဆုံးဖြတ်ချက်ကိုတော့ လူကိုယ်တိုင်ကပဲ ထိန်းချုပ်လုပ်ဆောင်ရမယ့် Man-in-the-Loop စနစ်ကိုအသုံးပြုသွားမှာဖြစ်တယ်လို့ သိရပါတယ်။

**Ref: IE**

**ကိုထက်**

## သိုးမွေးကနေ အရိုးတွေပြန်လည်ရှင်သန်စေမယ့် နည်းပညာအသစ် ဗြိတိန်ပညာရှင်တွေ ဖော်ထုတ်နိုင်



သိုးမွေးမှာပါတဲ့ ကီရာတင်ပရိုတိန်းကို သုံးပြီး ပျက်စီးသွားတဲ့ အရိုးတွေကိုပြန်လည်ပြုပြင်ပေးနိုင်စေမယ့် နည်းလမ်းအသစ်ကို ဗြိတိန်နိုင်ငံ King's College London မှ ပညာရှင်တွေက ရှာဖွေတွေ့ရှိလိုက်ပါတယ်။ ဒီနည်းလမ်းကို တိရစ္ဆာန်တွေမှာစမ်းသပ်ကြည့်တဲ့အခါ ဒီပစ္စည်းဟာ အရိုးအသစ်တွေပြန်ဖြစ်လာဖို့ ထိရောက်တဲ့လမ်းပြမြေပုံတစ်ခုလို အလုပ်လုပ်ပေးနိုင်တာကို တွေ့ရပါတယ်။

အရင်က အရိုးကုသတဲ့နေရာမှာ ကော်လာဂျင်ကို အဓိကသုံးခဲ့ကြပေမယ့် သူက အားနည်းပြီးပြိုကွဲလွယ်သလို ထုတ်ယူရတာလည်း စရိတ်ကြီးပါတယ်။ သိုးမွေးကရတဲ့ ကီရာတင်ကတော့ ပိုပြီးခိုင်မာတဲ့အပြင် သိုးမွေးဟာ မွေးမြူရေးလောကမှာအလွယ်တကူရနိုင်တဲ့အတွက် ကုန်ကျစရိတ်လည်း သက်သာစေမှာပါ။ ကြွက်တွေနဲ့ စမ်းသပ်ချက်အရ ဒီနည်းပညာဟာ သဘာဝအရိုးနဲ့ အနီးစပ်ဆုံးတူတဲ့ အရိုးတစ်သျှူးတွေကို ဖြစ်ပေါ်စေတာတွေ့ရပါတယ်။

သုတေသနပညာရှင် ဒေါက်တာ ရှရစ် အယ်ရှာကာဝီကတော့ ဒီတွေ့ရှိချက်ဟာ ဆေးပညာလောကအတွက် အရေးကြီးတဲ့ မှတ်တိုင်တစ်ခုဖြစ်လာပြီး နောင်တစ်ချိန်မှာ လူနာတွေကို လက်တွေ့ကုသမှုပေးနိုင်ဖို့ ပိုပြီးနီးစပ်သွားပြီလို့ ပြောထားကြောင်း သိရပါတယ်။

**Ref: IE**

**ကိုထက်**

# ပျဉ်းမနားမြို့နယ်၌ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဧပြီ ၂၇**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည်ကျေးလက်နေပြည်သူများ စိုက်ပျိုးရေးလုပ်ငန်းများကို ကုန်ကျစရိတ်သက်သာစွာ တိုးချဲ့ဆောင်ရွက်နိုင်ရန် ရက် ၁၀၀ စီမံချက်ဖြင့်ဆောင်ရွက်လျက်ရှိသော ဆိုလာစနစ်သုံး စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကို ဧပြီလ ၂၇ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက သစ်လေးလုံးကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမောင်၊ ခရိုင်/မြို့နယ်ဦးစီးမှူးနှင့်အင်ဂျင်နီယာဝန်ထမ်းများသည် သစ်လေးလုံးကျေးရွာ၌ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးအတွက် ဆိုလာပြားများ တပ်ဆင်ခြင်း၊ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးဦးစီးမှူးက တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံ၍ သတ်မှတ်ကာလအတွင်း လုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် စံချိန်စံညွှန်းပြည့်မီရေး အလေးထားဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သည်။

သစ်လေးလုံးကျေးရွာ၌ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက် ၁၀၀ စီမံချက် ရန်ပုံငွေကျပ် ၁၅ ဒသမ ၈၄ သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၅၀ ရာခိုင်နှုန်းခန့်ဆောင်ရွက်ပြီးစီးပြီးဖြစ်ကြောင်း သိရသည်။

သော်ဇင်ထူး

# ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF)စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းဆောင်ရွက်



**ဟသ်ာတ ဧပြီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် ငါးဖယ်ထူ(မ)ခေတ်မီစံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF)စီမံကိန်းဖြင့် စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့်အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား အစုအဖွဲ့စနစ်ဖြင့်ဆောင်ရွက်ခြင်းဖြင့် ကျေးလက်ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးလာစေရန်အတွက် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ဧပြီလ ၂၆ ရက် နံနက်ပိုင်းတွင် အဆိုပါကျေးရွာစာသင်ကျောင်း၌ ဆောင်ရွက်သည်။

ဦးစွာ ဟသ်ာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးဟန်က ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ရည်ရွယ်ချက်များကို ကျေးလက်နေပြည်သူများက အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဟသ်ာတမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းက စီမံကိန်းလုပ်ငန်းစဉ်များနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါလိုက်နာရမည့်စည်းကမ်းချက်များ၊ စီမံကိန်းလုပ်ငန်းတွင်ပါဝင်သည့်လုပ်ငန်းအဖွဲ့ဝင်များ ရွေးချယ်မှုသတ်မှတ်ပုံစံများ၊ တာဝန်ယူဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းများဖော်ဆောင်နိုင်ရန် ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ လုပ်ငန်းအဖွဲ့ဝင်ငါးဦးကို အတည်ပြုရွေးချယ်ဖွဲ့စည်းဆောင်ရွက်ပေးသည်။

ဟသ်ာတမြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ရက် ၁၀၀ စီမံချက်ဖြင့် ကျေးရွာရှိဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ နိုင်ငံတော်မှကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF)စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ပံ့ပိုးပေးထားကြောင်း သိရသည်။ **ဇင်မာ**

# စစ်ကိုင်းမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သော ကြက်သွန်နီစိုက်ခင်းများ နုတ်သိမ်းပြီးစီး

**စစ်ကိုင်း ဧပြီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကြက်သွန်နီ ၁၉၁၄ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ပြီး စိုက်ပျိုးထားသော ကြက်သွန်နီစိုက်ခင်းများကို ဇန်နဝါရီလမှစတင်၍ ရိတ်သိမ်းကြရာ ယနေ့အထိ ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင်ပိဿာ ၄၀၀၀ ကျော်ထွက်ရှိကြောင်း သိရသည်။

"စစ်ကိုင်းမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကြက်သွန်နီ ၁၉၁၄ ဧကအထိပဲ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ကြက်သွန်နီခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့်နုတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ ကြက်သွန်နီစိုက်ပျိုးမှုအနေနဲ့ လျာထားချက်ဧကထက်တိုးချဲ့စိုက်ပျိုးနိုင်ခဲ့တယ်။ ကြက်သွန်နီ ဈေးကွက်မှာ ဈေးကောင်းရဖို့လည်း ချိတ်ဆက်ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောသည်။

စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကြက်သွန်နီစိုက်တောင်သူများ ဈေးကောင်းရစေရန် ဈေးကွက်ချိတ်ဆက်မှုများဆောင်ရွက်ပေးခြင်း၊ ကြက်သွန်နီကို ကြာရှည်စွာအထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့်အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီဖြစ်စေရန်အတွက် ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မုံရွာ၊ ယင်းမာပင်၊ ချောင်းဦး၊ ရွှေဘိုနှင့် မြင်းမူမြို့နယ်တို့၌ ကြက်သွန်နီအများဆုံး စိုက်ပျိုးကြကြောင်း သိရသည်။ (၄၀၉)



# ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဆရာဖြစ်သင်တန်းဖွင့်လှစ်

**ချမ်းအေးသာစံ ဧပြီ ၂၇**

မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှကြီးမှူး၍ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မူလတန်းပြဆရာ၊ ဆရာမများအတွက် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာဆရာဖြစ်သင်တန်း တိုင်းဒေသကြီးအဆင့် ဖွင့်ပွဲအခမ်းအနားကို ချမ်းအေးသာစံမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ဧပြီလ ၂၇ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ကိုယ်စား ညွှန်ကြားရေးမှူး (ပညာ) ဒေါက်တာရွှေစင်အိက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး (စီမံကိန်းများ ကြီးကြပ်အကဲဖြတ်ဌာန) ဦးစိုးမြင့်ချိုက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် သင်တန်းစည်းကမ်းချက်များအား ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် သင်တန်းနည်းပြ ၁၃ ဦးက တိုင်းဒေသကြီးအတွင်းရှိ မူလတန်းပြဆရာ၊ ဆရာမ သင်တန်းသားစုစုပေါင်း ၂၈၄ ဦးအား ဧပြီလ ၂၇ ရက်မှ မေလ ၉ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး(ပညာ) ဒေါက်တာရွှေစင်အိ၊ ဒုတိယညွှန်ကြားရေးမှူး(စီမံကိန်းများကြီးကြပ်အကဲဖြတ်ဌာန) ဦးစိုးမြင့်ချိုနှင့် တိုင်းဒေသကြီးပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ခရိုင်/ မြို့နယ်ပညာရေးမှူးများ၊ တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ တာဝန်ရှိသူများ၊ သင်တန်းသား ဆရာ၊ ဆရာမများ တက်ရောက်ကြောင်း သိရသည်။

(၄၀၂)

# ရက် ၁၀၀ စီမံချက်ဖြင့် Slab Culvert ကုန်ထုတ်တံတားများစတင်ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မိုင်းရှူး ဧပြီ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် နမ့်ဖတ်ကျေးရွာကုန်ထုတ်လမ်းပေါ်၌ ရက် ၁၀၀ စီမံချက်ဖြင့် Slab Culvert တံတားသုံးစင်း စတင်ဆောင်ရွက်နေမှု အခြေအနေများကို ဧပြီလ ၂၇ ရက်နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းရှူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်သီတာဟန်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက နမ့်ဖတ်ကျေးရွာကုန်ထုတ်လမ်းပေါ်၌ အလျား ၅ ပေ၊ အနံ ၂၂ ပေ၊ အမြင့် ၅ ပေရှိသည့် Slab Culvert ကုန်ထုတ်တံတား သုံးစင်းတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကျေးလက်နေတောင်သူများ၏ ထွက်ကုန်သီးနှံများ ဈေးကွက်သို့ လျင်မြန်ချောမွေ့စွာ ပို့ဆောင်နိုင်ရန်အတွက် ရက်ပေါင်း ၁၀၀ အတွင်း ကုန်ထုတ်တံတားများ အချိန်မီပြီးစီးရေးနှင့် စံချိန်စံညွှန်းပြည့်မီရေး အလေးထားဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။


အဆိုပါလုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၂၇၀ ဖြင့် ယခုနှစ် ဧပြီလ ၂၃ ရက်မှစတင်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ယခုအခါ လုပ်ငန်းများအားလုံး၏ ၂၀ ရာခိုင်နှုန်းခန့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ချိုသန်းညွှန့်(ကျေးလက်)



တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်၊ တော်ကော့(တွင်း)၌ ဖမ်းဆီးရမိသည့် တရုတ်နိုင်ငံသား ထိုင်ဝမ်လူမျိုး အမျိုးသမီးတစ်ဦးနှင့်အွန်လိုင်းလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများကိုတွေ့ရစဉ်။

**တာချီလိတ်မြို့အတွင်း အွန်လိုင်းလောင်းကစားလုပ်ငန်းနှင့်အွန်လိုင်းငွေလိမ်လုပ်ငန်း လုပ်ကိုင်သူများ ဖမ်းဆီးရမိသည့် နေရာများပြပုံ။**




**▲ ကျောဖုံးမှအဆက်**

အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်းပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ဆောင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ ယနေ့နေ့လယ် ၁၁ နာရီ ၅၀ မိနစ်ခန့်တွင် တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်၊ တော်ကော့(တွင်း)ရပ်၊ လိုမာဟိုတယ်အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသည့် တရုတ်နိုင်ငံသား အမျိုးသား ၃ ဦး၊ မြန်မာနိုင်ငံသား အမျိုးသမီး ၆ ဦးတို့ကို အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုသည့် All In One Computer ၃ လုံး၊ Laptop ၁၃ လုံး၊ ဖုန်းမျိုးစုံ ၃၂၀ လုံး၊ Tablet မျိုးစုံ ၁၀၈ လုံး၊ Printer ၁ လုံး၊ Wifi စက် ၆ လုံးနှင့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။


ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ရှာဖွေစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၂ နာရီ ၁၀ မိနစ်ခန့်တွင် အဆိုပါ ရပ်ကွက်အတွင်း နေအိမ်တစ်လုံး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ ကျူးလွန်လျက်ရှိသည့် တရုတ်နိုင်ငံသား အမျိုးသား ၈ ဦး၊ တရုတ်နိုင်ငံသား ထိုင်ဝမ်လူမျိုး အမျိုးသမီး ၁ ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၂၇ ဦးနှင့် အမျိုးသမီး ၇ ဦးတို့ကို အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် All In One Computer ၂၃ လုံး၊ မော်နီတာ ၁ လုံး၊ SYSTEM ပုံး ၁ လုံး၊





တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်၊ တော်ကော့(တွင်း)၌ တရားမဝင် အွန်လိုင်းလောင်းကစားလုပ်ကိုင်သူ မြန်မာနိုင်ငံသား အမျိုးသား ၂၇ ဦး၊ အမျိုးသမီး ၇ ဦး ထပ်မံဖမ်းဆီးရမိမှုကိုတွေ့ရစဉ်။





တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်၊ တော်ကော့(တွင်း)၌ တရားမဝင်အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်းများ သိမ်းဆည်းရမိမှုကိုတွေ့ရစဉ်။

ဖုန်းမျိုးစုံ ၅၂ လုံးနှင့် ဆက်စပ်ပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သောကြောင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုနှင့်လောင်းကစားမှုကျူးလွန်သူစုစုပေါင်း ၅၂ ဦးနှင့် လုပ်ငန်းသုံးပစ္စည်းများအား ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါဖမ်းဆီးရမိသူများကို ဥပဒေနှင့်အညီ ထိထိရောက်ရောက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နောက်ကွယ်မှ ပါဝင်ပတ်သက်သူများကိုလည်း စိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဖမ်းဆီးရမိသော တရားမဝင်အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုတွင် တစ်နည်းနည်းဖြင့် ပါဝင်ပတ်သက်နေသည့် ပြည်ပနိုင်ငံသားများကိုလည်း တရားဥပဒေနှင့်အညီစစ်ဆေးကာ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများ၊ အဓိကပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ထံ တရားဝင်လွှဲပြောင်းပေးခြင်းများနှင့် တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)



တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်၌ တရားမဝင်နိုင်ငံခြားသားများနှင့်မြန်မာနိုင်ငံသားများ တရားမဝင်အွန်လိုင်းလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် အဆောက်အအုံကိုတွေ့ရစဉ်။

# ဧရာဝတီမြစ်ရေလမ်းကြောင်းကောင်းမွန်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



ချောက် ဧပြီ ၂၇

မကွေးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ရေလမ်းကြောင်းကောင်းမွန်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ဧပြီလ ၂၆ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ဧရာဝတီမြစ်အတွင်း ရေလမ်းကြောင်းကောင်းမွန်ဖွံ့ဖြိုးစေရန်၊ ရေစီးရေလာကောင်းမွန်စေရန်နှင့် ရေလမ်းကြောင်းဖြောင့်တန်းပြီး ဧရာဝတီမြစ်အတွင်း သွားလာနေသည့်အစုန်အဆန်ရေယာဉ်များ ကုန်စည်တင်ပို့မှုလုပ်ငန်းများ အဆင်ပြေစေရန်ရည်ရွယ်၍ ချောက်မြို့ဆိပ်ကမ်းအနီး ဧရာဝတီမြစ်အနောက်ဘက်ယောချောင်းအတွင်းမှ သဲသောင်များ မြစ်အတွင်း သဲသောင်ပြင်ဖြစ်ထွန်းလာပြီး အနှောင့်အယှက်ဖြစ်စေသည့် အနေအထားဖြစ်ပြီး အဝင်ရေလမ်းကြောင်းထိခိုက်ကာ မြစ်ရေစီးဆင်းမှုလမ်းကြောင်း ပြောင်းလဲနိုင်သဖြင့် ချောက်မြို့၏ ရေလမ်းဖွံ့ဖြိုးရေးအတွက် အရှည်ပေ ၅၅၈၀၊ အကျယ် ပေ ၅၄၀ နှင့် အနက် ၁၉ ပေ သဲသောင်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများကို ရေအရင်းမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး (မကွေးတိုင်းဒေသကြီး) ၏ ကြီးကြပ်မှုဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီနှစ်ခုမှ ယခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်က စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ဧရာဝတီမြစ် ရေလမ်းကြောင်းဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေခြင်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်ထက်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလေးမောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်မင်းထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုပြီး တာဝန်ခံအင်ဂျင်နီယာများက ဧရာဝတီမြစ်ရေလမ်းကြောင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရခြင်းရည်ရွယ်ချက်များနှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြကြောင်း သိရသည်။

**ကိုဇွဲ(အညာမြေ)**

# စစ်ကိုင်းမြို့၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များတာဝန်ပေးအပ်

စစ်ကိုင်း ဧပြီ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို စစ်ကိုင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဧပြီလ ၂၇ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက စီမံကိန်းလုပ်ငန်းများအောင်မြင်ရေး ကဏ္ဍအလိုက် ဘက်စုံတိုးတက်စေရန် ပြည်သူအခြေပြုဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ပြည်သူများ ထင်သာမြင်သာရှိစေရန်၊ အဓိကလိုအပ်ချက်များကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့် အချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင် ထိထိရောက်ရောက်ဆောင်ရွက်ကြရန် တာဝန်ရှိသူများကို တာဝန်ပေးအပ်မည်ဖြစ်ကြောင်းပြောကြားပြီး ခရိုင်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးဦးက စစ်ကိုင်းခရိုင်၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ စစ်ကိုင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာမောင်စိုးနှင့် တာဝန်ရှိသူများက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များကို ဌာနဆိုင်ရာတာဝန်ရှိသူများထံ ပေးအပ်သည်။

အဆိုပါ ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားသို့ စစ်ကိုင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စစ်ကိုင်းခရိုင်အတွင်းရှိ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**အေးငြိမ်းစံ(ပြန်/ဆက်)**

# VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ဆောင်ရွက်

မလှိုင် ဧပြီ ၂၇


မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက် ၁၀၀ စီမံချက်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော် ဆောင်ရွက်မည့် ရေချိုဘူတာကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဧပြီလ ၂၇ ရက်တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်က ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ကျေးရွာသို့ချပြရှင်းလင်းခြင်းနှင့် နှစ်အလိုက် ဦးစားပေးလုပ်ငန်းများ ရွေးချယ်နိုင်ရန် ဆွေးနွေးခြင်းတို့ ဆောင်ရွက်သည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို မိမိတို့ကျေးရွာအလိုက် အများသဘောဆန္ဒနှင့်အညီ မဲစနစ်ဖြင့် ရွေးချယ်ကြသည်။

ရေချိုဘူတာကျေးရွာ၌ ရက် ၁၀၀ စီမံချက်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ကို ငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**




# သစ်တောထိန်းသိမ်းရေး တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြော



ရန်ကုန် ဧပြီ ၂၇

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် သစ်တောဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများနှင့် ရပ်ကွက်၊ ကျေးရွာနေပြည်သူများအား မီးခိုးမြူငွေ့ညစ်ညမ်းမှုဆက်စပ်ပုံနှင့် လေထုညစ်ညမ်းမှုကြောင့် လူသားတို့၏ လူမှုစီးပွားဘဝများ ထိခိုက်နိုင်မှုများကို သိရှိနားလည်စေရန်ရည်ရွယ်၍ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဧပြီလ ၂၆ ရက်က ခနဲရိကျေးရွာအုပ်စု ခနဲရိကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် အေးရွာလေးကျေးရွာ ဘုန်းတော်ကြီးကျောင်းတို့၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲများတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးနိုင်လင်းထွန်းက သစ်တောသစ်ပင်များအကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်များအကြောင်း၊ သစ်တောများမှပေးစွမ်းနိုင်သည့် ဂေဟစနစ်ဆိုင်ရာအကျိုးကျေးဇူးများအကြောင်း အသိပညာပေးဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကိုမေးမြန်းကြရာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးနိုင်လင်းထွန်းက ပြန်လည်ဖြေကြားပေးကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# တနင်္သာရီတိုင်းဒေသကြီး မြို့နယ်ပေါင်းစုံ အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ



ထားဝယ် ဧပြီ ၂၇

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရွှေဝယ်သီရိအားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ ဗိုလ်လုပွဲအဖြစ် အမျိုးသား/အမျိုးသမီးထားဝယ်မြို့နယ်အသင်းနှင့် မြိတ်မြို့နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားသမားများ နှင့် အားကစားဝါသနာရှင်များက ကြည့်ရှု အားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီး များက ပွဲစဉ်တစ်လျှောက်ကူညီဆောင် ရွက်ပေးသောကြက်ခြေနီတပ်ဖွဲ့ကို ဂုဏ်ပြု ဆုချီးမြှင့်ပြီး အမျိုးသားအားကစားသမား ဆု၊ အမျိုးသမီးအားကစားသမားဆု၊ အမျိုး သားဘော်လီဘောပြိုင်ပွဲတွင် ဒုတိယဆုရရှိ သည့် မြိတ်မြို့နယ်အသင်းနှင့် အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ဒုတိယဆုရရှိ သည့် မြိတ်မြို့နယ်အသင်း၊ အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် ထားဝယ်မြို့နယ်အသင်းကိုလည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ က အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် ထားဝယ်မြို့နယ်အသင်း ကိုလည်းကောင်း တစ်ဦးချင်းဆုနှင့်ငွေသား ဆုပေးအပ်ချီးမြှင့်ကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် ထားဝယ်မြို့နယ်အသင်းကို တံခွန်စိုက်ဆု ဖလားပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဧပြီ ၂၇

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Thu Thu Xtet San" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ အမှတ်(၃)ရပ်ကွက်နေ သူသူထက်စံ(ခ) သုန်သုန်အား ညနေ ၄ နာရီခွဲတွင် မြဝတီမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ပန်းတောင်းမြို့နယ်၌ လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၂၇

ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၌ ဧပြီလ ၂၆ ရက်နေ့က လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီးဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီလ ၂၆ ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင် ပန်းတောင်းမြို့နယ်၊ ဒေါင်းမြတ်နားကျေးရွာအနီး ပန်းတောင်း-တောင်ကုတ်လမ်းပေါ်၌ ပန်းတောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ယာဉ်စစ်ဆေးခြင်းများဆောင်ရွက်နေစဉ် ပြည်မြို့မှ ဥဿျှစ်ပင်မြို့သို့ ပြည်မြို့၊ မြေပဒေသာရပ်ကွက်နေ ပိုင်ဖြိုးသူ(၂၈)နှစ် မောင်းနှင်လာသော YGN- 24 3I-xxxx HONDA FIT မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာ အဆိုပါယာဉ်နှင့်ပတ်သက်၍ အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်းသိရှိရသဖြင့် ပိုင်ဖြိုးသူအား ပန်းတောင်းမြို့မရဲစခန်း(ပ)၂၀/၂၀၂၄၊ ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၈ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား


**ပျောက်ဆုံးကြောင်း**
စိုးစန္ဒာထွန်း(ဘ)ဦးကံမောင် ၅/ကလတ(နိုင်)၁၀၉၂၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၃၈၇၈၉၁၂

**ပျောက်ဆုံးကြောင်း**
သဒ္ဒါအောင်(ဘ)ဦးကျော်ဝဏ္ဏ ၁၂/အစန(နိုင်)၂၆၄၁၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၈၆၄၉၅၆၀၅

**ပျောက်ဆုံးကြောင်း**
အောင်သူရ(ဘ)ဦးတင်ကို ၁၂/ဥကမ(နိုင်)၂၁၀၃၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၅၇၄၄၁၀၇

**ပျောက်ဆုံးကြောင်း**
ဆောင်းနေခြည်(ဘ)ဦးခင်မောင်ချို ၁၄/ဓနဖ(နိုင်)၂၀၃၁၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၁၇၀၀၇၁၂

**ပျောက်ဆုံးကြောင်း**
ခင်ယမုံဦး(ဘ)ဦးဇော်မင်းဦး ၁၀/သဖရ(နိုင်)၁၈၀၅၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 877664)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၈၇၀၂၉၇၃

**ပျောက်ဆုံးကြောင်း**
ရှိုင်းထက်ဇော်(ဘ)ဦးခင်ထွေး ၇/ရကန(နိုင်)၀၈၄၅၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၄၁၀၃၆၁၈၈

**ပျောက်ဆုံးကြောင်း**
ထွန်းလှိုင်(ဘ)ဦးတင်ထွန်းမြင့် ၁၂/သဃက(နိုင်)၀၂၃၈၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၃၃၆၉၂၇၂

**ပျောက်ဆုံးကြောင်း**
အေဒီသင်း(ဘ)ဦးကျော်ထွန်း ၁၂/တတန(နိုင်)၂၈၁၄၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၀၁၁၉၇၂၆

**ပျောက်ဆုံးကြောင်း**
နီမိုရိန်း(ဘ)ဦးအောင်လီ ၁၃/နခန(နိုင်)၀၆၉၀၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၆၃၀၄၁၄၈

**ပျောက်ဆုံးကြောင်း**
နန်းခွဲလိန်(ဘ)ဦးလဗျာဂမ် ၁၃/နခန(နိုင်)၀၀၇၈၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၇၇၆၃၈၆၉

**ပျောက်ဆုံးကြောင်း**
သင်းဝတ်ရည်(ဘ)ဦးမြဝင်း ၉/ညဥန(နိုင်)၂၁၅၈၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၂၀၁၁၆၂၂

**ပျောက်ဆုံးကြောင်း**
ပုလဲကြည်(ဘ)ဦးအောင်ဝင်း ၈/ဂဂန(နိုင်)၁၁၆၀၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 871650)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၁၃၉၁၉၆၆

**ပျောက်ဆုံးကြောင်း**
အောင်သော်ခန့်(ဘ)ဦးကျော်နိုင် ၉/တသန(နိုင်)၂၃၇၆၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 140821)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၀၆၈၆၉၇၇

**ပျောက်ဆုံးကြောင်း**
မဝိုင်း(ဘ)ဦးမြင့်နိုင် ၉/ရမသ(နိုင်)၂၇၈၈၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၇၈၇၃၉၅၂

**ပျောက်ဆုံးကြောင်း**
စန်းယုမော်(ဘ)ဦးငွေဝင်း ၅/ကနန(နိုင်)၁၄၅၂၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၆၈၉၀၅၈၆

**ပျောက်ဆုံးကြောင်း**
ဆုန်သင်းပါရ်(ဘ)ဦးဝင်းမြိုင် ၉/ဝတန(နိုင်)၂၄၉၉၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၇၄၀၅၂၀၇

**ပျောက်ဆုံးကြောင်း**
မန်းထိန်ဝင်းအောင်(ဘ)ဦးမြင့်အောင် ၃/ကကရ(နိုင်)၁၄၅၇၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 224338)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
နီနီဝင်း(ဘ)ဦးအောင်ထွန်း ၉/ရမသ(နိုင်)၁၀၆၀၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
မြူပြာအောင်(ဘ)ဦးအောင်တူး ၁၃/တကန(နိုင်)၂၄၄၈၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
နန်းနှင်းနှင်း(ဘ)ဦးမောင်ငို ၃/ဘအန(နိုင်)၃၂၅၉၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 177730)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
မေဇင်နိုင်(ဘ)ဦးဝင်းမောင် ၁၀/သထန(နိုင်)၂၆၉၅၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၈၆၃၂၇၄၅

**ပျောက်ဆုံးကြောင်း**
ခင်ရတနာဦး(ဘ)ဦးဝင်းဇိုလ်နိုင် ၁၂/ဒဂမ(နိုင်)၀၅၅၁၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 557883)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၀၈၅၄၃၅၁

**ပျောက်ဆုံးကြောင်း**
သူဇာဖြိုး(ဘ)ဦးအင်ဒွေး ၆/ကသန(နိုင်)၁၄၃၆၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 997469)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
မဝဏ္ဏစာရီ(ဘ)ဦးကာရင်၁၂/ဗဟန(သီ)၀၁၆၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၁၃၉၆၈၃၈၃

**ပျောက်ဆုံးကြောင်း**
အောင်ကျော်ဇော(ဘ)ဦးအေးသန်း ၁၀/ကထန(နိုင်)၁၄၃၈၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 548567)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၇၀၉၀၇၈၈

**ပျောက်ဆုံးကြောင်း**
စိုးအေး(ဘ)ဦးသန်းရွှေ ၁၂/လကန(နိုင်)၀၃၃၂၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၀၂၄၂၅၂၂

**ပျောက်ဆုံးကြောင်း**
ချစ်ပိုပို(ဘ)ဦးသိန်းငွေ ၁၄/ဟသတ(နိုင်)၃၉၀၁၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၁၄၈၅၆၀၁

**ပျောက်ဆုံးကြောင်း**
နန်းသံသာလွင်(ဘ)ဦးသံတိုင် ၇/ကတန(နိုင်)၀၂၉၅၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၇၅၆၇၅၇၉

**ပျောက်ဆုံးကြောင်း**
ဟိန်းထက်(ဘ)ဦးသန့်ဇင်အောင် ၁၂/ဒဂမ(နိုင်)၀၃၀၉၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ဒိုက်ဦးမြို့နေ ကြူကြူ(ဘ)ဦးကြိုင် ၇/ဒဥန(နိုင်)၂၈၉၇၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ဆွေမွန်ကြည်(ဘ)ဦးမြင့်ကြည် ၇/လပတ(နိုင်)၁၅၆၃၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ဂျူလိုင်မိုး(ဘ)ဦးအေးကို ၆/မမန(နိုင်)၁၇၇၃၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၂၃၄၄၃၀

**ပျောက်ဆုံးကြောင်း**
မိုးထက်ဝင်း(ဘ)ဦးအေးကို ၆/မမန(နိုင်)၁၇၇၅၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၂၄၃၅၉၄

**ပျောက်ဆုံးကြောင်း**
မင်းချစ်မောင်မောင်(ဘ)ဦးနေလင်းအောင် ၆/ကစန(နိုင်)၁၀၉၇၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 616847)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ဇော်ထူးအောင်(ဘ)ဦးစိုးမြင့် ၇/အတန(နိုင်)၁၀၀၉၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**အလိမ္မာစာမှာရှိ**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြေတိုင်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ပါလုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူခြင်းအား ဌာနအရောက်တန်ဖိုး(D.D.P)မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Workstation Computer | (2)Sets |
| (ခ) | Desktop Computer | (4)Sets |
| (ဂ) | Battery For Aibotix Drone | (1)Sets |
| (ဃ) | Digital Level | (1)Sets |
| (င) | Differential GPS | (1)Sets |
| (စ) | Geospatial Platform Web Portal(Credit 10000) | (1)Lot |
| (ဆ) | TNT mips Upgrade(Complete Remote sensing & GIS Software)with Printer Module Software Key | (15)Nos. |
| (ဇ) | Fortimail VM02 with Forticare Premium and Fortiguard Enterprise ATP Bundle Contract | (1)Nos. |
| (ဈ) | ပုံနှိပ်လုပ်ငန်းသုံးပစ္စည်းများ | (1)Lot |

၂။ အိတ်ဖွင့်တင်ဒါများအား ၁၅-၅-၂၀၂၆ ရက်နေ့(၁၂:၀၀)နာရီတွင် နောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပြီး (၁၄:၀၀)နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါမည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြေတိုင်းဦးစီးဌာန၊**
**မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၁၃၄၃၃၊ ၀၆၇-၃၄၁၃၀၇၃**
**၀၉-၉၆၄၉၃၄၅၇၆၊ ၀၉-၄၄၄၄၅၃၇၉၈**

### ပျောက်ဆုံးကြောင်း
မအားဆန်းမေ(ဘ)ဦးလျော်အိုက်ခမ်း ၁၃/လရန(နိုင်)၂၈၂၀၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၅၁၂၉၇၅၆

### ပျောက်ဆုံးကြောင်း
စိုင်းကျန်(ဘ)ဦးနန်လာ ၁၃/ကတန(နိုင်)၀၃၈၂၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၀၀၃၅၃၆၅

### မွေးသက္ကရာဇ်အမှန်
နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ စွယ်တော်မျှော်ကျေးရွာနေ အဘ ဦးခင်သောင်း ၉/လဝန(နိုင်)၁၅၃၁၅၉ ၏သား မောင်ဝသန်ကိုကိုအောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၅-၂၀၀၉ ဖြစ်ပါကြောင်း။ ၂၀-၅-၂၀၀၉

### အမည်ပြောင်း
မိုင်းယောင်းမြို့၊ အခြေခံပညာမူလတန်းလွန်ကျောင်း(ခိုကဲကျေးရွာ)၂၀၂၅-၂၀၂၆ ပညာသင်နှစ် Grade-6 မှ အဘ ဦးထွန်းနိုင်လင်း ၉/ကဆန(နိုင်)၁၀၇၈၈၇ ၏သား မောင်ရဲရင့်အောင်အား မောင်ရဲရင့်အောင်ရှိန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။
မောင်ရဲရင့်အောင်ရှိန်း

### အမည်ပြောင်း
မိုင်းယောင်းမြို့၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း(ခိုကဲကျေးရွာ)၂၀၂၅-၂၀၂၆ ပညာသင်နှစ် Grade-4 မှ အဘ ဦးထွန်းနိုင်လင်း ၉/ကဆန(နိုင်)၁၀၇၈၈၇ ၏သား မောင်ရဲရင့်ရှိန်းအား မောင်ဝဏ္ဏအောင်ရှိန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။
မောင်ဝဏ္ဏအောင်ရှိန်း

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ကြို့ချောင်း(ရွာမ)အ.လ.က(ခွဲ) Grade-11 ကျောင်းဝင်အမှတ် ၅၉၁ မသင်းသဇင်မိုး၏ဖခင် ဦးစိုးမြင့်၏ အမည်မှန်မှာ ဦးစိုးမြင့်ဝင်း ၈/တတက(နိုင်)၁၇၂၉၆၂ ဖြစ်ပါကြောင်း။ ဦးစိုးမြင့်ဝင်း

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ မောင်းတိုင်(ထူ)မူလွန်ကျောင်း Grade-7 မှကျောင်းဝင်အမှတ် ၀၀၄၁ မမြပုန်းညက်၏ဖခင် ဦးသန်းမြင့်၏ အမည်မှန်မှာ ဦးထွန်းအောင် ၈/တတက(နိုင်)၁၉၃၉၁၁ ဖြစ်ပါကြောင်း။ ဦးထွန်းအောင်

## ပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ၂၀၂၆-၂၀၂၇ နှင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်အတွင်း 5000 BHP ASD Tug တွန်း/ဆွဲရေယာဉ် အသစ်(၁)စင်းတည်ဆောက်ခြင်းလုပ်ငန်းကို နိုင်ငံခြားသုံးငွေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်မည်ဖြစ်ပါသဖြင့် အရည်အချင်းပြည့်မီပြီး စိတ်ပါဝင်စားသော ကုမ္ပဏီများအနေဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါအဆိုပြုလွှာပုံစံရောင်းချမည့်နေ့ရက်နှင့်အချိန် - ၂၈-၄-၂၀၂၆ ရက်နေ့မှ ၁၉-၅-၂၀၂၆ ရက်နေ့အထိ (ရုံးဖွင့်ရက် ၀၉:၃၀ - ၁၆:၀၀ နာရီအတွင်း)

၃။ တင်ဒါပုံစံရောင်းချမည့်နေရာ - စီမံရေးနှင့်လုပ်ငန်းဌာနခွဲ၊ သိမ်ဖြူသင်္ဘောကျင်း၊ စက်မှုအင်ဂျင်နီယာဌာန၊ အမှတ် ၅၅၇/၅၅၉၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

၄။ တင်ဒါဖွင့်မည့်နေ့ရက်၊ အချိန်နှင့် နေရာ - ၂၁-၅-၂၀၂၆ (ကြာသပတေးနေ့)၊ (၁၃:၀၀)နာရီ အမှတ်(၁၀)၊ ပန်းဆိုးတန်းလမ်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ရုံးချုပ်)၊ ပထမထပ်၊ ရန်ကုန်မြို့။

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက Email: cmeoffice.mpa@gmail.com နှင့် ဖုန်း +၉၅-၉၅၁၅၈၄၀၄ /+၉၅-၉၄၀၁၀၁၀၂၉၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင်အသုံးပြုရန်လိုအပ်သောရုံးသုံးစက်ကိရိယာပစ္စည်းများနှင့် 2.5m3 Clamshell Grab Bucket for Grab Dredger တို့အား မြန်မာကျပ်ငွေဖြင့်လည်းကောင်း၊ ကျောက်စွဲပစ္စည်းများနှင့် 3 to 5 LED Solar Lantern တို့အား နိုင်ငံခြားသုံးငွေဖြင့်လည်းကောင်း ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများအား ၁၄-၅-၂၀၂၆ ရက်နေ့(၁၃:၀၀)နာရီ နောက်ဆုံးထားတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း(ဗိုလ်တထောင်ဘုရားအနောက်ဘက်၊ ကွန်ကရစ်လမ်း၊ Toll Gate အနီး)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင် (၂၈-၄-၂၀၂၆) ရက်နေ့မှစ၍ (၁၂-၅-၂၀၂၆)ရက်နေ့ထိ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်၊ ၀၉-၂၅၀၂၈၄၁၂၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သောအောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ဘိလပ်မြေ/သံချောင်းလုံး/ MS Plate | ၄၀၆၅၀၀အိတ်/၄၅၅တန်/ ၆၉.၆၄တန် |
| (ခ) | 4 Angle Sheet/Beam/ HDPE | ပိုက်နှင့်ပိုက်ဆက်ပစ္စည်း၈၂၀မီတာ/ ၁၄.၅၀တန်/1 Lot |
| (ဂ) | Butterfly Valve/ကတ္တရာ/ရေရောကတ္တရာ | ၁၀ လုံး/၇၈၀ တန်/၃၉ တန် |
| (ဃ) | 315 KVA Transformer/ဘာဂီယာဉ်/စက္ကူ(၃)မျိုး | ၃ လုံး/၃၈ စီး/၆၁၄၀ ထုပ် |
| (င) | CTP Plate/Art, White Card/ပုံနှိပ်မင် | ၈၉ ထုပ်/၁၆၉ ထုပ်/၂၀၀ ဗာ |
| (စ) | လိပ်သဲကျောက်(၃)မျိုး/မြစ်ကျောက်စရစ်/ မြစ်သဲကြမ်း | ၄၅၀၀ ကျင်း/၁၂၀၀၀ ကျင်း/ ၆၅၀၀ ကျင်း |
| (ဆ) | ဒီဇယ်ဆီ/ပရီမီယံဒီဇယ်ဆီ/ဓာတ်ဆီ | ၄၇၆၂၈၄ ဂါလန်/၄၀၇၀၀ ဂါလန်/ ၁၀၀၀၀ ဂါလန် |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၈-၄-၂၀၂၆ ရက်နေ့မှစ၍ ရောင်းချမည်ဖြစ်ပြီး ၁၂-၅-၂၀၂၆ ရက်နေ့(၁၂:၀၀)နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်)ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၀၁-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အမှတ်(၉၁)အခြေခံပညာမူလွန်ကျောင်း(မြို့ဦး) Grade-4 ကျောင်းဝင်အမှတ် ၀၂၄၄ မခင်သန္တာဖြိုး၏ဖခင် မောင်ကိုဆန်း၏အမည်မှန်မှာ ဦးကိုဆန်း ၈/အလန(နိုင်)၂၁၆၉၆၃ ဖြစ်ပါကြောင်း။ ဦးကိုဆန်း

### ပျောက်ဆုံးကြောင်း
ရဲနိုင်(ဘ)ဦးစိုးဦး ၉/ရမသ(နိုင်)၂၄၄၅၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ဖြူဖြူခိုင်(ဘ)ဦးကျော်ဝင်း ၉/မကန(နိုင်)၁၂၃၆၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
စိုးသီဟ(ဘ)ဦးဌေးမြင့် ၇/ကပက(နိုင်)၀၉၂၈၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၃၅၃၀၀၇၉

### ပျောက်ဆုံးကြောင်း
ပြည့်ဖြိုးအောင်(ဘ)ဦးစိုးမင်း ၉/ရမသ(နိုင်)၂၂၅၂၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
မအင်ကြင်း(ဘ)ဦးညွန့်မောင် ၇/ပခတ(နိုင်)၀၅၄၁၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ဖခင်အမည်မှန်
အထက(ခွဲ)အစုကြီး၊ ကန်ကြီးထောင့်မြို့၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ Grade-6 မှ မဖူးပြည့်သဇင်၏ဖခင် ဦးချိုလွင်၏အမည်မှန်မှာ ဦးဆန်းဝင်း ၁၄/ပသရ(နိုင်)၁၀၉၁၇၂ ဖြစ်ပါကြောင်း။ ဦးဆန်းဝင်း

### ပျောက်ဆုံးကြောင်း
မေသဉ္ဇာအောင်(ဘ)စောကလယ်ထူး ၇/မလန(နိုင်)၀၆၉၉၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ဆုဝေဖြိုး(ဘ)ဦးမျိုးဇော်ထွန် ၆/ကသန(နိုင်)၀၈၅၇၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ရတနာမိုင်မိုင်(ဘ)ဦးသန်းထွန်း ၆/သရခ(နိုင်)၁၄၅၃၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
မေသရဖီချစ်(ဘ)ဦးချစ်လှိုင်ဝင်း ၉/အမရ(နိုင်)၁၅၀၅၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ရဲမင်းထွန်း(ဘ)ဦးကျော်ရင် ၇/လပတ(နိုင်)၁၂၉၈၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### မိဘအမည်မှန်
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ သဲဖြူအ.ထ.က(ခွဲ) Grade-9 မှဆလိုင်းလွင်မျိုးဦး၏ဖခင် ဦးမျိုးဝင်းထွန်း၏အမည်မှန်မှာ ဆလိုင်းမျိုးဝင်းထွန်း ၈/တတက(နိုင်)၁၇၄၉၆၃ နှင့် အမိ ဒေါ်အေးအေးချို၏အမည်မှန်မှာ မိုင်အေးအေးချိုဖြစ်ပါကြောင်း။
ဆလိုင်းမျိုးဝင်းထွန်း-မိုင်အေးအေးချို

### မိဘအမည်မှန်
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ သဲဖြူ အ.ထ.က(ခွဲ) Grade-9 မှ မိုင်ကေရီဦး၏ဖခင် ဦးတင်မောင်၏အမည်မှန်မှာ ဆလိုင်းတင်မောင် ၈/တတက(နိုင်)၀၈၈၆၉၄ နှင့် အမိ ဒေါ်ဇာနီခိုင်၏အမည်မှန်မှာ မိုင်ဇာနီခိုင်ဖြစ်ပါကြောင်း။
ဆလိုင်းတင်မောင်-မိုင်ဇာနီခိုင်

### မိဘအမည်မှန်
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ သဲဖြူအ.ထ.က(ခွဲ) Grade-9 မှဆလိုင်းသော်ဇင်လင်း၏ဖခင် ဦးမောင်မောင်ထွေး၏ အမည်မှန်မှာ ဆလိုင်းမောင်မောင်ထွေး ၈/တတက(နိုင်)၁၁၁၁၅၈ နှင့် အမိ ဒေါ်ခင်ဆွေဦး၏အမည်မှန်မှာ မိုင်ခင်ဆွေဦးဖြစ်ပါကြောင်း။
ဆလိုင်းမောင်မောင်ထွေး-မိုင်ခင်ဆွေဦး

### မိဘအမည်မှန်
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ သဲဖြူအ.ထ.က(ခွဲ) Grade-9 မှဆလိုင်းနိုင်မျိုးဦး၏ဖခင် ဦးတင်ဦး၏အမည်မှန်မှာ ဆလိုင်းတင်ဦး ၈/တတက(နိုင်)၁၁၁၁၂၃ နှင့် အမိ ဒေါ်ကြူကြူမာ၏အမည်မှန်မှာ မိုင်ကြူကြူမာဖြစ်ပါကြောင်း။
ဆလိုင်းတင်ဦး-မိုင်ကြူကြူမာ

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ
မိတ္ထီလာမြို့၊ ကျီတော်ကုန်းရပ်ကွက်၊ ကံဦးနယ်မြေ(၃)၊ ရွှေနှင်းဆီလမ်း၊ ဒေါ်ခင်စန္ဒာနိုင်(၈/နမန(နိုင်)၁၈၁၈၅၆)ကိုင်ဆောင်သူမှ(အလျား ၉'-၀"x အနံ ၄၀'-၀") Steel Structure ထပ်တိုးတိုးချဲ့ ဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦ ထပ်တိုးတိုးချဲ့ ဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။
**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

### ပျောက်ဆုံးကြောင်း
တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ အမှတ်(၁၄၇)၊ အနောက်လမ်း၊ အနောက်ရပ်နေ ဒေါ်ယဉ်ယဉ်သိန်း(ဘ)ဦးချမ်းအေး ၆/ထဝန(နိုင်)၀၁၉၁၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 919027)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၀၄၄၇၇၇

### ပျောက်ဆုံးကြောင်း
ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ဘွင်မံကျေးရွာနေ ပုမ့်ငင့်(ဘ)ဦးအွန်ဇမန် ၄/တတန(နိုင်)၀၇၇၃၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၄၄၀၄၈၃၇

### အမည်ပြောင်း
အထက(၇)ပုသိမ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ Grade-11 မှ ဦးနိုင်ဦး ၁၃/တယန(နိုင်)၀၀၄၉၂၅ ၏သမီး မရွှေယမင်းဦးအား မရွှေယမင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။
မရွှေယမင်း

### ပျောက်ဆုံးကြောင်း
မျိုးဝင်း(ဘ)ဦးလှခင် ၇/သဝတ(နိုင်)၁၂၂၀၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၁၈၉၃၂၀၉

### ပျောက်ဆုံးကြောင်း
ခင်သီတာထွေး(ဘ)ဦးမောင်ရီ ၁/ဗမန(နိုင်)၀၈၅၅၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၁၉၉၄၂၃၈

### ပျောက်ဆုံးကြောင်း
ကျော်သူရ(ဘ)ဦးမျိုးလွင် ၁၃/နခတ(နိုင်)၀၉၀၀၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 194214)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၂၅၁၉၄၁၅

### ပျောက်ဆုံးကြောင်း
ဝင်းထက်အောင်(ဘ)ဦးခင်စိုး ၁၄/ပသန(နိုင်)၃၁၄၇၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 852872)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၉၃၃၁၈၅၁

### ပျောက်ဆုံးကြောင်း
ခင်မို့မို့ဆွေ(ဘ)ဦးတင့်ဆွေ ၉/တကန(နိုင်)၂၂၉၁၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 072016)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၅၀၄၉၀၈၂


SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုစခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၃၊ ၀၉ ၅၅၀၃၉၃၄ – ဗိုလ်ချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတဗိုလ်


မြန်မာလင်း(န်)အင်(န်)ဒဲဗလော့(ပ်)မင့်(တ်)လီမိတက်
Myanmar Land and Development Limited
အဆင့်မြင့်နည်းပညာဖြင့် ပစ္စည်းအစစ်အမှန်သုံးကာ မြန်-ကောင်း-သက်သာ စိတ်တိုင်းကျစွာဖြင့် ဆောက်လုပ်ပေးမှာ MLDL ပါ
ဆက်သွယ်ရန်
Myanmar Land and Development Limited၊ အမှတ်(၁/၂)၊ သီရိရတနာလမ်း၊ ဒွာညီပန်းအဝိုင်းအနီး၊ဇေယျာသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၃၄၃၅၁၈၁၊ ၀၆၇ ၃၄၃၅၁၈၂၊၀၆၇ ၃၄၃၅၁၈၅၊ ၀၆၇ ၃၄၃၅၁၈၃၊ Fax - ၀၆၇ ၃၄၃၅၁၈၈၊ Email; myanmarland2005@gmail.com


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား
စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။
DOUBLE ELEPHANT PORTLAND CEMENT
RHINO PORTLAND CEMENT
BLUE DIAMOND CEMENT
PORTLAND CEMENT
50 Kg
မြင်းပျံ PORTLAND CEMENT
ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇
ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၆၇၀


သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ရွှေဖီဦး
Plus Vitamin C
FDA အမှတ် စ၄/ ၁၄၀၉၁/ထလ
Black Tea
Lemon Tea
Tea mix
SHWE PHE OO
ASEAN-OSHNET AWARD
Best Practices Award
ပင်ရင်းအရောင်း-ဖုန်း - ၀၉ ၃၀၈၆၀၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၄) သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်

နေပြည်တော် ဧပြီ ၂၇


နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၄)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိသင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၄) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။

**စာမျက်နှာ ၁၅ ကော်လံ ၁ ■**



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၄) သင်တန်းဖွင့်ပွဲကျင်းပစဉ်။

# တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်နေသူများအား ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ



တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်၊ တော်ကော့(တွင်း)၌ ဖမ်းဆီးရမိသည့် တရုတ်နိုင်ငံသားအမျိုးသား ၈ ဦးနှင့် အွန်လိုင်းလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများကိုတွေ့ရစဉ်။

နေပြည်တော် ဧပြီ ၂၇

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် **စာမျက်နှာ ၂၇ ကော်လံ ၁ ▲**

## ထူးခြားသည့်နေ့အပူချိန်များ

၂၇-၄-၂၀၂၆

| | | | | |
|---|---|---|---|---|
| မင်းဘူး | ၄၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| တောင်ငူ | ၄၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၄၀ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| တောင်တွင်းကြီး | ၄၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ဖြူး | ၄၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၄၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| အောင်လံ | ၄၀ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| ထားဝယ် | ၄၀ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |

**အမေရိကန်-အီရန် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ရပ်တန့်နေစဉ် ရေနံစိမ်းဈေးနှုန်း ၃ ရာခိုင်နှုန်းနီးပါး မြင့်တက်** စာ - ၂၃ သို့

.....................................

**မော်စကိုတွင် စံချိန်တင် နှင်းမုန်တိုင်းတိုက်ခတ် သွားလာရေးများပြတ်တောက်** စာ - ၂၃ သို့

